# ဓိုးကျော်သူ

ခြွေတားရှင်

တဝဦ (၂)



မိုးကျော်သူ

# မြွေခါးရှင်

စာစဉ်(၂)

ဝမ်စိန်ကြည် သိုင်းပညာလေ့ကျင့်နေသည်။

ဝက်ဝံနှစ်ကောင်သည် တောင်ပေါ်တွင် သစ်တောထဲတွင် လျှောက်သွားနေကြသည်။

အတန်ကြာလျှင် ဝမ်စိန်ကြည်က သိုင်းပညာ လေ့ကျင့်မှု ရပ်ကာ လူအကြီးနှင့်အတူ ရေနွေးကြမ်း ထိုင်သောက်နေလေ၏။

ထိုအချိန်တွင် 'ရှောင်ကိုင်း' သည် တရှူးရှူးဖြင့် ပြန်ပြေးလာသည်ကို တွေ့ရ၏။

ရှောင်ကိုင်းကိုကြည့်ကာ အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း ဝမ်စိန်ကြည် သိလေ၏။

တာစီကို မတွေ့ရသဖြင့် မေးကြည့်ရာ ရှောင်ကိုင်းသည် တောင်ထိပ်တစ်ဖက်စွန်းသို့ ညွှန်ရင်း တရှူးရှူး အော်နေ၏။

ဝမ်စိန်ကြည်နှင့် ဆွဲ့အကြီးတို့လည်း စိတ်ပူပြီး ပြေးသွားကြည့်ကြလေသည်။

တောင်စွန်း၏ တစ်ဖက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါး ကြီး ရှိနေသည်။

တာစီသည် တောင်စွန်းပေါ်မှ ခြေချော်ကာ ချောက်ကမ်းပါး အတွင်းသို့ ကျသွားခြင်းပြစ်သည်။

သို့သော် ကံကောင်းထောက်မသဖြင့် တောင်စွန်းတစ်ခုတွင် ကုတ်ကပ်တွယ်ဖက်ထားနိုင်ခဲ့လေသည်။

ဝမ်စိန်ကြည်သည် အောက်ဘက်သို့ ငုံ့ကြည့်လိုက်သောအခါ တာစီ ကျယ်လောင်စွာ တကျိုကျို အော်မြည်နေသည်ကို တွေ့ရသည်။

ဝမ်စိန်ကြည် ရင်ထိတ်သွားသည်။

"တာစီ မလှုပ်နဲ့၊ ငါလာကယ်မယ်"

ပြောရင်း တောင်အောက်သို့ ဆင်းရန် ကြိုးစားရာ ဆံ့အကြီး က ဟန့်တားလေသည်။

ခြေချော်လက်ချော် ကျသွားပါလျှင် အရိုးအသားပင် ရှာတွေ့တော့မည် မဟုတ်ပါချေ။

ကြိုးတစ်ချောင်းရှာပြီး ဆွဲတင်ရန် ခြေဟန် လက်ဟန်ဖြင့် ပြောသည်။

ဝမ်စိန်ကြည်လည်း မတွတ်သာဘဲ သဘောတူရလေသည်။

ထိုအချိန်တွင် မုစန်းနှင့် မူလိန်ချိန်းတို့လည်း ပြေးလွှားရောက် ရှိလာကြသည်။



တာစီလို ကယ်တင်ရန် ဝိုင်းဝန်းကြိုးပမ်းကြသည်။

နိုင်ခံ့သော ကြိုးတစ်ချောင်းကို တောင်အောက်သို့ ချပေးပြီး

"တာစီ ကြိုးဆွဲလိုက် … ကြိုးဆွဲလိုက်"

ဝမ်စိန်ကြည်က အသံကုန် အော်ပြောသည်။

တာစီသည် တောင်စွန်းကလေးပေါ်တွင်ရပ်ရင်း ကြိုးကို ဖမ်းဆွဲရှာသည်။

ကြိုးကွင်းပြုလုပ်ထား၍ တာစီကို စွပ်မိသည်နှင့် ဝိုင်းဝန်းဆွဲတင်ကြ၏။

မကြာပါချေ။

တာစီ တောင်ပေါ် ပြန်ရောက်လာသည်။

ကံကောင်းထောက်မပြီး အသက်ရှင်ခဲ့ခြင်းပင်။

သို့သော် သူ၏ လက်တစ်ဖက်တွင် သွေးခြင်းခြင်း နီရဲနေသည်။

ဝမ်စိန်ကြည်က လက်မှဒဏ်ရာကို ဆေးထည့်ပေးရန် ကြည့်လိုက်ရာ ထူးဆန်းမှုတစ်ခုကို တွေ့ရလေသည်။

ထို့ကြောင့်

"ဆရာ … ဆရာ မြန်မြန်ကြည့်စမ်းပါ"

မုစန်းက ဦးအောင်ရောက်လာပြီး တာစီ၏ လက်ကိုကြည့်လေသည်။

တာစီ၏ လက်ဖဝါးတွင် ထိနိုက်ဒဏ်ရာရခဲ့သည်မှာ တောင်အောက်သို့ ပြုတ်ကျခြင်းကြောင့်ဟုသာ ထင်မိကြသည်။

ယခုတော့ မဟုတ်ပါ။

မုစန်းက သေသေချာချာကြည့်လျှင် လက်နက်ပုန်းကလေး နှစ်ခု စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ရသည်။

မုစန်းကမူ မူလိန်ချိန်းဘက်သို့ လှည့်ပြီး ...

“ဒီပတ်ဝန်းကျင်ကို တစ်စုံတစ်ယောက်တော့ ရောက်လာပြီဗျို့၊ ဝက်ဝံလက်ဝါးမှာ လက်နက်ပုန်း နှစ်ခု တွေ့ရတယ်”

ထိုစကားကြားလျှင် မူလိန်ချိန်း၏ မျက်လုံးများ အရောင်တဖျပ်ဖျပ် ဝင်းလက်သွားသည်။

စိတ်ဝင်စားသော လေသံဖြင့် ...

“ခင်ဗျားက လက်နက်ပုန်း ပါရဂူပဲ၊ ဘယ်လိုအမျိုးအစားလဲ၊ ဘယ်ဂိုဏ်းက အသုံးပြုတဲ့ ပစ္စည်းလဲဆိုတာ ပြောစမ်းပါဦးလေ”

မုစန်းသည် လက်နက်ပုန်းတစ်ခုကို တွေ့သည်နှင့် မည်သည့်ဂိုဏ်းက အသုံးပြုသည့် ပစ္စည်းဖြစ်ကြောင်း အတပ်ပြောနိုင်စွမ်း ရှိပေသည်။

လက်နက်ပုန်းသည် အနက်ရောင်ဖြစ်ပြီး ချိတ်ပါသဖြင့် ရုတ်တရက် ထုတ်ယူ၍ မရပါချေ။

ဝမ်စိန်ကြည်က ဓားပါးကလေးဖြင့် ခွဲထုတ်မှ လက်နက်ပုန်း နှစ်ခု ထွက်လာသည်။



တာစီနှင့် ရှောင်ကိုင်းတို့အား သူတို့အတွက် ပြုလုပ်ပေးထားသော လှောင်အိမ်ကလေးအတွင်းသို့ ထည့်ကာ ပိတ်ထားလိုက်သည်။

တာစီ၏ လက်မှဒဏ်ရာကို ဆေးထည့်ပြီးဖြစ်၍ စိုးရိမ်စရာ မရှိတော့ချေ။

မုစန်းက လက်နက်ပုန်းများကို သေသေချာချာ ကြည့်သည်။

လက်နက်ပုန်းများမှာ မြွေသေးသေးလေးများနှင့် တူသည်။

တွန့်လိမ်ကောက်ကွေးနေသည်။

အမြီးပိုင်း ရှူးသွားပြီး ဦးခေါင်းတွင် မြွေလျှာနှစ်ခွလိုလို ချိတ်ကလေး နှစ်ချောင်းရှိသည်။

ထို့ကြောင့်လည်း ထိမှန်သောအခါ ချိတ်ကလေးများက နောက် ပြန်ကုတ်ဆွဲထားခြင်းဖြင့် အလွယ်တကူ ဆွဲထုတ်၍ မရတော့ချေ။

အရှည် ၂.၈ လက်မခန့်ရှိပြီး ဦးခေါင်းပိုင်းမှ ချိတ်နှစ်ချောင်း၊ ဦးချွန်တစ်ခု၊ စုစုပေါင်း သုံးခု၊ သုံးခွသဏ္ဍာန်ရှိကာ ထူးခြားလှသည်။

ဤကဲ့သို့သော လက်နက်ပုန်းကို မည်သို့သော လူစားမျိုးက အသုံးပြုသည်ကို မုစန်း မစဉ်းစားတတ်သဖြင့် ငိုင်ကျသွားလေသည်။

မူလိန်ချိန်းလည်း လက်နက်ပုန်းကလေးများကို မြင်လျှင် လွန်စွာ စိတ်ဝင်စားသွားသည်။

"ကြည့်ရတာ မြွေကလေးတွေနဲ့ အရောင်က အနက်ရောင် မဖြစ်နိုင်ဘူး၊ ရေညှိတက်တာ ချေးတက်နေတာဖြစ်ရမယ်၊ တစ်ခုခုနဲ့ ခြစ်ကြည့်လိုက်စမ်းပါဗျာ"

ဟု အကြံပေးလေသည်။

မုစန်းက ပိုက်ဆံကြေးပြားတစ်ပြားဖြင့် မူလိန်ချိန်း ပြောသလို ခြစ်ကြည့်လိုက်၏။

ထိုအခါ အနက်ရောင်များ ကွာကျသွားသည်။

အနက်ရောင်ပျောက်လျှင် ရွှေရောင် တဖိတ်ဖိတ် တောက်ပလာလေတော့သည်။

"ရွှေ မြွေ"

မူလိန်ချိန်း လွှတ်ခနဲအော်လိုက်သည်။

မုစန်းရသေ့၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"ဟုတ်တယ် ... ရွှေမြွေပဲ"

သူတို့ နှစ်ယောက်စလုံး မျက်နှာပျက်နေကြသည်။

မုစန်း သက်ပြင်းချရင်း ...

"ရွှေမြွေ သူသေသွားပြီလို့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက သိုင်းလောကမှာ သတင်းထွက်ခဲ့တာပဲ၊ သူ့လက်နက်ပုန်းက ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်လာရတာလဲ"



မူလိန်ချိန်း အနည်းငယ် စဉ်းစားပြီး ...

"သူမသေခင် ဒီနေရာကို ရောက်လာတာဖြစ်မှာပေါ့၊ တာစီကို လက်နက်ပုန်းနဲ့ပစ်တာ မဖြစ်နိုင်ဘူး၊ မြေပေါ်ကျတဲ့ လက်နက်ပုန်းကို တာစီက ဖိမိလို့ စူးသွားတာပဲ ဖြစ်ရမယ်၊ လက်နက်ပုန်းဟာ မသုံးတာကြာလို့ ရေညှိတောင် တက်နေပြီ မဟုတ်လား"

"ဟုတ်တယ် ... တောင်အောက်မှ လက်နက်ပုန်းတွေ ကျန်ဦးမလား မပြောတတ်ဘူး"

ဝမ်စိန်ကြည်က ကြားဖြတ်ပြောလိုက်လေသည်။

"တာစီဟာ တောင်အောက်ကို မကျသေးဘူး၊ တောင်လယ်မှာ ထိုးထွက်နေတဲ့ တောင်စွန်းတစ်ခုပေါ်မှာ တင်နေတာ"

"အေး ... အဲ့ဒီ နေရာကို ပြောတာပဲပေါ့၊ အဲ့ဒီမှာ ထူးခြားချက်တစ်ခု ရှိရမယ်"

မုစန်းနှင့် မူလိန်ချိန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

မူလိန်ချိန်း သက်ပြင်းချကာ ...

"ဒီနေ့တော့ အချိန်မရှိဘူး၊ မနက်ဖြန်မှ ဆင်းကြည့်ကြတာပေါ့"

မုစန်း သဘောတူသည်။

သူတို့အားလုံး ကျောက်တုံးအိမ် ကလေးများဆီသို့ ပြန်သွားကြလေတော့သည်။

❀ ❀ ❀

ညဘက်သို့ရောက်သောအခါ မုစန်းနှင့် မူလိန်ချိန်းတို့သည် ညစာ စားသောက်ရင်း စကားမပြည် ပြောဆိုကြသောအခါ ဝမ်စိန်ကြည် နားမလည်နိုင်သော အဆက်အစပ်မရှိသော စကားများသာ ဖြစ်နေသည်။

"တောင်စွန်းမှာ ထိုးထွက်နေတဲ့နေရာမှာ လိုဏ်ဂူရှိလိမ့်မယ်"

"ဖြစ်နိုင်တယ်၊ ရွှေမြေ့ ဒီကိုရောက်လာတာ သေချာပြီ"

"သူ့ရဲ့ ရန်သူကို လက်တုံ့ပြန်တဲ့ကိစ္စက ဘယ်လိုလဲ"

"အောင်မြင်သင့်သလောက် အောင်မြင်တယ်လို့ ကြားတာပဲ"

"လုံးလုံးလျားလျား မအောင်မြင်ဘူးထင်တယ်"

"ဒါကြောင့် သူထွက်ပြေးရတာပေါ့"

"သူ့ပညာနဲ့ ဒီဘက်ရောင်အောင် လာစရာမလိုပါဘူး"

"အေး ... ဟုတ်တယ်၊ သူဘာကြောင့် ပုန်းနေရတာလဲ"

"သူသေတယ် မသေဘူးဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးဘူး၊ ဒီလူဟာ အင်မတန် လျှို့ဝှက်တယ်၊ ဘယ်သွားတယ်၊ ဘယ်လာတယ်၊ ဘယ်သူ့မှ မသိကြဘူး မဟုတ်လား"



"ဟုတ်တယ် ... သူ့နာမည်ကြားဖူးသူသာ များတယ်၊ သူ့ကို မြင်ဖူးသူတော့ ရှားတယ်ဗျ"

"သူက လူကောင်းလား၊ လူဆိုးလား"

"လူတိုင်း ဒီအဖြေကို သိချင်ကြတာပဲ၊ ဒါပေမယ့် ဒီအဖြေကို ဘယ်သူမှ မသိခဲ့ရဘူး မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် ကျုပ်တော့ တောင်အောက် ဆင်းကြည့်ချင်တယ်"

မူလိန်ချိန်းက ခေါင်းညိတ်လိုက်သည်။

"မနက်ဖြန်မှ သွားတာပေါ့ဗျာ"

သူတို့နှစ်ယောက် စကားစဖြတ်လိုက်သလို စားသောက်ခြင်းကိုလည်း လက်စသတ်လိုက်ကြသည်။

ပြီးလျှင် လူစုခွဲကာ အိပ်ရာဝင်ကြသည်။

ဝမ်စိန်ကြည် အိပ်မပျော်တော့ပါ။

ရွှေမြေ့ဆိုသူ၏အကြောင်းကို သိချင်လာ၏။

ဟိုတွေး သည်တွေးနှင့် ညဉ့်နက်မှ အိပ်ပျော်သွားသည်။

သူအိပ်ရာမှ နိုးလာချိန်တွင် နေအတော်မြင့်နေပြီဖြစ်ရာ ချက်ချင်း အပြင်ဘက် ပြေးထွက်လာခဲ့သည်။

လူသံသူသံ တိတ်ဆိတ်နေ၍ ဆွံ့အကြီး၊ မူလိန်ချိန်းနှင့် မုစန်း

တို့ ရွှေမြွေလက်နက်ပုန်းတွေ့ခဲ့သော တောင်စွန်းဆီသို့ ထွက်သွားကြကြောင်း တွေးမိလျှင် အူလျားဖားလျား ပြေးလိုက်သွားမိလေတော့သည်။

❁ ❁ ❁

## ရွှေမြွေသိုင်းသမား

နံနက်စောစောကတည်းက မုစန်းရသေ့သည် ကြိုးတစ်ချောင်းဖြင့် တောင်အောက်သို့ လျောဆင်းခဲ့သည်။

တောင်ပေါ်တွင် ဆွံ့အကြီးက ကြိုးစတစ်ဖက်ကို ခန္ဓာကိုယ်တွင် ရစ်သိုင်းကာ ဖြည်းဖြည်းချင်း ကြိုးလျော့ချပေးလိုက်သည်။

မူလိန်ချိန်းက အရေးအကြောင်းကြုံလျှင် ကူညီနိုင်ရန် နံဘေး၌ အသင့်ရပ်စောင့်နေလေသည်။

မုစန်းရသေ့က လက်ပြလိုက်လျှင် မူလိန်ချိန်းက ကြိုးလျော့ချရန် ဆွံ့အကြီးကို အချက်ပြလိုက်၏။

ဆွံ့အကြီးက ကြိုးလျော့ပေး၍ မုစန်းရသေ့ အောက်သို့ လျောကျသွားသည်။

ဤအတိုင်း တဖြည်းဖြည်းဆင်းလာရာ တောင်စွန်းအနီးသို့ပင် ရောက်လာသည်။

တောင်အောက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီးက ဆီးကြိုနေ၏။

အောက်မှ လေတဟူးဟူး အပေါ်သို့ပင့်ကာ တိုက်ခိုက်နေသည်။

အောက်သို့ရောက်လာလေလေ ချမ်းလာလေလေပင်။ တောင်အောက်တွင် မြူများ အုံ့ဆိုင်းနေသည်။

ချောက်ကမ်းပါးအောက်ခြေကား မတွေ့မြင်နိုင်ချေ။

ကျောက်စွန်းသည် တောင်နံရံမှ ငေါငေါကြီး ထွက်နေခြင်းဖြစ်သည်။

ကျောက်စွန်းပေါ်သို့ တည့်တည့်မတ်မတ် ကျနိုင်ရန် မုစန်းရသေ့ တော်တော်ကလေး ကြိုးစား၍ ခြေချရ၏။

ကျောက်စွန်းမှ အကဲခတ်ကြည့်လျှင် တောင်နံရံတွင် လိုဏ်ဂူပေါက်တစ်ခု ရှိနေသည်ကို တွေ့မြင်ရ၏။

မုစန်းရသေ့၏ ရင်ထဲ၌ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လာသည်။

လိုဏ်ဂူဝ၌ မြူခိုးများက ပိတ်မှောင်နေသဖြင့် အတွင်းဘက်သို့ ကောင်းစွာ မတွေ့မြင်ရချေ။

အတွင်းဘက်၌ မှောင်နှင့်မည်းမည်း ရှိနေမည်ဖြစ်ရာ မဝင်ရဲချေ။



ကြိုးကို တစ်ချက်လှုပ်ခါလိုက်၏။

ကျောက်စွန်းအပေါ်၌ ရပ်နိုင်ပြီဖြစ်ကြောင်း လိုဏ်ဂူဝကို တွေ့နေရပြီဖြစ်ကြောင်း အချက်ပြလိုက်သည်။

ကြိုးစလှုပ်ခါလိုက်သည်နှင့် မုစန်းရသေ့၏ အခြေအနေကို တောင်ပေါ်မှ စောင့်ကြည့်နေသော ဆွံ့အကြီးနှင့် မုလိန်ချိန်းတို့ နားလည်လိုက်သည်။

သူတို့ရပ်နေသော နေရာမှကြည့်လျှင် မုစန်းရသေ့အား သေးသေးကလေး မြင်နေရသည်။

မုစန်းရသေ့သည် လိုဏ်ဂူထဲ မဝင်ရဲပါ။

တာစီ၏အဖြစ်ကို သတိရလိုက်သဖြင့် လက်တွင် အဝတ်ပတ်ပြီး ဟိုဟိုသည်သည် လက်ဖြင့် စမ်းကြည့်၏။

ထိုအခါ ချွန်ထက်သော လက်နက်ပုန်း ၁၄–၅ခုခန့် တောင်၌ စိုက်ဝင်နေသည်ကို တွေ့လိုက်ရ၏။

သူ အားလုံးကို သိမ်းကျုံးယူပြီး အန္တရာယ်ကင်းနိုင်ပြီဖြစ်ကြောင်း သိလိုက်ရမှ လိုဏ်ဂူအတွင်းသို့ ဝင်လိုက်သည်။

ခြေလှမ်း သုံးလေးလှမ်းမျှ ဝင်လိုက်ရသောအခါ သူ ရှေ့ဆက်မဝင်နိုင်ပါချေ။

အကြောင်းမှာ လိုဏ်ဂူအတွင်းဘက်၌ အလွန်ကျဉ်းမြောင်းပြီး ဝမ်းလျားထိုးသွားရမည်ဖြစ်ကြောင်း သိလိုက်ရ၏။

ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့သည်ကို မုစန်းရသေ့ သဘောပေါက်သဖြင့် နောက်ပြန်လှည့်ထွက်ကာ ကြိုးစကို လှုပ်ပြီး အပေါ်သို့ ဆွဲတင်ခိုင်းလိုက်၏။

အပေါ်မှ ဆွံ့အကြီးနှင့် မူလိန်ချိန်းတို့က ဆွဲတင်လိုက်ရာ မုစန်းရသေ့ အပေါ်သို့ ရောက်သွားသည်။

အပေါ်ရောက်သွားသည်နှင့် အားရဝမ်းသာစွာဖြင့် ...

"ဟော့ ... တို့တစ်တွေတော့ သူဌေးဖြစ်ပြီကွ"

ဟုပြောလိုက်ရာ မူလိန်ချိန်းက ကြောင့်အမ်းအမ်း ဖြစ်နေလေသည်။

"မင်း ဘာပြောတာလဲ"

"ဟောဒီမှာလေ ရွှေမြွေကလေးတွေ၊ ဒီရွှေမြွေကလေးတွေ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ မင်းသိပါတယ်ကွာ"

မုစန်းရသေ့က ရရှိသော လက်နက်ပုန်းများကို ထုတ်ပြသော်လည်း မူလိန်ချိန်းက ဝမ်းသာခြင်းမရှိပါ။

သူ အတန်ကြာ တွေဝေစဉ်းစားပြီးမှ ...

"ငါ တစ်ခေါက်လောက် သွားကြည့်မယ်"

"မင်းသွားကြည့်လို့လည်း မထူးဘူး၊ အထဲကို ဝင်လို့မရဘူး"

မုစန်းရသေ့သည် လိုဏ်ဂူအတွင်း၌ အလွန်ကျဉ်းမြောင်းနေကြောင်း ပြောပြလိုက်၏။



ထိုအချိန်တွင် ဝမ်စိန်ကြည်သည် သူတို့အနီးသို့ ရောက်ရှိလာသဖြင့် ထိုအကြောင်းအရာများကို သိရှိသွားသည်။

ထိုအခါ လက်နှစ်ဖက်ဆုပ်၍ ဦးညွတ်ရင်း ခွင့်ပန်လိုက်၏။

"ဆရာ ... ကျွန်တော့် ကိုယ်ခန္ဓာသေးသေးဆို ဝင်လို့ရမှာပါ၊ အထဲမှာ ဘာရှိသလဲဆိုတာ သွားကြည့်ပေးပါ့မယ်"

မုစန်းရသေ့ မျက်လုံးပြူးသွားသည်။

"ဟော ... မဖြစ်ဘူးထင်တယ်၊ တောင်အောက်ကို ပေ ၂၀၀ လောက် ဆင်းရမှာ၊ နောက်ပြီး လိုဏ်ဂူထဲမှာ အလွန်အန္တရာယ်များတယ်"

ဝမ်စိန်ကြည်က ...

"ကျွန်တော့်ကို စိတ်ချပါ၊ အန္တရာယ်ကို ကျွန်တော် ရင်ဆိုင်နိုင်မယ်လို့ ယုံကြည်ပါတယ် ဆရာ"

မုစန်းရသေ့ကမူ မူလိန်ချိန်းကို တစ်ချက်ကြည့်လိုက်၏။

မူလိန်ချိန်းက ဝမ်စိန်ကြည်အား အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ ...

"ရွှေမြွေဆိုတဲ့ လူက အတော့်ကို ထူးဆန်းတဲ့ လူတစ်ယောက်ဖြစ်တယ်၊ သူ လိုဏ်ခေါင်းထဲမှာ ရှိနေရင်တော့ မင်းအတွက် ဒုက္ခရောက်နိုင်တယ်"

မူလိန်ချိန်းက ခေါင်းတစ်ချက်ယမ်းပြီး စကားဆက်လိုက်သည်။

"ဒါကြောင့် ငါ စိတ်မချဘူး၊ ဒါပေမယ့် သွားမကြည့်ပြန်ရင်လည်း အထဲကအခြေအနေ မသိနိုင်တော့ မင်း သဘောပဲ၊ သွားကြည့်ရင်ကြည့်၊ မကြည့်ချင်နေ၊ ငါကတော့ မခိုင်းဘူး၊ မင်းစိတ်နဲ့ မင်းကြည့်ချင်ရင်တော့ သွားပေါ့ကွာ"

ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

သူသည် မုစန်းရသေ့နှင့် မူလိန်ချိန်းတို့မှာ လိုဏ်ဂူအတွင်း၌ မည်သည့်အရာရှိသည်ကို သိလိုစိတ်ပြင်းပြနေကြောင်း သူနားလည်ထားပါသည်။

ထို့ကြောင့် စွန့်စားရန် အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ကျွန်တော် သွားကြည့်ချင်ပါတယ် ဆရာ"

"ကောင်းပြီ ... မင်းသွားချင်ရင် သွား၊ ငါမတားဘူး၊ ဒါပေမယ့် ဓားတစ်ချောင်းနဲ့ မီးတုတ်တစ်ချောင်းကိုတော့ ယူသွား၊ လိုဏ်ဂူထဲရောက်လို့ မီးငြိမ်းသွားရင် ပြန်လာခဲ့"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဆရာ"



ဝမ်စိန်ကြည်သည် မီးခတ်ကျောက်နှင့် မီးတုတ်ကို ကိုင်ထားသည်။

ဓားကို ကျော၌ပိုး၍ မုစန်းရသေ့နည်းတူ ဆွဲ့အကြိုး လျှော့ချပေးနည်းဖြင့် အောက်သို့ဆင်းသွားသည်။

သူ၏ခန္ဓာကိုယ်သည် အရွယ်နှင့်မလိုက်အောင် ထွားကျိုင်းသော်လည်း မုစန်းရသေ့နှင့် ယှဉ်လျှင်တော့ ငယ်ရွယ်သည်။

ဆွဲ့အကြိုးသည် ဝမ်စိန်ကြည်၏ ခန္ဓာကိုယ်မှာ ပေါ့ပါးသဖြင့် တောင်အောက်သို့ လျှင်မြန်စွာ ချပေးနိုင်ခဲ့လေသည်။

တောင်စွန်းတွင် ခြေချလိုက်နိုင်သည်နှင့် လိုဏ်ဂူထဲသို့ လှမ်းဝင်လိုက်သည်။

လိုဏ်ဂူဝတွင် မှောင်မည်းနေသဖြင့် မီးခတ်ကျောက်အား မီးခတ်ပြီး မီးတုတ်ထွန်းညှိလိုက်သည်။

မီးရောင်ကြောင့် လိုဏ်ဂူအတွင်းဝသို့ မြင်တွေ့လိုက်ရလေသည်။

ပေတစ်ရာခန့် ဝင်သွားသော်လည်း မီးငြိမ်းသွားခြင်း မရှိချေ။

သူ၏ ခန္ဓာတစ်ကိုယ်စာဝင်ရုံမျှ လိုဏ်ဂူဝ ကျဉ်းမြောင်းသောကြောင့် ခက်ခက်ခဲခဲ ကြိုးစားဝင်ရသည်

အတွင်းပိုင်းသို့ ရောက်လေလေ ကျဉ်းမြောင်းလေလေဖြစ်သည်။

ထို့ကြောင့် ကျောပိုးထားသော ဓားဖြင့် လိုဏ်ဂူပေါက်အား ချဲ့ထွင်ရလေသည်။

လိုဏ်ဂူအပေါက်မှာ ယခင်က ကျယ်ဝန်းရမည်ဟု ခန့်မှန်းမိသည်။

တစ်စုံတစ်ယောက်က ယခုလို ကျဉ်းမြောင်းစေရန် အတွင်းဘက်မှ ပိတ်ဆို့ခဲ့ခြင်းဖြစ်ကြောင်း မှတ်ချက်ချလိုက်မိသည်။

အတွင်းဘက်သို့ ချဲ့တွင်ဝင်ရောက်လာသောအခါ အေးစိမ့်လာသည်။

သူ့အတိုင်း မှစန်းရသော့ ဝင်လာလျှင် ဝမ်းလျားထိုး သို့မဟုတ် ဒူးထောက်ဝင်ရမည်သာ ဖြစ်သည်။

လိုဏ်ဂူဝကို ကြိုးပမ်း၍ ချဲ့ထွင်နေသောကြောင့် သူ၏ ခန္ဓာကိုယ်ပေါ်တွင် ချွေးများစို့ရွှဲလာသည်။

အတန်ကြာသွားပြီးလျှင် ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လိုက်ရသည်။

ဝင်ပေါက်ကျဉ်းလွန်း၍ မြေကို ဓားဖြင့် တူးဆွချဲ့ထွင်လိုက်ရာ ...

"ဝုန်း ..."

ရွှံ့တုံးများ အဖတ်လိုက် အဖတ်လိုက် ဝုန်းခနဲ ပြိုကျလာသည်။



အချို့သည် ဝမ်စိန်ကြည်၏ကိုယ်ပေါ်သို့ ထိမှန်ကျရောက်လာသည်။

သူ၏ခန္ဓာကိုယ်သည် ရွှံ့မြေများဖြင့် ဒူးဆစ်ကျော် မြှုပ်ဝင်သွား၍ ကြိုးစားရုန်းထွက်လာရသည်။

ဝင်ပေါက်မှာ ကျဉ်းကျဉ်းလေးမဟုတ်တော့ဘဲ အလွန်ကျယ်ဝန်းသော လိုဏ်ဂူပေါက်ကြီးတစ်ခု ဖြစ်လာလေသည်။

အကြောင်းမှာ ရွှံ့များကွာကျသွားသောကြောင့် ဖြစ်သည်။

ဝမ်စိန်ကြည်သည် ပါးစပ်အဟောင်းလောင်းဖြင့် မီးတုတ်ကို ရှေ့သို့ ဝှေ့ယမ်းကာ လျှောက်ဝင်သွားလေသည်။

ခြေလှမ်းသုံးလေးလှမ်းမျှ လှမ်းလိုက်သောအခါ သူ၏ခြေလှမ်းမှာ တုံ့ခနဲ ရပ်တန့်သွားလေသည်။

ဝမ်စိန်ကြည် မျက်လုံးပြူးကျယ်ထွက်သွားသည်။

အလွန်ကြီးကျယ်ခန်းနားသော စံအိမ်တစ်ခု၏ ဧည့်ခန်းအတွင်းသို့ ရောက်နေသည့်အလား ထင်ယောင်ထင်မှား ဖြစ်သွားသည်။

သူ၏အရှေ့ဘက်တွင် ကျယ်ဝန်းသော ကျောက်ခန်းများရှိသည်။

ကျောက်နံရံများပေါ်တွင် ကခုန်လှုပ်ရှားနေသော လူပုံများ ရာထောင်ချီ ရေးဆွဲထားလေသည်။

အရှေ့ဘက်နေရာ တစ်နေရာတွင် မှို၍ရပ်နေသော အရိုးစုတစ်စုကို တွေ့ရသည်။

အရိုးစု၏ နံဘေးတွင် မြွေတစ်ကောင် တွန့်လိမ်နေသော သဏ္ဌာန်ရှိသော ဓားတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။

ဝမ်စိန်ကြည်သည် အံ့ဩသောစိတ်ဖြင့် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ရှုလိုက်ရာ စာအချို့ ရေးထားသည်ကို တွေ့လိုက်ရသဖြင့် အသံထွက်ဖတ်လိုက်လေသည်။

"လိုဏ်ဂူထဲ ရောက်လာသူသည် အင်မတန် ကံကောင်းသူတစ်ယောက်ဖြစ်သည်။ ကျွန်ုပ်အမွေ ဆက်ခံရမည့် တပည့်တစ်ယောက်လည်း ဖြစ်ပေမည်"

ဝမ်စိန်ကြည်သည် အရိုးစုကို တစ်ချက် လှမ်းကြည့်လိုက်၏။

ထိုစဉ် သူ၏ခါး၌ ချည်နှောင်ထားသော ကြိုးသည် တင်း၍ ဆွဲနေသည်ကို တွေ့လိုက်ရသဖြင့် အပေါ်တွင်ရှိသော လူများမှာ အချိန်ကြာကြာ စောင့်နေရသဖြင့် စိတ်ပူနေကြပြီဖြစ်ကြောင်း သိရှိလိုက်သည်။

ထို့ကြောင့် သူသည် လျင်မြန်စွာ ပြန်ထွက်လာခဲ့၏။

သူသည် ကျောက်စွန်းပေါ်၌ ရပ်လိုက်ပြီး ကြိုးစကို ဆွဲလှုပ်ယမ်းကာ ဆွဲတင်ရန် အချက်ပြလိုက်သည်။

မကြာပါချေ။



အပေါ်မှ ဆွဲတင်မှုကြောင့် သူ၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း မြင့်တက်ကာ နောက်ဆုံး တောင်ပေါ်သို့ ရောက်ရှိလာလေတော့၏။

❁ ❁ ❁

တောင်ပေါ်သို့ ရောက်သောအခါ လိုဏ်ဂူထဲ၌ အံ့ဩစွာ တွေ့မြင်ခဲ့ရကြောင်းကို ပြန်ပြောပြလိုက်တော့၏။

သူ၏ စကားဆုံးသွားသည်နှင့် မုစန်းရသေ့နှင့် မူလိန်ချိန်းတို့၏ မျက်နှာပေါ်၌ အံ့ဩသော အရိပ်အယောင်များ ပေါ်လွင်လာ၏။

"အင်း ... သူ့အမွေဆက်ခံရင် သူ့တပည့်ဖြစ်ရမယ်ဆိုတာ ထူးခြားချက်ပဲ၊ ဒီလူဟာ အင်မတန် ထူးဆန်းတဲ့ လူတစ်ယောက်ပဲ၊ စကန္တ လိုဏ်ဂူထဲမှာ ပညာအမွေ ဝှက်ထားခဲ့ပြီနဲ့တူတယ်"

မုစန်းရသေ့ကလည်း ...

"သူသေသွားပြီဆိုတာ အခုမှပဲ တိတိကျကျ သိရတယ်၊ သူ့ရဲ့ သိုင်းပညာ အင်မတန်ကြောက်ဖို့ကောင်းတယ်"

မုစန်းရသေ့က မျက်နှာတည်ကြည်လိုက်ပြီး စကားဆက်လိုက်သည်။

"ဒါပေမယ့် သူ့အမွေဆက်ခံရင် ရန်ကြွေးရှိတယ်၊ အကောင်းဆုံးက သူ့အရိုးကို မြေမြှုပ်ပြီး ထာဝရငြိမ်းချမ်းစွာ နေစေဖို့ပဲ"

မူလိန်ချိန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် … ပြီးတာတွေလည်း ပြီးပါစေတော့လေ"

သူပြောပြီး ဝမ်စိန်ကြည်ဘက်လှည့်ကာ …

"ငါ့တပည့် ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ နောက်နေ့ကျမှ တောင်အောက်ကို တစ်ခေါက် ထပ်ဆင်းပြီး သူ့ရဲ့အရိုးကို မြေမြှုပ်ပေးလိုက်ပါ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်ပြီး …

"ဟုတ်ကဲ့ … မနက်ဖြန် တစ်ခေါက်ဆင်းပြီး သူ့အရိုးကို မြေမြှုပ်ပေးပါ့မယ်"

သူတို့သည် ပြောပြီးသည်နှင့် သူတို့နေထိုင်သော ကျောက်အိမ်ကလေးသို့ လျှောက်သွားကြလေတော့သည်။

အစားအစာများ စားသောက်ပြီးနောက် တစ်ညတာ အိပ်စက်အနားယူရန် ပြင်ဆင်လေ၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် လူအကြီးကို ခေါ်ကာ တောင်အောက်သို့ ဆင်းရန် ထွက်လာခဲ့၏။

ဝမ်စိန်ကြည်သည် တောင်အောက်သို့ ဖြည်းဖြည်းချင်း ဆင်းနေသည်။

မုစန်းရသေ့နှင့် မူလိန်ချိန်းတို့မှာ လိုဏ်ဂူထဲတွင် အန္တရာယ်မရှိသည့်အတွက် ကျောက်အိမ်ကလေးတွင်နေရင်း ကျန်ရစ်ခဲ့လေ၏။



ဝမ်စိန်ကြည် လိုဏ်ဂူထဲသို့ လှမ်းဝင်လိုက်၏။

နံရံကိုမှီ၍ရှိနေသော အရိုးစုမှာ နဂိုအတိုင်းရှိနေဆဲ။

ဝမ်စိန်ကြည်က ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

မနေ့ကအတိုင်း ဘာမှ ပြောင်းလဲမှုမရှိကြောင်း တွေ့လိုက်ရသည်။

သူသည် အရိုးစုအား သေသေချာချာကြည့်ပြီး ဒူးထောက်ကာ ဂါရဝပြုလိုက်သည်။

အရိုးစုမှာ တစ်ချိန်က သိုင်းလောကမှာ လျှမ်းလျှမ်းတောက်နာမည်ကြီးခဲ့သောကြောင့် လေးစားသောအနေဖြင့် ပြောလိုက်သည်။

"ဦးကို အမှတ်တမဲ့ တွေ့ဆုံခဲ့ရတဲ့အတွက် ကျွန်တော် မြေမြှုပ်ပေးပါ့မယ်၊ ဦးကို ဂါရဝပြုတဲ့သဘောပါ၊ ထာဝရ အေးအေးဆေးဆေး အနားယူပါတော့"

သူသည် ပြောပြီး လိုဏ်ဂူအတွင်း၌ မြေမြှုပ်ရန် နေရာရှာရသည်။

လိုဏ်ဂူအတွင်း၌ မြေညီညာချောမွတ်ခြင်း မရှိသည်ကို တွေ့လိုက်ရ၏။

အတန်ကြာ ကြည့်လိုက်သောအခါ အဖုအထစ်များကြားမှ

ညီညာသော မြေပြန့်တစ်ခုမှာ ချိုင့်ဝှမ်းကလေးပမာ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုနေရာသည် မြေမြှုပ်ရန် အသင့်တော်ဆုံးနေရာ ဖြစ်ရမည်ဟု တွေးမိလိုက်သည်။

ထို့နောက် အသင့်ပါလာသော ဓားဖြင့် ကျင်းတူးရာ အတန်ကြာ တူးမိသောအခါ ...

"ထန် ..."

မြည်သံတစ်ချက် ထွက်ပေါ်လာပြီး အောက်ဘက်တွင် မာကျောသော အရာဝတ္ထု ခံနေသဖြင့် ဆက်တူး၍ မရတော့ပါချေ။

မြေကြီးများကို လက်ဖြင့်ယက်ကြည့်သောအခါ သံပြားဘစ်ချပ် ခံနေသည်ကို တွေ့မြင်လိုက်ရ၏။

ဆက်လက်ဖယ်ရှားလိုက်ရာ သံသေတ္တာတစ်လုံး ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

ဝမ်စိန်ကြည်မှာ လွန်စွာ စိတ်ဝင်စားသွားသဖြင့် သေတ္တာပေါ်မှ မြေကြီးကို ဖယ်ရှားကာ သေတ္တာကို ဆွဲထုတ်လိုက်သည်။

သေတ္တာမှာ နှစ်ပေနီးပါးခန့် ရှည်ပြီး တစ်ပေခန့် မြင့်မားသည်။

အပြင်သို့ မယူ၍ ထုတ်လိုက်သောအခါ လွယ်လွယ်ကူကူပင် ထွက်လာသည်။



လေးပုံမပေါ်ချေ။

အထဲတွင် ပစ္စည်းများများပါမည်ဟု မထင်မိချေ။

သေတ္တာသည် သော့ခတ်ထားခြင်းမရှိပါ။

သံချေးများတက်နေသဖြင့် တစ်ခဏကြာ ကြိုးစားဖွင့်လိုက်သောအခါ ပွင့်သွားသည်။

သေတ္တာပွင့်သွားသောအခါ ဝမ်စိန်ကြည် အံ့ဩသွား၏။

သေတ္တာသည် တစ်ပေခန့်မြင့်သော်လည်း အတွင်းဘက်၌ တိမ်တိမ်ကလေး ဖြစ်သည်။

အနက် တစ်လက်မခန့်သာရှိသည်။

သေတ္တာထဲတွင် ပစ္စည်းလုံးဝမရှိဘဲ စာတစ်စောင်ကို တွေ့မြင်လိုက်ရသည်။

စာအိတ်ပေါ်တွင် စာရေးသားထားသည်ကို တွေ့ရသဖြင့် ဖတ်လိုက်၏။

"ဤသေတ္တာရသူသည် စာကို ဖောက်ဖတ်ကြည့်နိုင်သည်"

ဟု ရေးသားထားသည်။

ဝမ်စိန်ကြည်က ပြုံး၍ ...

"သေတ္တာရလို့ စာတွေ့မှတော့ ဖောက်ဖတ်ကြည့်ရမှာပေါ့လေ"

ဟု တွေးကာ စာကို ဖောက်ဖတ်လိုက်သည်။

စာအိတ်ထဲ၌ စာတိုကလေးတစ်စောင် ရှိသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်ရာ စာရွက်ဝါကျင့်ကျင့်အရောင်ဖြစ်နေသည်။

ဆွေးမြည့်နေ၏။

ခပ်ကြမ်းကြမ်း ကိုင်ဖတ်လျှင် စာရွက်ကြေမွသွားမည်ဖြစ်၏။

စာရေးသားထားသည်မှာ ...

"ဒီသေတ္တာတွေ့တဲ့နေရာ၌ နောက်ထပ် သုံးပေခန့် ဆက်တူးပြီး ကျုပ်အရိုးကို မြေမြှုပ်ပေးပါ"

ဝမ်စိန်ကြည် ဆက်လက်ဖတ်လိုက်၏။

"သေတ္တာသည် နှစ်ထပ်ပြုလုပ်ထားသည်။ အပေါ်မှ သံပြားလေးတို့ ခွာလိုက်ပါ၊ အထဲတွင် သိုင်းကျမ်းနှင့် ရတနာမြေပုံရှိသည်။ ကျုပ်အရိုးစုအား မြေမြှုပ်ရန် မမေ့ပါနှင့်"

ဟူ၍ ဖြစ်လေသည်။

သိုင်းကျမ်းနှင့် ရတနာမြေပုံရှိသည်ဟု သိရလျှင် ဝမ်စိန်ကြည် စိတ်ဝင်စားသွားသည်။

သေတ္တာအမြင့် တစ်ပေခန့်ရှိသော်လည်း သံပြားတစ်ချပ် အလယ်တွင်ခံကာ နှစ်ထပ်ပြုလုပ်ထားကြောင်း ယခုမှ သိရှိလိုက်ရသည်။



အပေါ်ယံ သံပြားတစ်ချပ်ခွာလိုက်လျှင် သိုင်းကျမ်းနှင့် ရတနာမြေပုံကို တွေ့ရမည်ဖြစ်သည်။

ဝမ်စိန်ကြည်သည် သေတ္တာကို ဖွင့်မည့်ဟန်ပြင်လိုက်ပြီးမှ အရိုးစုကို မြင်လိုက်ရသဖြင့် သူ၏စိတ်ထဲ၌ ထူးခြားသော ခံစားမှုတစ်ခု ခံစားလိုက်ရသည်။

အရိုးစုအား အလျှင်မြေမြှုပ်ရန် ဆုံးဖြတ်လိုက်၏။

အရိုးစုရှင်သည် သူ၏အရိုးအား အလျှင်မြေမြှုပ်ပေးရန် ဆန္ဒရှိမည်ဟု တွေးတောမိသည်။

ထို့ကြောင့် သေတ္တာကိုဘေးဖယ်ကာ ထိုနေရာတွင် နောက်ထပ် သုံးပေခန့် ထပ်တူးလိုက်သည်။

ထိုစဉ် ...

"ထန် ..."

အသံတစ်ချက် ထွက်ပေါ်လာသည်။

ဝမ်စိန်ကြည် ထပ်မံအံ့သြသွားကာ မြေကြီးအား လက်ဖြင့် တူးကော်လိုက်၏။

နောက်ထပ် သေတ္တာတစ်လုံး မြှုပ်ထားသည်ကို တအံ့တသြ တွေ့လိုက်ရပြန်လေသည်။

ပထမသေတ္တာထက် သေးငယ်သည်။

"ဟင် … သေတ္တာကလေးတစ်လုံးပါလား၊ ဒီလူဟာ အင်မတန်ထူးခြားတဲ့ လူပဲ၊ ငါသာ နောက်ထပ်မတူးဘူးဆိုရင် ဒီသေတ္တာလေးကို တွေ့မှာမဟုတ်ဘူး၊ ကျေနော့် ပထမတွေ့တဲ့ သေတ္တာဟာ ထောင်ချောက်တစ်ခုဖြစ်နိုင်တယ်"

ထိုသို့တွေးတောပြီး သေတ္တာကလေးကို မထုတ်လိုက်၏။

သေတ္တာအား ဖွင့်ကြည့်ချင်စိတ် ကုန်ခန်းသွားပြီဖြစ်လေသည်။

ထို့ကြောင့် မြေအတွင်းသို့ အရိုးစုကို သေချာစွာ မြှုပ်နှံလိုက်သည်။

မြေမြှုပ်ပြီးသွားသောအခါ သူဒူးထောက်ချလိုက်သည်။

ဂါရဝပြုသော သဘောဖြစ်သည်။

ပြီးလျှင် သေတ္တာနှစ်စလုံးကို ဂူအဝသို့ မသယ်ယူလာသည်။

ထိုသေတ္တာများကို ကြိုးဖြင့်ချည်ကာ ကြိုးစကို လွှပ်ယမ်း၍ အွဲ့အကြီးကို အချက်ပေးလိုက်သည်။

ထို့နောက် သူ တောင်ပေါ်သို့ ပြန်တက်ကာ ဆွဲ့အကြီးနှင့်အတူ စစ်တုရင် ထိုးနေကြသော မုစန်းရသေ့နှင့် မူလိန်ချိန်းတို့ထံသို့ သေတ္တာသယ်ကာ အကြောင်းစုံကို ဖွင့်ပြောပြလိုက်သည်။

❁ ❁ ❁



မုစန်းရသေ့နှင့် မူလိန်ချိန်းတို့သည် ထိုသေတ္တာအား စစ်တုရင်ထိုးခြင်းထက် စိတ်ဝင်စားသွားသည်။

စစ်တုရင်ထိုးခြင်းကို ရပ်တန့်လိုက်ပြီး သေတ္တာနှစ်လုံးအား သေချာစွာ ကြည့်ရှုစစ်ဆေးလိုက်သည်။

မုစန်းရသေ့သည် လက်နက်ပုန်းပညာ တော်သူတစ်ယောက်ဖြစ်သည့်အလျောက် သူ၏ထင်မြင်ချက်ကို ထုတ်ဖော် ပြောပြလိုက်သည်။

"ဒီအတိုင်းဆိုရင် ပထမသေတ္တာဟာ ထောင်ချောက်တစ်ခုဖြစ်နိုင်တယ်၊ သေတ္တာထဲမှာ တစ်စုံတစ်ခု လျှို့ဝှက်ထားလိမ့်မယ်၊ သူ့ရဲ့အရိုးစုကို အလျင်မမြှုပ်ဘဲ သေတ္တာဖွင့်ကြည့်မယ်ဆိုရင် ကျိန်းသေ ဒုက္ခရောက်ရမယ်ဆိုတာ ကျုပ်သော်င်းရဲတယ်ဗျ"

မူလိန်ချိန်းက မုစန်းရသေ့စကားကို ထောက်ခံလိုက်သည်။

"ခင်ဗျားပြောတာ ဖြစ်နိုင်တယ်၊ ကျုပ်စိတ်ထင်တော့ အမှုမဲ့အမှတ်မဲ့ သေတ္တာကိုဖွင့်လိုက်ရင် ဒုက္ခရောက်အောင် လက်နက်ပုန်းတပ်ဆင်ထားလိမ့်မယ်ထင်တယ်"

မုစန်းရသေ့က …

"သိပ်ဖြစ်နိုင်တာပေါ့ဗျာ၊ သူ့ရဲ့ လက်နက်ပုန်းက တခြားလူလက်နက်ပုန်းထက် ပိုပြီး ထူးခြားတယ် မဟုတ်လား၊ ကဲ … ဖွင့်ကြည့်ကြရအောင်"

မူလိန်ချိန်းက ကန့်ကွက်ခြင်းမပြုပါ။

ထိုနည်းတူ သဘောတူခြင်းလည်း မပြုပါ။

သူ၏သဘောမှာ သူကူညီနိုင်လိမ့်မည်မဟုတ်ဟု ထင်မိသောကြောင့် ဖြစ်သည်။

မုစန်းရသေ့သည် သူတစ်ယောက်တည်း သေတ္တာမဖွင့်ရဲ၍ ဆွံ့အကြီးအား အကူအညီတောင်းရလေသည်။

ပထမဦးစွာ သေတ္တာဝင်ဆံ့နိုင်သော သစ်သားသေတ္တာ တစ်လုံးကို ရိုက်ရသည်။

ဝမ်စိန်ကြည် ယူလာသော သေတ္တာအကြီးကို သစ်သားသေတ္တာထဲသို့ ထည့်လိုက်သည်။

ပြီးလျှင် အားလုံး နောက်ဆုတ်ကာ ခပ်ဝေးဝေးမှ ဝါးလုံးတစ်ချောင်းဖြင့် သံပြားကို ကော်ထုတ်လိုက်သည်။

သေတ္တာအား အပိုင်းကန့်ထားသော သံပြားကို ကော်ထုတ်လိုက်သောအခါ ...

"ထောက် ... ထောက် ... ထောက်"

သေတ္တာထဲမှ လကနက်ပုန်းကလေးများ အရှိန်ပြင်းထန်စွာဖြင့် ဝါးလုံးတစ်လျှောက် စိုက်ဝင်သွားသည်။

အကယ်၍ သတိမထားဘဲ ဖွင့်ကြည့်မည်ဆိုလျှင် အမှန်တကယ် သေဆုံးသွားမည်သာဖြစ်သည်။



အတန်ကြာ ဝါးလုံးမွှေနှောက်လိုက်သည်။

လက်နက်ပုန်းများ ထပ်မံထွက်မလာတော့မှ မုစန်းရသေ့က ခေါင်းညိတ်ကာ ...

"စိတ်ချရပြီ ထင်တယ်"

ပြောပြီး သေတ္တာအနီးသို့ လျှောက်သွားသည်။

"သတိထားနော်၊ သူက လူကို တစ်ခါသတ်လို့မရရင် နောက်တစ်ခါ သတ်ဖို့ကြိုးစားမှာပဲ"

ဟု လှမ်းသတိပေးလိုက်သံကို မူလိန်ချိန်းထံမှ ထွက်ပေါ်လာသည်။

မုစန်းရသေ့က ခေါင်းညိတ်လိုက်သည်။

သေတ္တာအနီးသို့ရောက်တောင် လျှောက်သွားပြီး ခေါင်းငုံ့ကြည့်လိုက်ရာ အထဲ၌ အထုပ်တစ်ထုပ်ကို တွေ့ရသည်။

ဆီစိမ်စက္ကူကို ကြိုးဖြင့် ထုပ်ချည်ထားသော အထုပ်ဖြစ်သည်။

ပုံသဏ္ဌာန်ကြည့်ရသည်မှာ စာအုပ်တစ်အုပ်ကို ထုပ်ထားခြင်းဖြစ်နိုင်သည်။

မုစန်းရသေ့က အတန်ကြာ စိုက်ကြည့်နေရာမှ ဆတ်ခနဲကောက်ကိုင်ကာ အထုပ်ကို ကြိုးဖြေလိုက်သည်။

ထိုအချိန်တွင် ဆွံ့အကြီး၊ မူလိန်ချိန်းနှင့် ဝမ်စိန်ကြည်တို့သည် အနီးသို့ ရောက်လာကြပြီဖြစ်သည်။

အထုပ်ကလေးကို ဖြည်လိုက်သည်။

ခန့်မှန်းထားသောအတိုင်း စာအုပ်တစ်အုပ် ဖြစ်နေသည်။ နောက်ထပ် မြေပုံတစ်ချပ်လည်း ပါလာသည်။

မြေပုံတွင် ရတနာမြေပုံဟုရေးထားပြီး ပန်းချီကားတစ်ချပ်ပမာ ရေးဆွဲထားသည်။

စာအုပ်အဖုံးတွင်မူ "ရွှေမြေ၏ လျှို့ဝှက်သိုင်းကျမ်း" ဟု ရေးထားသည်။

မုစန်းရသေ့သည် စာအုပ်အား သေတ္တာထဲသို့ ပြန်ချလိုက်သည်။

လုံးဝ စိတ်ဝင်စားဟန် မရှိပါချေ။

"ဒီပစ္စည်းတွေဟာ မကောင်းဆိုးဝါး ပစ္စည်းတွေပဲ၊ သူ့ရဲ့တပည့်ခံရင် သူ့ရန်ကြွေးကို ဖြေရှင်းရမယ်၊ ဒီအတိုင်းထားလိုက်တာပဲကောင်းပါတယ်"

ပြောပြီး သေတ္တာကိုပြန်ပိတ်လိုက်သည်။

မုလိန်ချိန်းက သဘောတူလိုက်သည်။

"ဟုတ်တယ် ... ပြီးတဲ့ ကိစ္စတွေ ပြီးတဲ့အတိုင်းထားတာကောင်းလိမ့်မယ်၊ ကဲ ... ငါ့တပည့် ဒီပစ္စည်းတွေကို တစ်နေရာမှာသွားသိမ်းလိုက်ပါ"



ဝမ်စိန်ကြည်သည် မုစန်းရသေ့နှင့် မုလိန်ချိန်းတို့ စကားကို တစ်သဝေမတိမ်း နားထောင်သည်။

သူသည် ရွှေမြေသိုင်းကျမ်းနှင့် ပတ်သက်ပြီး မေ့ပစ်လိုက်သည်။

သေတ္တာနှစ်လုံးကိုယူကာ ကျောက်အိမ်လေးအတွင်း၌ သိမ်းဆည်းထားလိုက်သည်။

ဤသေတ္တာများကို မုလိန်ချိန်းတို့ကအရေးမထားသည့်အတွက် သူဒီအတိုင်းထားလိုက်သည်။

သူ အိပ်သော ခုတင်အောက်သို့ ဖြစ်သလို ထိုးသွင်းလိုက်လေသည်။

အရိုးစုကို မြေမြှုပ်ပြီးပြီဖြစ်သည့်အတွက် တောင်နံရံမှ ကျောက်လိုဏ်ဂူသို့လည်း သွားစရာမလိုအပ်တော့ချေ။

ရက်အနည်းငယ် ကြာသောအခါ သံသေတ္တာနှစ်လုံး ရခဲ့သည်ကိုပင် ဝမ်စိန်ကြည် မေ့လျော့သွားသည်။

မုစန်းရသေ့သည် တောင်ပေါ်တွင် နေထိုင်ကာ ဝမ်စိန်ကြည်အား သိုင်းပညာကို ဆက်လက်သင်ပေးသေည်။

တစ်လကျော်သွားမှ ကိစ္စရှိသည်ဟုဆိုကာ နှုတ်ဆက်ကာ ထွက်ခွာသွားသည်။

မူလိန်ချိန်း၏ သိုင်းပညာနှင့်ပင် အစွမ်းထက်နေပြီဖြစ်ရာ မှစန်းရသေ့၏ပညာ ဆက်လက်သင်ကြားလိုက်ရသောအခါ ဝမ်စိန်ကြည်၏ သိုင်းပညာ အဆင့်မြင့်မားလာခဲ့သည်။

❀ ❀ ❀

နေပူပြင်းသည်၊ မိုးရွာသည်၊ နှင်းကျသည်။

ရာသီဥတု အလီလီပြောင်းလဲသွားသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်ဖြစ်သလို နေ့စဉ်နှင့်အမျှ သိုင်းပညာလေ့ကျင့်ရင်း ဝမ်စိန်ကြည် တောင်ပေါ်တွင် ကြီးပြင်းလာခဲ့လေသည်။

ဝမ်စိန်ကြည်သည် ယခင်ကကဲ့သို့ ကလေးတစ်ယောက် မဟုတ်တော့ပါ။

အသက် ၂၀ တင်းတင်းပြည့်ပြီး ယောကျ်ားပီသသော ရု တစ်ယောက်ဖြစ်လာသည်။

ခန္ဓာကိုယ် ထွားကျိုင်းသန်မာပြီး သိုင်းပညာထက်မြက်သည့် အပြင် အတွင်းအားမှာလည်း အလွန်ကောင်းသူ တစ်ယောက်ဖြစ်လာခဲ့ချေပြီ။

အနှစ်နှစ် အလလ အပင်ပန်းခံ သင်ရသောကြောင့် ယခုအ အပင်ပန်းခံရကျိုးနပ်သည်ဟု ဆိုရပေမည်။



ဝမ်စိန်ကြည်အား အမြဲတစေ လေ့လာအကဲခတ်နေသော ဆွဲ့အကြီးနှင့် မူလိန်ချိန်းတို့မှာ သူ့အား ထိပ်သန်းသိုင်းပညာရှင် တစ်ယောက်ဟု သတ်မှတ်လိုက်ကြလေသည်။

မူလိန်ချိန်းသည် ထပ်မံသင်ကြားရန် သိုင်းကွက်မရှိတော့ချေ။

ထို့ကြောင့် လေ့ကျင့်ခြင်း၊ အသုံးပြုပုံပြုနည်း၊ တိုးတက်လာအောင် တီထွင်ကြံဆခြင်း၊ သိုင်းလောကသားတို့ ဓလေ့စရိုက်နှင့် သိုင်းအဖွဲ့ဝင် အဖွဲ့ဝင်များအကြောင်း စသည့် အတွေ့အကြုံ ဗဟုသုတများကို သင်ကြားပေးလေတော့သည်။

❀ ❀ ❀

နွေဦး၏ နေ့တစ်နေ့ . . . ။

ဝမ်စိန်ကြည်သည် ဝက်ဝံနှစ်ကောင်နှင့် ဆော့ကစားနေလေသည်။

ထိုစဉ် ဆွဲ့အကြီးသည်အနားရောက်လာပြီး လက်ဟန် ခြေဟန်ဖြင့် မူလိန်ချိန်း ခေါ်နေကြောင်း ပြောသည်။

ဝမ်စိန်ကြည်သည် ဆော့ကစားခြင်းကို ရပ်တန့်ကာ မူလိန်ချိန်းထံသို့ လိုက်သွားသည်။

မူလိန်ချိန်း၏ ကျောက်အိမ်ကလေးအတွင်းသို့ ဝင်လိုက်သောအခါ လူစိမ်းနှစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်အား ဝမ်စိန်ကြည် တစ်ခါမျှ မတွေ့မြင်ဖူးပါချေ။

မူလိန်ချိန်းက သူ့အနားလာရန် ခေါင်းညိတ်ခေါ်လိုက်ပြီး လူစိမ်းနှစ်ယောက်နှင့် မိတ်ဆက်ပေးလိုက်သည်။

“ဒါ မင်းရဲ့ ဂိုဏ်းတူအစ်ကိုကြီးတွေပဲ၊ သူက ‘ဝမ်အစ်ကိုကြီး’၊ သူက ‘ကောင်းအစ်ကိုကြီး’၊ သူတို့နှစ်ယောက်ဟာ ကိစ္စရှိလို့ လီကျိုတပ်ရဲ့ တပ်ထဲက လာကြသူတွေပဲ”

လီကျိုတပ်မှ လာကြသူနှစ်ယောက်မှာ လယ်သမားများဟန် ရုပ်ဖျက်ထားကြသည်။

ကို့ချူစန်းအကြောင်းကို အမြန်စုံစမ်းလိုသော်လည်း အောင့်ထားရလေသည်။

ထိုလူနှစ်ယောက်သည် သူတို့အား နှုတ်ဆက်၍ ပြန်ခွင့်တောင်းကြသည်။

မူလိန်ချိန်းက ခေါင်းညိတ်လိုက်သည်။

သူတို့ထွက်သွားပြီးမှ မူလိန်ချိန်းက စကားစလိုက်၏။

“ဆရာ့မှာ ကိစ္စတစ်ခုပေါ်လာပြီ၊ ဒါကြောင့် တောင်အောက်ဆင်းရတော့မယ်”

ဟု အစချီ၍ ပြောလိုက်သည်။

ထိုစကား ကြားလိုက်ရသောအခါ ဝမ်စိန်ကြည် အလွန်ဝမ်းသာသွား၏။



တောင်ပေါ်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရသည့်အတွက် ပျင်းရိငြီးငွေ့နေသည်။

“ဆရာ ... ကျွန်တော်ပါ တောင်အောက်ကို လိုက်ခဲ့ချင်တယ်”

“မင်းက ဘာဖြစ်လို့ လိုက်ခဲ့ချင်တာလဲ”

ဝမ်စိန်ကြည် ခေါင်းငုံ့ထားလိုက်သည်။

မူလိန်ချိန်းက ရိပ်မိပုံရ၏။

“အင်း ... အခြေအနေ အချိန်အခါတော့ရောက်ပြီ၊ ဒါပေမယ့် တောင်အောက်ဆင်းဖို့တော့ ငါခွင့်မပြုနိုင်သေးဘူး”

ဝမ်စိန်ကြည် စိတ်ပျက်သွားသည်။

“ဆရာ ... ကျွန်တော့်ပညာ လိုသေးလို့လားဟင်”

မူလိန်ချိန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

“မဟုတ်ဘူး၊ ဒီထက်ပိုပြီး အရေးကြီးတာ ရှိတယ်”

“ဘာများလဲဆရာ၊ ကျွန်တော့်ကို ပြောပြပါလား”

မူလိန်ချိန်း မျက်နှာထားတည်ကြည်စွာဖြင့် ...

“ငါတို့တိုင်းပြည်ကို မန်ချူးတွေ နယ်ချဲ့နေတယ်၊ တို့ရဲ့ ဘိုးဘွားပိုင် မြေတော်တော်များများ မန်ချူးလက်ထဲ ကျရောက်နေပြီ၊ တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်ကလည်း အသုံးမကျဘူး၊ မင်းတို့ ကျိုးကန်းတောင်ပေါ်က လူတွေက ဘုရင်ကိုအငြိုးထားပြီး လုပ်ကြံဖို့ ဆုံးဖြတ်ထားကြတယ်၊ သူတို့ဟာ ဘုရင်ကို သတ်ဖို့ ပထမ၊ မန်ချူး

နယ်ချဲ့ကို တွန်းလှန်ဖို့ဆိုတာ ဒုတိယဖြစ်တယ်ဆိုတာ မင်းလည်းသိမှာပေါ့"

ဝမ်စိန်ကြည်သည် ကျိုးကန်းတောင်ပေါ်တွင် သူ၏ဖခင်ကို ရှိသေသူများ စုရုံးကာ တစ်နှစ်တစ်ခါ ဂါရဝပြုကြပုံများ၊ သစ္စာဆိုကြပုံများကို မြင်ယောင်လာသည်။

ကျိုးကန်းတောင်ကို အာဏာသားများက ဝိုင်းရံဖျက်ဆီးလိုက်ပြီဖြစ်ရာ ကျိုးကန်းတောင်မှ မိတ်ဆွေများ တကွဲတပြားဖြစ်နေသည်မှာ သေချာသည်။

သို့သော် သူတို့ တခြားတစ်နေရာ ပြောင်းကာ စုရုံး နေမည်မှာ တွေးစရာရှိသည်။

ကျိုးကန်းတောင်တိုက်ပွဲတွင် ကျဆုံးခဲ့သော ဦးလေးယင်း အကြောင်း ပြန်တွေးပြီး စိတ်မကောင်းဖြစ်လေ၏။

မူလိန်ချိန်းက ဆက်ပြောသည်။

"မင်းအဖေဟာ ကိုယ်ကျိုးစွန့်ကာ အများအကျိုး အသက်စွန့်ပြီး ဆောင်ရွက်ခဲ့သူတစ်ယောက်ဖြစ်တယ်၊ မင်း အဖေ သက်ရှိထင်ရှား ရှိခဲ့တုန်းက နယ်ချဲ့မန်ချူးတွေကို တိုက်ခိုက်ခဲ့တယ် မဟုတ်လား"

သူ စကားဆက်လိုက်သည်။



"မင်းတို့ဘုရင်ကို သတ်ဖြတ်လုပ်ကြံပြီး မန်ချူးကို လက်ပိုက်ကြည့်နေမယ်ဆိုရင် ကောင်းကင်ဘုံမှာနေတဲ့ မင်းအဖေအတွက် စိတ်မကောင်းစရာပေါ့ကွာ"

သူချောင်းတစ်ချက်ဟန့်လိုက်သည်။

"အခုလက်ရှိ ဘုရင်ကို သတ်လိုက်ပါပြီတဲ့၊ နောက်တက်လာမယ့် ဘုရင်က ပိုဆိုးနေရင် ဘယ်လိုလုပ်မလဲ၊ ကိုယ်ရေးကိုယ်တာထက် တိုင်းပြည်ရေးကပိုပြီး အရေးကြီးပါတယ်ဆိုတာ မင်း ကောင်းကောင်း သိပါတယ်၊ မင်းကို ငါ တတ်တဲ့ပညာ အကုန်အစင်သင် ပေးပြီးပြီပဲ၊ မင်း စဉ်းစားဝေဖန်ပြီးမှ လုပ်ပါ၊ ငါယုံကြည်စိတ်ချချင်တယ်၊ ငါမနက်ဖြန် တောင်အောက်ဆင်းမယ်၊ တင်လတင်းတင်း ပြည့်ရင် မင်းငါ့ကို လိုက်ရှာချင် လိုက်ရှာနိုင်တယ်"

ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

"ကျွန်တော့်ကို တောင်အောက် ဆင်းခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ"

"အေး ... ငါ သိုင်းပညာကို စသင်တာ ဘာပြောခဲ့သလဲ၊ မှတ်မိလား"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... မှတ်မိပါတယ် ဆရာ၊ မကောင်းတာမလုပ်ရဘူးလို့"

"အေး ... ဒီစကားက တိုတောင်းလှပေမယ့် အနက်အဓိပ္ပာယ်ကျယ်ပြန့်တယ်၊ မင်းကို ထွေထွေထူးထူးမမှာချင်ဘူး၊ အေး ... အရေးကြီးတာက မိန်းမပဲ"

"ဗျာ ..."

ဝမ်စိန်ကြည် လွှတ်ခနဲ ရေရွတ်လိုက်၏။

သူ မိန်းမကိစ္စဟုကြားလျှင် အလိုလိုနေထိုင်ရခက်သို့ ဖြစ်လေသည်။

မူလိန်ချိန်းက မျက်နှာထားတည်တည်ဖြင့် စကားဆက်လိုက်သည်။

သိုင်းလောကမှာ ဝါရင့်တဲ့ သိုင်းပုဂ္ဂိုလ်ကြီးတွေတောင် မိန်းမကိစ္စနဲ့ ပတ်သက်လာရင် ဒုက္ခရောက်ရတယ်၊ ရန်သူအပေါင်းကို သတ်သင်နိုင်ခဲ့ပေမယ့် မိန်းမမျက်ရည်တစ်စက်နဲ့ မြေပေါ် ဒူးထောက်ချရတယ်၊ ဒီအကြောင်းကို အကျယ်ချဲ့မပြောချင်ဘူး၊ မိန်းကလေးတွေကို ကြပ်ကြပ်သတိထားရမယ်၊ မိန်းမတွေကြောင့် မင်းဘဝအမှားမဖြစ်စေချင်ဘူး"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်ပြီး ...



"ဟုတ်ကဲ့ ... စိတ်ချပါ ဆရာ"

"ကောင်းပြီလေ ... မင်းသွားတော့၊ ငါမှာတာကို မမေ့သမျှကာလပတ်လုံး မင်း ဘယ်တော့မှ ဒုက္ခမရောက်ရဘူးလို့ ယုံကြည်စိတ်ချနေပေ့"

ဝမ်စိန်ကြည်သည် မူလိန်ချိန်းအား ဂါရဝပြုပြီး ပြန်လည်ထွက်ခွာသွား၏။

နောက်တစ်နေ့ မိုးစင်စင်လင်းသည်နှင့် ဝမ်စိန်ကြည်သည် ဆွံ့အကြီးကို ခေါ်ကာ မူလိန်ချိန်း ကျောက်အိမ်ကလေးဆီသို့ ထွက်လာခဲ့သည်။

ကျောက်အိမ်ကလေးထဲတွင် လူတစ်ယောက်မှ မရှိပါ။

ခုတင်ပေါ်၌ အိပ်ရာတွန့်ကြေနေခြင်း မရှိသည့်အတွက် ညကတည်းက မအိပ်ဘဲထွက်သွားကြောင်း ဖြစ်နိုင်သည်။

ဝမ်စိန်ကြည်နှင့် ဆွံ့အကြီးတို့ စိတ်မကောင်းဘဲ မျက်ရည်ရစ်ဝဲလာလေသည်။

တစ်နေ့လုံး သိုင်းပညာ လေ့ကျင့်ခြင်းမရှိဘဲ ငေးငိုင်နေမိသည်။

မူလိန်ချိန်း ထွက်သွားပြီးသုံးလေးရက်အကြာမှ ပုံမှန်အတိုင်းပြန်ဖြစ်လာသည်။

ဝက်ဝံနှစ်ကောင်နှင့် တစ်နေ့ကုန် သိုင်းပညာ လေ့ကျင့်၏။

ညရောက်သောအခါ စာပေပညာကို လေ့ကျင့်ရင်း အိပ်စက်ခဲ့ကြလေသည်။

ဆွဲ့အကြီးက သူ့အား ချက်ပြုတ်ကျွေးမွေးပြီး ကျောက်အိမ်ကလေးတွင် အေးအေးလူလူ အနားယူနေလေသည်။

ဤသို့ဖြင့် မူလိန်ချိန်း ထွက်သွားပြီး တစ်ပတ်ကျော်ခန့်အကြာ ညတစ်ည။

ဝမ်စိန်ကြည် အိပ်စက်ရန် ပြင်ဆင်နေသည်။

ညဉ့်နက်နေပြီဖြစ်ရာ အပြင်ဘက်၌ အေးစိမ့်နေပေလိမ့်မည်။

သူစောင်ခြုံ၍ အိပ်မည်အပြုတွင် အပြင်ဘက်မှ ဝက်ဝံအော်သံကြားလိုက်ရလေသည်။

ဝက်ဝံအော်သံကြောင့် တစ်စုံတစ်ခု ထူးခြားပြီဖြစ်ကြောင်း နားလည်သိရှိလိုက်ရသည်နှင့်အမျှ အိပ်ရာမှ လူးလဲထလာခဲ့သည်။

ဝက်ဝံအား မီးတုတ်ဖြင့် လိုက်ရှာသော်လည်း မတွေ့ရပါချေ။ အော်သံလည်း တိတ်ဆိတ်သွားသည်။

ဝက်ဝံနှစ်ကောင် အပြင်ဘက်၌ လွတ်ထွက်နေသည်ဟု ထင်ကာ လိုက်ရှာသည်။

မတွေ့ ...။

ထို့ကြောင့် ဝက်ဝံထားသော ကျောက်အိမ်ကလေးဆီသို့ သွားရှာကြည့်သည်။



ဝက်ဝံနှစ်ကောင် အတုံးအရုံး အိပ်စက်နေသည်ကိုတွေ့တော့မှ စိတ်သက်သာရကာ သူ့အခန်းသို့ ပြန်ခဲ့လေသည်။

အခန်းတွင်းသို့ ဝင်လိုက်သောအခါ မွှေးကြိုင်နေသော အနံ့အသက်တစ်ခုကို ရှုလိုက်မိသည်။

ဝမ်စိန်ကြည်ရင်ထဲ ထိတ်သွားသည်။

တောင်ပေါ်၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော်လည်း ယင်းအနံ့မျိုး မရရှိခဲ့ချေ။

အမွှေးရနံ့သည် ပန်းပွင့်အမွှေးရနံ့နှင့် အလွန်တူသော်လည်း မဟုတ်ဟု သူအလိုလိုသိနေသည်။

ထိုစဉ် မူလိန်ချိန်း ပြောပြခဲ့သော သိုင်းလောကသားများ အမွှေးရနံ့မေ့ဆေးကို သတိရလာသည်။

“ဦးလေး ... ဦးလေး ... ဦး ...”

ထိုအသံကြီးကို အထိတ်အလန့်ခေါ်လိုက်သည်။

သို့သော် ခေါ်သံတစ်ဝက်တစ်ပြက်နှင့် ဒူးများညွတ်ကျလာကာ လဲကျသွားသည်။

အမှောင်ထုထဲသို့ ထိုးကျသွားသည်ဟု ခံစားလိုက်ရသည်။ ပြီးနောက် သတိလစ်မေ့မြောသွားလေသည်။

ဝမ်စိန်ကြည် သတိရလာသောအခါ ကျောက်အိမ်ကလေး၌ လူစိမ်းနှစ်ယောက်ကိုပါ မြင်တွေ့လိုက်ရသည်။

မီးများ ထိန်လင်းစွာ ထွန်းညှိထားသည်။

ထိုလှုနှစ်ယောက်မှာ ရသေ့ကြီးတစ်ပါးနှင့် လူပိန်ပိန်ရှည်ရှည် တစ်ယောက်ဖြစ်သည်။

သူတို့သည် ဝမ်စိန်ကြည်အား ကြိုးဖြင့် ချည်နှောင်ထားကြသည်။

ရှန်းကန်လျှင် အသံမြည်အောင် လက်ကောက်ဝတ်နှင့် ဒူးဆစ်တွင် ဝါးလုံးများပါ ရောနှောနှောင်ထားကြောင်း တွေ့လိုက်ရသည်။

ဝမ်စိန်ကြည်သည် ကြိုးပြတ်အောင် ရုန်းနိုင်သော်လည်း ဝါးလုံးကွဲကာ ထိုလူများ သိသွားမည်စိုးသောကြောင့် မရုန်းဘဲနေသည်။

ပထမအကြိမ် ရန်သူနှင့် ရင်ဆိုင်သောအခါ စိုးရွံ့စိတ်များ ဖြစ်ပေါ်နေရသည်။

ရသေ့နှင့် ပိန်ပိန်ရှည်ရှည်လူသည် အခန်းတွင်း၌ တစ်စုံတစ်ခုကို မွှေနှောက်ရှာဖွေနေသည်ကို တွေ့မြင်လိုက်ရသည်။

သူတို့ မည်သည့်ပစ္စည်း ရှာဖွေနေကြောင်းကို ဝမ်စိန်ကြည် မသိပါချေ။

အတန်ကြာ ရှာဖွေပြီးနောက် ရသေ့သည် ခုတင်အနီးသို့ ရောက်လာပြီး ခုတင်အောက်မှ သေတ္တာကို တွေ့မြင်သွားလေသည်။

ရသေ့ကြီးသည် သေတ္တာကို ဆွဲထုတ်လိုက်သောအခါ သေတ္တာ အကြီးဖြစ်နေလေသည်။



ရသေ့ကြီးသည် သေတ္တာကြီးအား ဖွင့်လိုက်သည်။

အတွင်းမှ ရွှေမြွေ သိုင်းကျမ်းဟုရေးသားထားသော စာအုပ်ကို တွေ့မြင်လိုက်ရသောအခါ ...

"တွေ့ပြီ ... တွေ့ပြီဟေ့ ..."

ရသေ့ကြီးသည် ဝမ်းသာအားရနှင့် အော်လိုက်ရာ ပိန်ပိန်ပါးပါး လူ ပြေးလာသည်။

သူတို့သည် ဝမ်းသာအားရနှင့် စာအုပ်ကို တစ်ယောက်တစ်လှည့် ကိုင်ကြည့်နေကြသည်။

ရသေ့ကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ...

"ဟား ... ဟား ... ကျုပ်တို့ ကျောက်ယက်မတောင်၊ လူတွေ ရွှေမြွေသိုင်းကျမ်းကို လိုက်ရှာနေတာ ၁၅ နှစ်ရှိပြီ၊ အခုတော့ သူတို့ကိုမတွေ့ရဘဲ သူ့ရဲ့သိုင်းကျမ်းကို တွေ့ရပြီ၊ သူလည်း သေသွားတာ သေချာပြီ"

ပိန်ပိန်နှင့်လူက ...

"ဟုတ်တယ်၊ ကျုပ်တို့ အပန်ပမ်းခံရကျိုး နပ်သွားပြီ"

ရသေ့သည် ရွှေမြွေသိုင်းကျမ်းစာအုပ်ကို လှန်လှောကြည့်နေ၏။

စာအုပ်တွင် စာလုံးသေးသေးကလေးများဖြင့် ရေးသားထားပြီး ရုပ်ပုံများလည်း ပါဝင်နေသည်။

ရသေ့ကြီးသည် စိတ်ဝင်စားစွာ ကြည့်နေစဉ် ပိန်ပိန်ပါးပါးနှင့် လူက ခါးကြားမှ ဓားမြှောင်တစ်ချောင်းကို ထုတ်ယူကာ ရသေ့ကြီး၏ နောက်ကျောဘက်သို့ တိတ်တဆိတ် ချဉ်းကပ်နေသည်ကို တွေ့လိုက်ရ၏။

ဝမ်စိန်ကြည် ထိတ်လန့်သွား၏။

အသံမထွက်ဘဲ အခြေအနေကို တိတ်တဆိတ် စောင့်ကြည့်နေလိုက်၏။

ထိုစဉ် ပိန်ပိန်နှင့်လူက ...

"ဟာ ... ဟိုကောင်ထွက်ပြေးပြီ"

ဟု ကျယ်လောင်စွာ အော်လိုက်၏။

ရသေ့သည် ဝမ်စိန်ကြည်ဘက်သို့ ကမန်းကတန်း လှည့်ကြည့်လိုက်သည်။

ပိန်ပိန်ပါးပါးနှင့်လူက ရသေ့ကြီး ဝမ်စိန်ကြည်ထံ အာရုံရောက်နေစဉ် ဓားမြှောင်ဖြင့် ရသေ့နောက်ကျောသို့ တအား ထိုးချလိုက်သည်။

ပြီးလျှင် နောက်သို့ခုန်ကာ ကျောတွင်ပိုးထားသော ဓားကိုဆွဲထုတ်လိုက်သည်။

ရသေ့မှာ နာကျင်သော ဝေဒနာကြောင့် နောက်လှည့်ကြည့်



လိုက်ရာ ပိန်ပိန်လူက လုပ်ကြံသည်ကို တွေ့လိုက်ရသဖြင့် ခံပြင်းနာကြည်းသွားလေသည်။

ပိန်ပိန်နှင့်လူအား တိုက်ခိုက်ရန် ရှေ့သို့တိုးထွက်သွားသည်။

သို့သော် မဟန်နိုင်တော့ဘဲမြေပေါ်သို့ ဒူးထောက်ကျသွားပြီး

"မင်း ရက်စက်လှချည်ဘူး၊ တို့တစ်တွေ ၁၅ နှစ်ယောက် အတူတူ ဒုက္ခဆင်းရဲခံပြီး လက်တွဲခဲ့ကြတယ်၊ အခု တွေ့မှ မင်းက သွေးသောက်ညီအစ်ကိုချင်း သစ္စာဖောက်တယ်၊ မင်းအပိုင်စီးဖို့ ကြံတာ"

သူ စကားဆုံးအောင် မပြောနိုင်ဘဲ လဲကျသွား၏။

ပိန်ပိန်နှင့်လူသည် ရှေ့သို့ ရုတ်တရက် ခုန်ထွက်လာပြီး ရသေ့အား ဓားဖြင့်ခုတ်ချလိုက်၏။

"အား ..."

တစ်ချက်အော်ပြီး ငြိမ်ကျသွားသည်။

မျက်စိရှေ့မှောက်တွင် လူတစ်ယောက်အား ရက်စက်စက်စက် လုပ်ကြံသတ်ဖြတ်နေသည်ကို တွေ့မြင်လိုက်ရသော ဝမ်စိန်ကြည်မှာ အကြီးအကျယ် ထိတ်လန့်သွားသည်။

သူတို့နှစ်ယောက်သည် သွေးသောက်ညီအစ်ကိုဟု သစ္စာပြုထားကြောင်း သဘောပေါက်သွားသည်။

ထိုစဉ် ပိန်ပိန်နှင့်လူထံမှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဟား ... ဟား ... ငါ မင်းကိုမသတ်ရင် မင်း ငါ့ကို သတ်ရလိမ့်မယ်၊ အဲဒီတော့ ငါက လက်ဦးအောင် လုပ်လိုက်ရတာပေါ့ကွာ၊ အင်း ၁၅ နှစ်လောက် အပင်ပန်းခံလာပြီးမှတော့ လူတစ်ယောက်ကို သတ်တာဟာ ငါ့အဖို့ မဆန်းတော့ပါဘူး"

သူသည် ပြောပြီး အားရပါးရ ရယ်မောလိုက်သည်။

ထို့နောက် စာအုပ်ကိုကိုင်ကာ တစ်ရွက်ချင်း လှန်ကြည့်ပြီး ဖတ်နေသည်။

အချို့နေရာတွင် စာရွက်များနှစ်ရွက် ပူးနေသဖြင့် တံတွေးဆွတ်၍ ဖတ်ကြည့်နေလေသည်။

တံတွေးကို လက်ညှိုးဖြင့်ဆွတ်၍ စာရွက်လှန်လိုက်၊ တစ်ဖန် တံတွေးဆွတ်လိုက်၊ စာရွက်ကို လှန်လိုက်နှင့် လုပ်နေသည်မှာ အတန်ကြာသောအခါ ဝမ်စိန်ကြည် စိုးရိမ်ပူပန်သွားသည်။

မူလိန်ချိန်း ပြောသောစကားများ ပြန်လည်ကြားယောင်လာသည်။

"သူက လူကို တစ်ခါသတ်လို့ မရရင် နောက်တစ်ခါ သတ်ဖို့ ကြံစည်ဦးမှာပဲ"



ဆိုစကားအရ လက်နက်ပုန်း တပ်ဆင်ထားသလို သိုင်းကျမ်းစာအုပ်မှ စာရွက်များတွင် အဆိပ်လူးထားနိုင်သည်။

ထို့ကြောင့် တံတွေးဆွတ်လိုက်၊ ပါးစပ်ထဲသို့ထည့်လိုက် လုပ်နေသည်ကို တွေ့လိုက်ရသောအခါ စိုးရိမ်ပူပန်သွားသည်။

ထို့ကြောင့် ...

"ဟေ့လူ ... စာရွက်ကို မလှန်နဲ့"

ဟု လွှတ်ခနဲ ပြောလိုက်မိသည်။

ထိုပိန်ပိန်ပါးပါးနှင့်လူသည် အသံကြားလိုက်သည်နှင့် ခေါင်းနောက်သို့ လှည့်လိုက်သည်။

ဝမ်စိန်ကြည် သတိရနေသည်ကို တွေ့လိုက်ရသည်။

"ဪ ... မင်းတောင် သတိရနေပြီကိုး၊ ကျုပ်တို့ မေ့ဆေးညတစ်ဝက်တောင် မခံနိုင်တာ မင်း နိုးနေပြီဆိုတော့ အတွင်းအားထိပ်တန်းအဆင့် ရောက်နေပြီဆိုတာ ထင်ရှားနေပြီပေါ့"

သူက တစ်ချက်ရယ်မောလိုက်ရင်း ...

"အင်း ... အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက် ပညာအဆင့်ရှိတာ ချီးကျူးစရာပဲ၊ ဒါပေမယ့် မင်းနဲ့ငါ ရန်ငြိုးမရှိပါဘူး၊ အင်းလေ ရန်ငြိုးမရှိပေမယ့် ငါတို့ကိစ္စ သိနေမှတော့ နှုတ်ပိတ်ပစ်ရမှာပဲ"

စကားဆုံးသွားသည်နှင့် ထိုလူသည် ဓားကိုဆွဲကာ ဝမ်စိန်ကြည် အနီးသို့ လျှောက်လာသည်။

ဝမ်စိန်ကြည်က ကြောက်လန့်နေသဖြင့် ရမ်းကန်ရန်ပင် သတိ မရချေ။

ထိုလူက ဓားကိုခုတ်ရန် မြှောက်လိုက်သည်။

သို့သော် ချက်ချင်း ခုတ်မချသေးဘဲ ...

မင်းကို မသတ်ခင်တော့ ရှင်းပြရဦးမယ်၊ ငါတို့ဟာ ကျောက်ယောက်မတောင်က လူတွေပဲ၊ ငါ့နာမည် ကျောင်ချွန်ကျူးလို့ ခေါ်တယ်၊ ငါတို့နဲ့ ရွှေမြေဟာ မပြေနိုင်တဲ့ ရန်ငြိုးတွေ ရှိကြတယ်၊ သူဟာ ငါတို့လူတွေ အတော်များများ သတ်ခဲ့တယ်၊ သူ့ပစ္စည်း မင်းဆီမှာရှိတော့ မင်းနဲ့ သူလည်း ပတ်သက်နေမှာပဲ၊ ဒါကြောင့် ငါ မင်းကို သတ်ပစ်ရတော့မှာပေါ့"

စကားဆုံးသည်နှင့် သူသည် ခုတ်ချရန် ဟန်ပြင်လိုက်သည်၊

သို့သော် သူ၏ခန္ဓာကိုယ် တစ်ချက်ယိမ်းယိုင်သွားသည်။

မျက်နှာမှာလည်း ရှုံ့မဲ့သွားပြီး လက်ထဲမှ ဓား လွတ်ကျသွားသည်။

ထို့နောက် မြေပေါ်သို့ လဲကျသွားကာ တစ်ချက် နှစ်ချက် လူးလိမ့်လိုက်၏။

ထို့နောက် အသံနက်ကြီးဖြင့် တစ်ချက်အော်ဟစ် ညည်းညူလိုက်ပြီး ပါးစပ်မှ ညိုပုပ်နေသော သွေးများထွက်လာပြီး သေဆုံးသွားသည်။



ဝမ်စိန်ကြည်သည် ကြောက်ရွံ့၍ အသားများ တဆတ်ဆတ် တုန်နေ၏။

နောက်မှ သတိဝင်လာပြီး အတင်းရုန်းလိုက်လျှင် ဝါးလုံးများ ကြေမွကာ ကြိုးများလည်း ပြတ်ထွက်ကုန်သည်။

ဝမ်စိန်ကြည် အခန်းထဲ၌ မနေရဲတော့ဘဲ ထွက်ပြေးသွားသည်။

ပြီးနောက် ဆွံ့အကြီးကို လိုက်ရှာသည်။

ဆွံ့အကြီးသည် မြေပေါ်၌ ကြိုးများဖြင့် တုပ်နှောင်ခြင်းခံထားရသည်။

ဆွံ့အကြီးကို ကြိုးများဖြည်ပေး၍ ခြေဟန် လက်ဟန်ဖြင့် ဖြစ်ကြောင်းကုန်စင် ပြောပြသည်။

နံနက် မိုးစင်စင်လင်းပြီဖြစ်သည်။

အလောင်းနှစ်လောင်းအား မြေမြှုပ်ပစ်လိုက်သည်။

ထို့နောက် ဒုက္ခပေးနေသော သေတ္တာကြီးအား ချောက်ကမ်းပါးထဲသို့ ပစ်ချလိုက်သည်။

သူ အသက် ၁၂ နှစ်သားလောက်က ထိုသေတ္တာအား ရခဲ့သည်။

ယခု အသက် ၂၀ ပြည့်ပြီဖြစ်သည်။

အချိန် ၈ နှစ်ခန့် ကြာမြင့်ခဲ့သော်လည်း သူ သေတ္တာအား ဂရုမစိုက်ခဲ့ချေ။

ရသေ့နှင့် ပိန်ပိန်နှင့်လူသည် ၁၅ နှစ်တောင် အချိန်အကုန်ခံ၍ ထိုသေတ္တာနောက်သို့ လိုက်နေကြသည်။

တွေ့ကြသောအခါ အချင်းချင်း သတ်ဖြတ်လုပ်ကြံကြလေသည်။

သူတို့ မည်သည့်အကြောင်းကြောင့်နည်း။

ဝမ်စိန်ကြည် စိတ်ဝင်စားလာသည်။

ထို့ကြောင့် ခုတင်အောက်မှ ကျန်သော သေတ္တာငယ်အား ထုတ်ယူလိုက်သည်။

❄ ❄ ❄

သေတ္တာငယ်အား ဖွင့်ကြည့်လိုက်သည်။

ထိုသေတ္တာငယ်နှင့် သေတ္တာအကြီးသည် တစ်ပုံစံတည်း ဖြစ်သည်။

စာအုပ်တစ်အုပ်ရှိသည်။

စာအုပ်အဖုံးပေါ်တွင် 'ရွှေမြွေသိုင်းကျမ်း' ဟု ရေးသားထားသည်။



စာအုပ်နံဘေးတွင် စာတစ်စောင်ကို တွေ့ရလေသည်။

ထို့ကြောင့် စာကို ဖောက်ဖတ်လိုက်၏။

စာတွင် ရေးသားထားသော အကြောင်းအရာများကို စိတ်ဝင်စားစွာ ဖတ်ကြည့်လိုက်သည်။

ကျွန်ုပ်၏ အရိုးစုအား စေတနာဖြင့် မြှုပ်နှံပေးသောသူသည် ကျွန်ုပ်ထံမှ သိုင်းပညာ ဆက်ခံနိုင်ခွင့်သည်။ ဤသေတ္တာကြီးအား လုံးဝကိုယ်တွယ်ခြင်း မလုပ်ပါနဲ့၊ ဒုက္ခရောက်ပါလိမ့်မည်။ ဤသေတ္တာငယ်မှ သိုင်းကျမ်းကိုသာ လေ့ကျင့်ပါ။ ရွှေမြွေသိုင်းကျမ်းသည် သိုင်းလောကထိပ်ခေါင် သိုင်းပညာတစ်ရပ် ဖြစ်သည်။ ဤပညာ တတ်မြောက်သည့်အတွက် သင် ဒုက္ခရောက်နိုင်သည်။ ထိုဒုက္ခသည် ကျွန်ုပ်တို့၏ အတိတ်ဟောင်းနှင့် ဆက်နွယ်ပတ်သက်မှုရှိပေမည်။ ကျွန်ုပ်နှင့် မပတ်သက်လိုလျှင်၊ ဒုက္ခတွေ့မည်ကို မကြောက်လျှင် သင်ယူလေ့လာနိုင်ပါသည်။ နောင်တစ်နေ့ သိုင်းလောက၏ ပထမသိုင်းသမား ဖြစ်လာမည်။

ပုံ

ရွှေမြွေသိုင်းသမား

ဟု ရေးသားထားသည်ကို တွေ့ရ၏။

ဝမ်စိန်ကြည် ပြုံးလိုက်၏။

ဝိန်ဝိန်နှင့် လူ၏ ရက်စက်ပုံကိုကြည့်ကာ ရွှေမြွေသိုင်းသမားမှာ လူကောင်းတစ်ယောက်ဖြစ်နိုင်သည်။

ထို့ကြောင့် သူသည် သိုင်းပညာလေ့ကျင့်ရန် ဆုံးဖြတ်လိုက်သည်။

❁ ❁ ❁

လက်နက်ပုန်းပစ်နည်း၊ သိုင်းလေ့ကျင့်နည်း၊ အတွင်းအားလေ့ကျင့်နည်း စသည်တို့ကို စာအုပ်တွင် အလက်ာဖြင့် ရေးသားထားသည်။

ဝမ်စိန်ကြည်၌ စိတ်ဝင်စားစွာဖြင့် ဖတ်ရှုနေ၏။

ထိုစာအုပ်၌ ရေးသားထားသော အလက်ာသည် သူ၏ဆရာသင်ကြားပေးပုံနှင့် အနည်းငယ်သာ ကွာခြား၏။

စာကို စိတ်ပါလက်ပါ ဖတ်ရှုသောအခါ အလွန် အချက်ကျ၏။ စနစ်တကျရှိ၏။ မှန်ကန်နေသည်ကို တွေ့ရလေသည်။

သူသည် စာအုပ်ကို အကြိမ်ကြိမ် အခါခါ ရွတ်ဖတ်လေ့လာနေသည်။

အမှန်တကယ် အသုံးပြုရန် မရည်ရွယ်ပါ။

သူသည် သိုင်းပညာတတ်မြောက်ထားလျှင် အခက်အခဲနှင့်ကြုံတွေ့ရလျှင် မိမိကိုယ်မိမိ ကာကွယ်နိုင်သည်ဟု ယူဆ၏။



ထို့ကြောင့် လေ့လာနေခြင်းဖြစ်၏။

သို့သော် ...

"အခေါက်များစွာ ဖတ်ရှုရသောအခါ ရွှေမြွေသိုင်းကျမ်းမှ သိုင်းကွက်များမှာ အလွန်ထူးဆန်းသည်။

လွယ်မယောင်နှင့် ခက်သည်။

တိမ်မယောင်နှင့် နက်သည်။

အလွန်ရက်စက်ကြမ်းကြုတ်သော တိုက်ကွက်များ ပါဝင်ကြောင်း တွေ့ရှိရလေတော့သည်။

သူ ဆက်လက်ဖတ်ရှုလိုက်သောအခါ ငယ်စဉ်ကသူ့ဆရာသင်ကြားပေးသော သိုင်းကွက်ထက် အဆမတန် မြင့်မားနေ၏။

ဝမ်စိန်ကြည်မှာ ဉာဏ်ကောင်းသူပီပီ ငါးရက်မြောက်သောနေ့တွင် ရွှေမြွေသိုင်းကျမ်းမှ ပါဝင်သော ကဗျာများကို အကုန်လုနီးပါးအလွန်ရနေလေသည်။

တစ်ဖန် အချို့နေရာများတွင် လေ့ကျင့်ရန် ခက်ခဲနေလေသည်။

ထို့ကြောင့် သူသည် ဆွံ့အကြီးကိုအကူအညီတောင်းရန် စိတ်ကူးမိသည်။

အကြောင်းမှာ သူလိုဏ်ဂူအတွင်းသို့ ဆင်းသောအခါ လူရုပ်ပုံများ ရေးဆွဲထားသည်ကို တွေ့ခဲ့သောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူလိုဏ်ဂူသို့ နောက်တစ်ခေါက် ထပ်သွားရလေတော့၏။

သူသည် လိုဏ်ဂူအတွင်းသို့ ရောက်သောအခါ အရိုးစုမြှုပ်နှံထားသော နေရာသို့ သွားရောက်ကာ ဒူးထောက်၍ ဂါရဝပြုလိုက်၏။

ထို့နောက် ရုပ်ပုံကားချပ်များကို သေချာစွာ ကြည့်ပြီးသောအခါ အလွတ်ကျက်မှတ်လိုက်၏။

အလွတ်ကျက်မှတ်အပြီး လိုဏ်ဂူမှတောင်ပေါ်သို့ ပြန်တက်ရန် လှည့်ထွက်လိုက်သည်။

မြေကြီးပေါ်၌ ဓားတစ်ချောင်း စိုက်ထားသည်ကို သတိရလာသဖြင့် ဓားအနီးသို့ လျှောက်သွားသည်။

ဓားကို ဝှေ့ယမ်းလိုက်သည်နှင့် ဓားရိပ်များ ထွက်ပေါ်လာ၏။

ယင်းဓားသည် ထူးဆန်းနေသည်မှာ မြွေတစ်ကောင်ကဲ့သို့ ကောက်ကွေးနေပြီး ဓားဖျားအိမ်၌ မြွေစွယ်ကဲ့သို့ လျှာနှစ်ခုပါတပ်ဆင်ထား၏။

ရွှေမြွေသိုင်းကျမ်းကို လေ့ကျင့်လျှင် ၎င်းဓားကို အသုံးချပါက အံဝင်ခွင်ကျဖြစ်သည်။

ထို့ကြောင့် တောင်ပေါ်သို့ တက်သောအခါ ယင်းဓားကလေးအား ယူဆောင်လာ၏။



ကျောက်အိမ်ကလေးသို့ ရောက်သောအခါ ကျက်မှတ်လာသော ရုပ်ပုံများနှင့် ဖတ်၍မရှင်းလင်းသော စာများကို ဆက်ဖတ်ကြည့်သောအခါ သဘောပေါက်နားလည်လာလေတော့၏။

ဝမ်စိန်ကြည် သိုင်းပညာ လေ့ကျင့်နေသည်ကို ဆွံ့အကြီး အနှောင့်အယှက် မပြုချေ။

ဆွံ့အကြီးသည် ချက်ရေးပြုတ်ရေးနှင့်ပင် သူ၏အချိန်ကုန်လေ၏။

ဝက်ဝံနှစ်ကောင်သာ အနှောင်အဖွဲ့မှ လွတ်လာလျှင် ဝင်မိန်ကြည်ထံသို့ လာရောက်လာ၏။

ထိုအခါ လေ့ကျင့်ထားသော သိုင်းကွက်များအား ဝက်ဝံများဖြင့် ဆော့ကစားရင်း အသုံးပြုတတ်လေ၏။

သူ၏သိုင်းပညာသည် ရက်ပိုင်းအတွင်း တိုးတက်လာကြောင်း တွေ့လိုက်ရသည်။

ဝမ်စိန်ကြည်သည် အားတက်ကာ ရှေ့သို့ အားကြိုးမာန်တက် ဆက်လက်လေ့ကျင့်လေသည်။

ဤသို့ဖြင့် နောက်ထပ် ၁၀ ရက် အချိန်ကုန်ဆုံးသွားလေ၏။

ထိုအချိန်အတွင်း လေ့ကျင့်ရန် ရွှေမြွေသိုင်းကျမ်းတွင် စာရွက်သုံးရွက်သာ ကျန်တော့၏။

သို့သော် နောက်ဆုံးကျန်သော စာရွက်သုံးရွက်မှ သိုင်းပညာကို လေ့ကျင့်ရန် အခက်ကြုံရပြန်လေ၏။

နောက်ဆုံးစာရွက်တွင် ပါဝင်သော အလက်ာများတွင် တစ်စုံတစ်ခု လိုနေကြောင်း တွေ့ရသည်။

အလက်ာအတိုင်း လေ့ကျင့်ပြန်သော်လည်း တစ်စုံတစ်ခုလိုနေကြောင်း ခံစားမိသဖြင့် ရှာဖွေကြိုးစားကြည့်သော်လည်း မတွေ့ရပါချေ။

ညဘက်ရောက်သောအခါ ဝမ်စိန်ကြည် အိပ်မပျော်တော့ပါ။

လက်ချိုးရေတွက်ကြည့်သောအခါ မူလိန်ချိန်း တောင်ပေါ်မှ ဆင်းသွားသည်မှာ ၂၈ ရက်ရှိနေပြီဖြစ်ကြောင်း သိရှိလိုက်ရ၏။

သူလည်း နောက်ထပ် နှစ်ရက်နေပြီးလျှင် တောင်အောက်သို့ ဆင်းနိုင်တော့မည် ဖြစ်သည်။

သူတောင်အောက်သို့ ဆင်းသွားသောအခါ ရွှေမြွေသိုင်းကျမ်းအား တစ်ပါတည်း ယူဆောင်မသွားဝံ့ချေ။

တောင်ပေါ်၌လည်း ထားခဲ့ရန် စိတ်မချချေ။

လူဆိုးများလက်ထဲသို့ ရောက်သွားလျှင် အန္တရာယ်ရှိနိုင်ကြောင်း နားလည်ထားသည်။

ထို့ကြောင့် ...

အစဖျောက်ရန် စိတ်ကိုဆုံးဖြတ်လိုက်သည်။



ထို့ကြောင့် မီးခွက်ရှိရာသို့ လျှောက်ခဲ့လေ၏။

မီးရှို့လိုက်သောအခါ စာရွက်များ မီးလောင်ကျွမ်းသွားလေ၏။

သို့သော် အဖုံးစာရွက်မှာ တစ်ရွက်တစ်ပျက်သာ မီးလောင်ပြီး ရှေ့ဆက်မလောင်တော့သည်ကို တွေ့ရလေ၏။

ဝမ်စိန်ကြည် အံ့သြသွားသည်။

သူသည် စာရွက်ကို သေသေချာချာ ယူကြည့်လျှင် စာအုပ်အဖုံးမှာ ကြေးဖြင့်ပြုလုပ်ထားကြောင်းကို တွေ့လိုက်ရလေ၏။

ကြေးပြားဖြင့် နှစ်ထပ်ပြုလုပ်ထားပြီး အဖုံးချုပ်ထားခြင်းဖြစ်သည်။

မီးလောင်ကျွမ်းသွားသောကြောင့် ကြေးပြားမှာ မှိုင်းများမည်းကာ ပူလောင်နေသည်။

ကြေးပြားအား ခဏတာ အအေးခံကြည့်သောအခါ ကြေးပြားကြားမှ စာရွက်နှစ်ရွက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

စာရွက်တစ်ရွက်မှာ ပန်းချီများ ရေးဆွဲထားသော မြေပုံတစ်ခုဖြစ်၏။

ကျန်တစ်ရွက်တွင်မူ လူရုပ်ပုံများ ရေးဆွဲထားကာ အလက်ာနှင့် စာများရေးထား၏။

ပန်းချီကားချပ်ပမာ ရေးဆွဲထားသော စာရွက်နောက်တွင် စာအချို့ ပါရှိ၏။

"ဤရတနာမြေပုံညွှန်းအတိုင်း ရတနာများ ရရှိသူသည် ကျောက်ယက်မတောင်ခြေရှိ ဝင်မိသားစုခြံဝင်းမှ ဝင်ယီအား ရွှေကျပ်သား တစ်သိန်းတိတိ ပေးရမည်"

ဝမ်စိန်ကြည်သည် ရတနာမြေပုံစာရွက်ကို သိမ်းဆည်းလိုက်ပြီး ကျန်လူရုပ်ပါသော စာရွက်မှ အလင်္ကာများကို ဖတ်ကြည့်လိုက်၏။

ထိုအခါ ရွှေမြွေသိုင်းကျမ်းတွင် ပါဝင်သော နောက်ဆုံးစာရွက်မှ လင်္ကာများနှင့် ဆက်စပ်မှုရှိနေသည်ကို မထင်မှတ်ဘဲ တွေ့လိုက်ရတော့၏။

ဝမ်စိန်ကြည်သည် ဝမ်းသာသွားပြီး ချက်ချင်း မှတ်ရွလေ့ကျင့်တော့၏။

ရွှေမြွေသိုင်းကျမ်းမှ သိုင်းပညာအားလုံးလိုလိုကို မှတ်ဉာဏ်ကောင်းပြီး သိုင်းပညာ အခြေခံကောင်းသော ဝမ်စိန်ကြည်သည် တစ်လအတွင်း အတော်ကလေး တတ်ကျွမ်းသွားလေတော့၏။

သူက နောက်ဆုံးမှ တွေ့ရသော စာရွက်နှစ်ရွက်ကို သိမ်းထားလိုက်၏။



နောက်နှစ်ရက်အကြာတွင် တောင်အောက်သို့ ဆင်းရန် ပစ္စည်းများ သိမ်းဆည်းထားလိုက်သည်။

ပထမဦးစွာ ဆွံ့အကြီးကို နှုတ်ဆက်ရသည်။

နှစ်ပေါင်းများစွာ အတူနေလာရပြီး ခွဲရမည်ကို တွေ့ရသောအခါ ဆွံ့အကြီး စိတ်မကောင်းဖြစ်လေ၏။

သို့သော် မည်သို့မှမပြောဘဲ ခေါင်းငုံ့ရပ်နေ၏။

ဝမ်စိန်ကြည်အား သွားခွင့်မပြုသည်မှာ ဝက်ဝံနှစ်ကောင်ဖြစ်၏။

ဝက်ဝံများသည် သူနှင့် အနီးကပ်နေထိုင်လာသောကြောင့် ဝမ်စိန်ကြည်အပေါ် သံယောဇဉ် တွယ်နေသည်။

ထို့ကြောင့် ဝမ်စိန်ကြည်၏ လက်ကို အတင်းဆွဲထားလေသည်။

မည်သို့မျှ မတတ်နိုင်တော့သည့်အဆုံး သူသည် ဝက်ဝံနှစ်ကောင်ကို ခေါ်ကာ တောင်အောက်သို့ ဆင်းလာတော့၏။

❀ ❀ ❀

# ခရီးသည်

ဝမ်စိန်ကြည်သည် ကလေးဘဝတွင် စည်ကားသော မြို့ကြီးပြကြီးများကို မကြာခဏ ရောက်ခဲ့ဖူးပါသည်။

သို့သော် နှစ်ပေါင်းများစွာ တောတောင်ထဲ၌ နေထိုင်ခဲ့ပြီးနောက် အရွယ်ရောက်လာရာ တောင်အောက်သို့ ဆင်းလာမိလျှင် သူ့အတွက် အထူးအဆန်းဖြစ်နေလေတော့၏။

ဝမ်စိန်ကြည်သည် ဝက်ဝံနှစ်ကောင်၏လက်ကိုဆွဲကာ ခရီးတစ်လျှောက် တွေ့သမျှလူအား မေးမြန်းကာ စုံစမ်းကာ လီကျိုတပ်စစ်တပ် စခန်းချရာနေရာဒေသသို့ လိုက်ခဲ့၏။

လီကျိုတပ်၏ စစ်တပ်များသည် နေရာအနှံ့အပြားတွင် ရှိနေပါသည်။

ထို့ကြောင့် စန်းစီးနယ်သို့ ရောက်သောအခါ စစ်စခန်းတစ်ခုကို တွေ့လိုက်ရသည်။



ယင်းစခန်းမှာ မြင်းစီးစစ်သည်တော် တပ်စုတစ်စု ဖြစ်သည်။

ဝမ်စိန်ကြည်လည်း အားရဝမ်းသာစွာနှင့် စခန်းတွင်းသို့ ဝင်သွားရာ ထိုစခန်းရှိ တာဝန်ရှိသော စစ်ဗိုလ်ယန်ဝါက ကြိုဆိုဧည့်ခံ၏။

ယန်ဝါ၏ ပြောပြချက်အရ မူလိန်ချိန်းနှင့် ကို့ချူစန်းတို့ ခရီး ထွက်သွားကြောင်း သိရှိလိုက်၏။

ဝမ်စိန်ကြည်အား မူလိန်ချိန်း၏ တပည့်ဖြစ်သည်ကို သိရှိရသဖြင့် လေးလေးစားစား ဆက်ဆံကြရ၏။

မူလိန်ချိန်းနှင့် ကို့ချူးစန်းတို့ ပြန်ရောက်မည့်ရက်ကို တိတိကျကျ မသိရပါ။

ထို့ကြောင့် ထိုခံတပ်၌ ကြာရှည်မနေလိုသဖြင့် သူနှုတ်ဆက်၍ သွားမည်အပြုတွင် ယန်ဝါက သူ့အား မေးမြန်းလိုက်သည်။

"မိတ်ဆွေက သူတို့ရဲ့ သတင်းကို ကြားရတဲ့အထိ မစောင့်ဘဲ ထွက်သွားတော့မလို့လားဗျာ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် ဒီအနီးအနားတစ်ဝိုက်မှာ မြို့ကို လျှောက်လည်ပတ်လိုက်ပါဦးမယ်၊ ပြီးမှ နောက်တစ်ခေါက် ပြန်လာခဲ့မယ်"

ယန်ဝါက သူ့အား တစ်ချက်ကြည့်လိုက်သည်။

"ဒါဖြင့်လည်း မိတ်ဆွေ သွားပါ၊ ဒါပေမယ့် ဝက်ဝံနှစ်ကောင်တော့ ခေါ်သွားလို့ ဖြစ်မယ်မထင်ဘူး"

ဝမ်စိန်ကြည်သည် သူ၏ ဝက်ဝံနှစ်ကောင်နှင့် မြို့ပြများနှင့် မကိုက်ညီကြောင်း တွေးမိ၏။

"ဟုတ်ကဲ့ ... ကျွန်တော်ဝက်ဝံတွေ ဒီမှာ အပ်ထားခဲ့မယ်၊ သူတို့ကို ကောင်းကောင်း စောင့်ရှောက်ထားပါဗျာနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ"

ယန်ဝါက ဝမ်စိန်ကြည်၏ ခါးတွင် ချိတ်ဆွဲထားသော ဓားအိမ်မပါသော မြွေစားကို တွေ့လိုက်ရသဖြင့် ...

"မိတ်ဆွေရဲ့ဓားဟာ အင်မတန်ထူးဆန်းပါတယ်၊ ဒါကြောင့် သိုင်းလောကသားတွေ စိတ်ဝင်စားကောင်း ဝင်စားနိုင်တယ်၊ ဒါကြောင့် မိတ်ဆွေ လွတ်လွတ်လပ်လပ် မလည်ပတ်နိုင်ဘဲ နေလိမ့်မယ်"

ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူး၊ ကျုပ် သူတို့ကို ရင်မဆိုင်ဘဲ ရှောင်ပါ့မယ်"

ယန်ဝါက တစ်ချက်ပြုံးလိုက်၏။

"သိုင်းလောကသားတွေရဲ့စိတ်က အင်မတန်ထူးဆန်းတယ်၊ မိတ်ဆွေကို ထူးဆန်းတဲ့ လူတစ်ယောက်ဆိုပြီး ယှဉ်ပြိုင်ကြမှာ သေချာတယ်၊ မိတ်ဆွေ အသက်အန္တရာယ် ကျရောက်မှာမို့ ကာကွယ်



ရင်း ပြန်ယှဉ်ပြိုင်ရမယ်၊ ဒီတစ်ပွဲနဲ့မပြီး၊ နောက်တစ်ပွဲ ဆက်လာပြီး သံသရာရှည်နိုင်တယ်"

ဝမ်စိန်ကြည် စိတ်ပျက်သွား၏။

ယန်ဝါပြောသော စကားများမှာ ဖြစ်နိုင်ကြောင်း စဉ်းစားမိသည်။

"ကောင်းပြီလေ ... ဒီဓားကိုလည်း ခင်ဗျားဆီမှာ အပ်ခဲ့မယ်၊ ခင်ဗျား ထိန်းသိမ်းထားပါဗျာ"

ဓားနှင့် ဝက်ဝံနှစ်ကောင်အား အပ်ခဲ့ပြီး ဝမ်စိန်ကြည် တစ်ယောက်တည်း ထွက်လာခဲ့၏။

သူ့တွင် ကျန်ရှိနေသော မြွေသိုင်းသမား၏ စာထဲတွင်ပါသည့်အတိုင်း ကျောက်ယက်မတောင်ခြေရှိ ဝင်အမျိုးအနွယ် ခြံဝင်းသို့ သွားကြည့်လိုက်သည်။

ဝင်ယိနှင့် တွေ့လျှင် မြွေသိုင်းသမားအကြောင်းကို သိရှိနိုင်မည်ဟု ယူဆထား၏။

ထူးဆန်းလှသော ရွှေမြွေသိုင်းသမား၏ ဘဝဖြစ်စဉ်ကို သိလိုစိတ် ပြင်းပြနေသည်။

❋ ❋ ❋

တစ်နေ့ ...

ဝမ်စိန်ကြည် မြစ်ကမ်းပါးတစ်ခုသို့ ရောက်ရှိလာ၏။

မြစ်ကမ်းပါးတွင် ရွက်ဖွင့်ထားသော လှေကြီးတစ်စင်း ရပ်ထားသည်ကို တွေ့လိုက်ရသည်။

ရွက်ဖွင့်ထားသည်မှာ မကြာမီ ခရီးထွက်တော့မည် ဖြစ်ကြောင်း သိရှိနိုင်သည်။

လှေကြီးသည် တောင်ပိုင်းသို့ စုန်ဆင်းမည်ဖြစ်ရာ ဝမ်စိန်ကြည်လည်း လှေကြုံလိုက်ရလျှင် ကောင်းမည်ဟု တွေးတောမိသည်။

ထို့ကြောင့် မြစ်ဆိပ်ကိုဆင်းကာ လှေသူကြီးကို မေးမြန်းလိုက်သည်။

"ဗျို့ ... လှေသူကြီး၊ လှေကြုံလိုက်ချင်လို့ ရမလားခင်ဗျာ၊ လှေစီးခ ပေးပါ့မယ်"

လှေသူကြီးက လှေစီးခရမည်ဖြစ်ကြောင်း သိလိုက်သည်နှင့် ခေါင်းညိတ်ကာ လက်ခံလိုက်၏။

သို့သော် ...

သူအတန်ကြာမှ ခေါင်းခါယမ်းလိုက်ပြန်သည်။

ဝမ်စိန်ကြည် ကြောင်သွား၏။

လှေသူကြီးက ထိုလှေအား ကုန်သည်တစ်ယောက်က စင်းလုံးငှားထားကြောင်း ပြောပြ၏။



ထိုသို့ ပြောဆိုနေစဉ် လူတစ်ယောက် ရောက်ရှိလာ၏။

ထိုလူမှာ လှေအား စင်းလုံးငှားထားသော ကုန်သည်ကြီးဖြစ်၏။

သူ၏အသက်မှာ ၅၀ ခန့်ရှိပြီး သဘောကောင်းပုံရလေသည်။

"လှေသူကြီး ဘာတွေဖြစ်နေကြတာလဲဗျ"

လှေသူကြီးက ...

"ခြော် ... သူဌေးမင်း ဟောဒီလူငယ်တစ်ယောက်က လှေကြုံလိုက်ချင်တယ်ဆိုလို့"

ထိုကုန်သည်ကြီးသည် ဝမ်စိန်ကြည်အား အကဲခတ်ကြည့်လိုက်၏။

ဝမ်စိန်ကြည်မှာ ရုပ်ရည်သန့်ပြန့်ပြီး စာပေသမား တစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသည်။

သူ၏ပုံဟန်မှာ ယဉ်ကျေးသော လူတစ်ယောက်ပုံစံ ဖြစ်နေသောကြောင့် ကုန်သည်က ...

"သူငယ် မင်းက စာပေသမား တစ်ယောက်လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ကုန်သည်ကြီးက တစ်ချက်ပြုံးလိုက်ပြီး ...

"အေး ... ကျုပ်ကလည်း စာပေသမားတွေကို သဘောကျပါ

တယ်၊ လှေပေါ်တက်ပါ၊ လှေစီးခကို ကျုပ်မယူဘူး၊ ခင်ဗျား စေတနာရှိရင်တော့ လှေသူကြီးကို ပေးလိုက်နိုင်ပါတယ်"

လှေကြုံလိုက်ခွင့်ရသဖြင့် ဝမ်စိန်ကြည် ဝမ်းသာသွား၏။

ကုန်သည်ကြီးအား လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်ရင်း ...

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျသင့်တဲ့ငွေကို လှေသူကြီးကို ပေးလိုက်ပါ့မယ်"

လှေသူကြီးသည် နောက်ထပ် လှေစီးခကို ရမည်ဆိုသဖြင့် ဝမ်းသာသွား၏။

ဝမ်စိန်ကြည် လှေပေါ်သို့ တက်လိုက်သည်။

လှေပေါ်သို့ရောက်သည်နှင့် လှေသူကြီးက လှေထွက်ရန် လှေထိုးသားများအား အမိန့်ပေးလိုက်၏။

ထိုစဉ် ...

"နေကြပါဦး ... ခဏနေကြပါဦး"

အော်သံနှင့်အတူ လူတစ်ယောက် ကမ်းစပ်သို့ ပြေးဆင်းလာသည်ကို မြင်လိုက်ရ၏။

ထိုလူသည် အသက် ၁၈-၁၉ ခန့်ရှိမည်ဟု ထင်ရသော လူရွယ်တစ်ယောက်ဖြစ်သည်။

စာပေသမား အဝတ်အစား ဝတ်ထား၏။



ကျောပေါ်တွင် အထုပ်ကလေး တစ်ထုပ်ပိုးထားသည်။

လှေသူကြီး အနားရောက်သောအခါ လူရွယ်က ...

"ဗျို့ ... လှေသူကြီး ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ လှေကြုံလိုက်ချင်လို့ပါ ခင်ဗျာ၊ လှေစီးခကို နှစ်ဆပေးပါ့မယ်"

ဟု အော်ပြောလိုက်၏။

လှေသူကြီးက ကုန်သည်အား တစ်ချက်ကြည့်လိုက်သည်။

ကုန်သည်ကြီးက လူရွယ်ပုံဟန်မှာ စာပေသမားတစ်ယောက်ဖြစ်နေသဖြင့် သဘောကျသည်။

လှေသူကြီးအား လက်ဖွေ့ယမ်းပြလိုက်၏။

လှေသူကြီးက ...

"ဟေ့ ... သူတက်နိုင်အောင် ပျဉ်ပြားတစ်ချပ် ထိုးပေးလိုက်ပါ"

ဟု အမိန့်ပေးလိုက်၏။

ထိုအချိန်အခါ တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန် သူခိုး ဓားပြများ အလွန်ပေါများနေသည်။

ကုန်သည်ကြီးသည် ဝမ်စိန်ကြည်နှင့် လူရွယ်တို့အား သူခိုးဓားပြ မဟုတ်ဘဲ စာပေသမားများဖြစ်သည်ဟု ယူဆကာ လက်ခံခြင်းဖြစ်ပေသည်။

လူရှယ်သည် ပျဉ်ပြားအား နင်းတက်လာသောအခါ လှေကြီးမှာ သိမ့်ခနဲ တစ်ချက်ဖြစ်သွား၏။

ထို့ကြောင့် လူရှယ် ကျောဌ်ပိုးထားသော အထုပ်မှာ လေးလံသော ပစ္စည်းဖြစ်ရမည်ဟု ဝမ်စိန်ကြည် သိလိုက်သည်။

သို့သော် လူရှယ်အား ကြည့်ရသည်မှာ ထိုအထုပ်အား လေးလံသည်ဟု ထင်ပုံမရချေ။

ကုန်သည်ကြီးသည် လူရှယ်နှင့် ဝမ်စိန်ကြည်အား ခေါ်ကာ နံနက်စာကျွေးမွေး၏။

လူရှယ်နှင့် ဝမ်စိန်ကြည်သည် သဘောကောင်းသော ကုန်သည်ကြီး၏ ဖိတ်ခေါ်ချက်ကို မငြင်းနိုင်သဖြင့် လက်ခံလိုက်ရလေ၏။

စားသောက်ပြီးသောအခါ ကုန်သည်ကြီးက သူ၏အမည်မှာ လုံကာတ်လင်ဖြစ်ကြောင်း ပြောပြီး လူရှယ်တို့၏အမည်ကို မေးလေသည်။

ဝမ်စိန်ကြည်က အမှန်အတိုင်း ပြောပြလိုက်၏။

လူရှယ်၏အမည်မှာ ဝင်မိန်ချိုင်း ဖြစ်သည်ဟု ပြောပြလေသည်။

ဝမ်စိန်ကြည်က တောင်ပိုင်းသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ပြောပြလိုက်၏။

လူရှယ်၏ မိခင်မှာ နေမကောင်းဖြစ်၍ အရေးတကြီး သွားရမည်ဖြစ်ကြောင်း ပြောပြလေ၏။



ဝမ်စိန်ကြည်မှာ လူရှယ် ဝင်မိန်ချိုင်းအတွက် စိတ်မကောင်းဖြစ်ရလေသည်။

စားသောက်ပြီးသောအခါ ကုန်သည်ကြီး လုံတတ်လင်က အနားယူလေည်။

ဝမ်စိန်ကြည် လှေဦးပိုင်းသို့ ထွက်လာသောအခါ ဝင်မိန်ချိုင်းက လိုက်ပါလာ၏။

ဝင်မိန်ချိုင်းသည် ဝမ်စိန်ကြည်အား တစ်ချိန်လုံး အကဲခတ်ကြည့်နေလေသည်။

ဤသည်ကို ဝမ်စိန်ကြည် သတိပြုမိသည်။

ဝင်မိန်ချိုင်းမှာ ဖြူဖွေးနုနယ်သော အသားအရည်နှင့် သန့်ပြန့်သော ရုပ်ရည်နှင့် မာနကြီးပုံတို့သည် အထက်တန်းကျသော မိသားစုမှ ဆင်းလက်လာသူဖြစ်ကြောင်း အကဲခတ်မိသည်။

ဝမ်စိန်ကြည်သည် မြစ်ရေပြင်အား ငေးမော၍ကြည့်နေစဉ် နောက်မှ ဝင်မိန်ချိုင်းက စကားစလိုက်သည်။

"မိတ်ဆွေက ဒီနယ်သား မဟုတ်ဘူးထင်တယ်၊ တောင်ပိုင်းကို ဘာကြောင့် သွားမှာလဲဗျ"

ဝမ်စိန်ကြည်က စကားပြန်ပြောလိုက်သည်။

"မှန်ပါတယ်၊ ကျုပ် တောင်ပိုင်းဇာတိ မဟုတ်ပါဘူး၊ တောင်ပိုင်းမှာ လူတစ်ယောက်ကို သွားရှာမလို့ပါ"

လှရွယ်က ...

"ဘယ်သူ့ကိုသွားရှာမှာလဲဗျ"

ဝမ်စိန်ကြည်က ...

"မိတ်ဆွေတစ်ယောက်ကိုပါ"

စကားပြောရင်းမှ ဝင်မိန်ချိုင်းမှာ ခင်မင်နှစ်လိုဖွယ် ကောင်းကြောင်း ရိပ်စားမိလိုက်သည်။

ဝင်မိန်ချိုင်းသည် မိန်းကလေးတစ်ယောက် ချောမောသလို ချောမောသည်။

ရယ်သောအခါ၌ ပါးချိုင့်ကလေးများ ခွက်ဝင်သွားပြီး သွားတက်ကလေး ပေါ်လွင်နေသည်။

ပြုံးရယ်သောအခါ၌ ပို၍ချစ်စရာကောင်းသည်။

သူတို့ စကားပြောနေချိန်တွင် မြစ်ထဲ၌ လှေငယ်ကလေး နှစ်စင်း အရှိန်ပြင်းစွာ လှော်ခတ်သွားကြသည်ကို တွေ့မြင်လိုက်ရသည်။

လှေပေါ်တွင် လူလေးယောက်စီ မတ်တတ်ရပ် လိုက်ပါသွားသည်။

အလွန်လျင်မြန်စွာ လှော်ခတ်သွားသည်ဖြစ်ရာ အရှေ့ဘက်တွင် မြစ်ကွေ့တစ်ခုသို့ ချိုးကွေ့သွားသည်။

သူတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ဝမ်စိန်ကြည် အံ့သြသွားသည်။



လျင်မြန်စွာ လှော်ခတ်သွားသော လှေကလေးပေါ်၌ မတ်တတ်ရပ် လိုက်ပါသွားသော သိုင်းသမားများဖြစ်နိုင်ကြောင်း ရိပ်စားမိသည်။

ပို၍ အံ့သြသည်မှာ ထိုလှေကလေးပေါ်မှ လူများအား ဝင်မိန်ချိုင်က မုန်းတီးသော မျက်လုံးများဖြင့် ကြည့်နေသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သူ၏အကြည့်မှာ မုန်းတီးခြင်း၊ စက်ဆုပ်ခြင်း၊ လူသတ်လိုခြင်း စသည့် အရိပ်အယောင်များ ထွက်ပေါ်နေသည်။

ဝမ်စိန်ကြည် ကျောချမ်းသွားသည်။

လှေကြီးသည် ခရီးဆက်လက်ထွက်ခွာလာရာ မြို့တစ်မြို့၏ ဆိပ်ကမ်းတွင် ရပ်နားသည်။

ဝမ်စိန်ကြည်သည် ယခု ပထမဆုံးအကြိမ် ခရီးထွက်လာခြင်း ဖြစ်သဖြင့် မြို့ကိုရောက်သောအခါ သွားရောက်လည်ပတ်ချင်စိတ်များ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် ...

သူသည် မြို့ပေါ်သို့ သွားရောက်လည်ပတ်ရန် ဝင်မိန်ချိုင်းအား အဖော်ခေါ်လေသည်။

ဝင်မိန်ချိုင်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး ...

"ဒီလောက်ခေါင်တဲ့ နေရာမှာ ဘာမှလည်း ကြည့်စရာ မရှိဘဲ မလည်ချင်စမ်းပါနဲ့ဗျာ"

ဟု အပြစ်တင်သလို ပြောသည်။

ဤသည်ကို ဝမ်စိန်ကြည် စိတ်မဆိုးပါ။

ကုန်သည် လုံတက်လင်ကိုလည်း အဖော်စပ်မရသည့်နောက် ဆုံးသူတစ်ယောက်တည်း ကမ်းပေါ်တက်လာ၏။

မြို့ထဲသို့ ဟိုဟိုသည်သည် လျှောက်ကြည့်သည်။

ပြီးနောက် သစ်သီးဝလံများ၊ စားစရာများနှင့် အရက်များ ဝယ်ကာ ပြန်လာသည်။

သူ၏ ဖော်ဖော်ရွေရွေရှိသလောက် ဝင်မိန်ချိုင်းက သူ့အား အထင်သေးစွာ ဆက်ဆံသည်။

သူ့အပေါ် မယုံသင်္ကာ အမြဲရှိကြောင်း ဝမ်စိန်ကြည် ရိပ်မိသည်။

သူပြန်ရောက်လာသောအခါ ကုန်သည်ကြီးနှင့် ဝင်မိန်ချိုင်းတို့ အိပ်ရာဝင်သွားကြပြီဖြစ်၏။

ထို့ကြောင့် ဝယ်လာသော စားသောက်စရာများအား မကျွေးမွေးရတော့ဘဲ သိမ်းဆည်းထားလိုက်ပြီး အိပ်ရာထဲသို့ ဝင်ခဲ့လေတော့သည်။

❀ ❀ ❀



ထိုနေ့ည ...

လဝန်းကြီးသည် ကောင်းကင်၌ ထိန်ထိန်သာနေပေသည်။

မြစ်ရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများသာ ရှိသည်။

ဝမ်စိန်ကြည် တော်တော်နှင့် အိပ်မပျော်ပါချေ။

ညဉ့်နက်သန်းခေါင် ရောက်လာသောအခါ လေချွန်သံတစ်ချက် စူးစူးရှရှ ထွက်ပေါ်လာသည်ကို မထင်မှတ်ဘဲ ကြားလိုက်ရသည်။

မြစ်ကမ်းပါး၌ လေချွန်သံကြားရသည်မှာ ထူးဆန်းသည်ဟု တွေးမိကာ အိပ်ရာမှထလာသည်။

သူ့အတွက် ပေးထားသော အိပ်ခန်းမှ ထွက်လာသောအခါ လှေဦးပိုင်းတွင် လူရိပ်တစ်ခု ပြေးသွားသည်ကို တွေ့မြင်လိုက်ရသည်။

ဝမ်စိန်ကြည်သည် အတွင်းအားကောင်းသူဖြစ်ရာ ပြေးလွှားသွားသော လူရိပ်မှာ ဝင်မိန်ချိုင်းဖြစ်ကြောင်း သိလိုက်၏။

ဝင်မိန်ချိုင်း၏ လက်ထဲတွင် ဓားတစ်လက် ကိုင်ဆောင်ထားသည်ကို တွေ့လိုက်ရသဖြင့် ဝင်စိန်ကြည် စိတ်လှုပ်ရှားသွား၏။

ဝင်မိန်ချိုင်းအား လူကောင်းတစ်ယောက် မဟုတ်ဘဲ ကုန်သည်ကြီးအား လုယူရန် လာသူဟု ထင်မိလေသည်။

"ဟင်း … မင်းကအကြံနဲ့လူပေါ့၊ မင်းလူတွေ ရောက်လာလို့ ကုန်သည်ကြီးကို လုယက်ဖို့ကြံမလို့လား၊ ဟား … ဟား … ကျုပ်က လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး"

ဟု စိတ်ထဲ၌ ရေရွတ်ပြီး နောက်မှလိုက်သွားလေသည်။

သူ၏မြွေစားသည် ယန်ဝါထဲ၌ အပ်ထားခဲ့ရသဖြင့် သူ့ထံ၌ ဓားမြှောင်တစ်ချောင်းနှင့် ကြာစေ့လက်နက်ပုန်းကလေးများသာ သူနှင့်အတူ ပါလာ၏။

သူသည် လှေဦးပိုင်းသို့ တိတ်တဆိတ် နောက်ယောင်ခံ လိုက်လာ၏။

ထိုစဉ် ကျယ်လောင်သော အသံတစ်ခုက ညဥ့်ဦးယံအား ထိုးဖောက်ကြားလိုက်ရသည်။

"မိတ်ဆွေက သိုင်းလောကသားဖြစ်ပြီး ဘာကြောင့် သိုင်းလောက စည်းကမ်းကို မလိုက်နာချင်ရတာလဲဗျ"

ထိုစကားသံနှင့် မရှောင်းမနှောင်းပင် ဝင်မိန်ချိုင်း၏ စကားသံကို ကြားလိုက်ရ၏။

"ဒါတွေ ကျုပ်နားမလည်ဘူး၊ မလေးစားတော့ကော ဘာဖြစ်သလဲ"

ထို့နောက် အခြားတစ်ယောက်၏ အသံက …



"ကျုပ်တို့က အပင်ပန်းခံပြီး ဝူဟန်ကတောင် လိုက်လာရတာ၊ မိတ်ဆွေက ကြားဖြတ်လုသွားတာတော့ မကောင်းပါဘူးဗျာ"

ထိုစဉ် ကုန်သည်ကြီး နိုးလာပြီဖြစ်၏။

ကုန်သည်ကြီးသည် အိပ်ရာမှထကာ ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်၏။

လှေငယ်များ မြစ်ထဲရှိနေကြပြီး လှေငယ်ကလေးပေါ်ရှိ လူများသည် မီးတုတ်များ ကိုင်ဆောင်ထားသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူများသည် လူတိုင်းလိုလို လက်နက်များ ကိုင်ဆောင်ထားကြသည်။

ကုန်သည်ကြီးမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

အပြင်သို့ ကမန်းကတန်း ထွက်လိုက်၏။

မှောင်ရိပ်ထဲ၌ ရပ်နေသော ဝမ်စိန်ကြည်အား ဝင်တိုက်မိသွား၏။

ဝမ်စိန်ကြည်က အသံမထွက်ရန် အချက်ပေးလိုက်ပြီး စိုးရိမ်စရာမရှိကြောင်း ရှင်းပြလိုက်၏။

လှေပေါ်မှ လူများသည် ဝင်မိန်ချိုင်းနှင့် တစ်ဖွဲ့တည်းမဟုတ်ဘဲ ရန်သူများဖြစ်ကြောင်း သူရိပ်စားမိလိုက်၏။

ဝမ်စိန်ကြည်က မကြောက်ပါနဲ့ဟုဆိုသော်လည်း ကုန်သည်ကြီး တစ်ကိုယ်လုံး ဇောချွေးများ ပြန်နေ၏။

“သူ ... သူတို့က ငါ့ပစ္စည်းတွေကို လုမယ့် လူဆိုးဓားပြတွေကွ”

ဟု ကြောက်ရွံ့စွာ ပြောလေသည်။

ဝမ်စိန်ကြည်က လက်ကာပြလိုက်၏။

“ဘာမှမပူပါနဲ့ ဦးလေး၊ သူတို့ ဦးလေးကို အန္တရာယ် မပေးနိုင်ပါဘူး”

သူတို့ပြောဆိုနေစဉ် ဝင်မိန်ချိုင်း၏ စကားသံ ပြန်လည်ထွက်ပေါ်လာ၏။

“ဒါ ခင်ဗျားတို့ပိုင်တဲ့ ပစ္စည်းမှမဟုတ်ဘဲ ဘယ်သူမဆို ယူနိုင်ပါတယ်”

ထိုစဉ် တခြားလူက ...

“မိတ်ဆွေ မှားနေပြီ၊ ဒါ ဘုံပိုင်ပစ္စည်းဗျ၊ ခင်ဗျားရဲ့ အစွမ်းအစကို ချီးကျူးပါတယ်၊ တစ်ဝက်ယူချင်ယူပါ၊ တစ်ဝက်ပြန်ပေးပါ”

ဝင်မိန်ချိုင်းက ရယ်မောလိုက်၏။

“ဟာ ... ဒီလိုဆို လိုချင်ရင် လာယူကြပါ၊ ရပါတယ်၊ လာယူကြပါ၊ သတ္တိရှိရင်ပေါ့”



ဝင်မိန်ချိုင်းက ပြတ်ပြတ်သားသား စိန်ခေါ်နေပြီဖြစ်လေသည်။ ကုန်သည်ကြီးမှာ ကြောက်ရွံ့နေ၏။

ဝမ်စိန်ကြည်ဘက်သို့ လှည့်ပြီး ...

“ငါ့တူ လုပ်ပါဦးကွာ၊ သူတို့ဟာ လူဆိုး ဓားပြတွေပါလား ကွ”

ဝမ်စိန်ကြည်က ကုန်သည်ကြီးအား သူ့နောက်ကျောဌ် ပုန်း နိုင်းလိုက်၏။

“ကဲ ... ဦးလေး ဘာမှမကြောက်နဲ့၊ ကျွန်တော် တစ်ယောက် လုံး ရှိတယ်၊ ဦးလေးကို ကျွန်တော် တာဝန်ယူပါတယ်ဗျာ”

ထိုအချိန်တွင် လှေငယ်ကလေးမှ လူလေးယောက်သည် ဝမ်စိန် ကြည်တို့ လှေကြီးပေါ်သို့ ခုန်တက်ရောက်လာကြလေသည်။

ထိုလူလေးယောက်တို့ လှေကြီးပေါ်သို့ ခြေမချခင်၌ ဝင်မိန် ချိုင်က လက်ဦးအောင် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

သူ၏ နှစ်ဖက်သွားဓားသည် လရောင်အောက်တွင် တောက် သော အရောင်တဖျက်ဖျက် ထွက်ပေါ်လာ၏။

လှေပေါ် ခုန်တက်လာကြသော လူလေးယောက်တို့မှာ သိုင်း ညာ မခေကြပါ။

လက်နက်ကိုယ်စီ ထုတ်ကာ ဝင်မိန်ချိုင်းကို ဝင်ရောက်တိုက် ိက်လိုက်သည်။

သို့သော် ဝင်မိန်ချိုင်း၏ တိုက်ကွက်များမှာ ရက်စက်ကြမ်းကြုတ်ပြီးလျှင် မြန်လွန်းလှပေသည်။

တစ်ခဏအတွင်း လူနှစ်ယောက် ဒဏ်ရာ ရသွားလေတော့၏။

ကျန်လူနှစ်ယောက်သည် အခြေအနေ မဟန်မှန်း သဘောပေါက် နားလည်လိုက်သည်။

လက်နက်ပုန်း ပြိုင်တူ ထုတ်လိုက်ပြီး ဝင်မိန်ချိုင်းအား ပစ်ခတ်လိုက်လေ၏။

ဝင်မိန်ချိုင်းက တိုက်ခိုက်နေရာမှ ရုတ်တရက် ခုန်၍ ရှောင်ပေးလိုက်သည်။

အနောက်ဘက်မှ ရပ်နေသော ဝမ်စိန်ကြည်ထံသို့ လက်နက်ပုန်းက လွင့်လာသည်။

ဝမ်စိန်ကြည် ရုတ်တရက် ငေးနေသဖြင့် မရှောင်နိုင်ခဲ့ချေ။

ဝမ်စိန်ကြည်အား ရင်ဘတ်သို့ တည့်တည့်မတ်မတ် ထိမှန်သွားပြီး အောက်သို့ ပြုတ်ကျသွားသည်။

ဝမ်စိန်ကြည်က အေးအေးဆေးဆေးပင် အောက်ကျသွားသော လက်နက်ပုန်းများအား ကောက်ယူလိုက်သည်။

ဝင်မိန်ချိုင်းထံသို့ ထပ်မံပစ်လွင့်လိုက်သော လက်နက်ပုန်းများအား လှမ်း၍ပစ်လိုက်သည်။



လက်နက်ပုန်းနှစ်ခု လေထဲ၌ ထိမှန်ပြီး အောက်ပြုတ်ကျသွားသည်။

ဝမ်စိန်ကြည်သာ ပစ်မပေးလျှင် ဝင်မိန်ချိုင်းအား ထိမှန်မည်ဖြစ်သည်။

ဝင်မိန်ချိုင်း အနည်းငယ်တော့ ဒဏ်ရာရမည်သာ ဖြစ်သည်။

ဝမ်စိန်ကြည်အား ကျေးဇူးတင်စကား ဝင်မိန်ချိုင်း မပြောပါ။

လက်နက်ပုန်း ထိမှန်၍ ဝမ်စိန်ကြည် ဘာမှမဖြစ်သည်ကို အံ့သြနေလေ၏။

သူသည် ရန်သူအား ဆက်လက်တိုက်ခိုက်လိုက်ပြန်လေသည်။

သူ၏တိုက်ကွက်များသည် အင်မတန် ရက်စက်ကြမ်းကြုတ်နေ၏။

ထို့ကြောင့် ဝမ်စိန်ကြည်က ဝင်ရောက်၍ ပြောဆိုလိုက်သည်။

"မိတ်ဆွေ ခင်ဗျား ဒီလောက် ရက်ရက်စက်စက် တိုက်ခိုက်ဖို့ မသင့်ဘူးထင်တယ်"

ဝင်မိန်ချိုင်းက နှာခေါင်းရှုံ့လိုက်သည်။

"သူတို့က ကျုပ်ကို လေးယောက်ဝိုင်းပြီး ရက်ရက်စက်စက် တိုက်တာကျတော့ ခင်ဗျားက ဘာမှမပြောတော့ဘူးလား"

ဝမ်စိန်ကြည်က လက်ကာပြလိုက်သည်။

"မိတ်ဆွေက သူတို့လေးယောက်ထက် သာပါတယ်ကွာ၊ သူတို့ ရှုံးရင် ပြန်သွားမှာပေါ့၊ ဒါလောက် ရက်စက်ဖို့ မလိုဘူး ထင်တယ်"

ဝင်မိန်ချိုင်းက တစ်ချက်ရယ်မောလိုက်သည်။

ထို့နောက် ပြင်းထန်စွာ ထပ်မံ တိုက်ခိုက်လိုက်ပြန်လေတော့၏။

သူ၏လက်ချက်ဖြင့် ကျန်လူနှစ်ယောက်မှာ ဒဏ်ရာရသွားပြန်ပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

ထိုစဉ် ဝင်မိန်ချိုင်းက ဓားဖြင့် ခုတ်ချလိုက်လေ၏။

"အား ... အား"

ဟု ညည်းညူကာ ပြန်မထနိုင်တော့ချေ။

ဒဏ်ရာရနေသော လူနှစ်ယောက်က ဆက်လက်မတိုက်ပုံတော့ဘဲ ရေထဲသို့ ခုန်ချကာ ထွက်ပြေးသွားလေတော့၏။

ထိုလူများ ခုန်ချသွား၍ တိုက်ပွဲပြီးဆုံးသွားခြင်း မရှိသေးပါ၊ လှေ၏ နောက်ဘက်မှ လူနှစ်ယောက် ထပ်မံခုန်တက်သည်ကို မြင်လိုက်ရသည်။

❁ ❁ ❁



အခု တစ်ကြိမ် လှေပေါ်သို့ ခုန်တက်လာသူ နှစ်ယောက်မှာ အမျိုးသမီး တစ်ယောက်နှင့် ယောကျာ်းတစ်ယောက် ဖြစ်သည်။

ယောကျာ်းမှာ အသက် ၄၀ ခန့်ရှိမည် ထင်ရပြီး အမျိုးသမီးမှာ အသက် ၃၀ ကျော်မှသာ ရှိမည်ဟုထင်ရသည်။

သူတို့နှစ်ယောက်မှာ ဇနီးမောင်နှံဖြစ်ပုံရလေ၏။

ထိုနှစ်ယောက်မှာ လှေပေါ်တွင် လိုက်ပါလာသူများ၏ ခေါင်းဆောင်ဖြစ်ဟန်တူသည်။

သူတို့သည် ဝင်မိန်ချိုင်း၏ ရက်စက်ပုံကို မြင်ထားသဖြင့် ဒေါသထွက်နေပုံရ၏။

လှေပေါ်သို့ရောက်သည်နှင့် အမျိုးသမီးက ဝင်မိန်ချိုင်းအား ကဲ့ရဲ့ပြောဆိုလိုက်၏။

"မင်းဟာ စည်းကမ်းမဲ့ပြီး အင်မတန် ရိုင်းစိုင်းတဲ့ လူတစ်ယောက်ပဲ၊ သူများပစ္စည်းမတရားလုယူသေးတယ်၊ လူကိုလည်း မတရားသတ်တဲ့ လူယုတ်မာတစ်ယောက်ပဲ၊ မင်းက မိဘမရှိတဲ့ လေလွင့်တစ်ယောက်လိုပဲ"

သူသည် ဝင်မိန်ချိုင်းအား ထိုစကားကြားလျှင် ရက်စက်စွာ တိုက်ခိုက်မည်ထင်၏။

သို့သော် ...

ဝင်မိန်ချိုင်းက ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားပြီး ဝါးခနဲ ငိုချလိုက်၏။

ဝမ်စိန်ကြည် မျက်လုံးပြူးသွားသည်။

ဝင်မိန်ချိုင်းမှာ ကလေးတစ်ယောက်ပမာ အားရပါးရ ငိုကြွေးပြီးမှ ကြုံးဝါးလိုက်၏။

"တိရစ္ဆာန်မကြီး သေပေတော့"

ဟု အော်ကာ တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိုအခါ ...

အမျိုးသမီးနှင့် အတူပါလာသော ယောကျ်ားပါ ဝင်ရောက်တိုက်ခိုက်လေသည်။

သူတို့၏ သိုင်းပညာသည် ဝင်မိန်ချိုင်းနှင့် မတိမ်းမယိမ်းဖြစ်သည်။

သို့သော် ...

ဝင်မိန်ချိုင်းမှာ စိတ်လှုပ်ရှားနေ၍လား မသိ၊ တိုက်ကွက်များ ပရမ်းပတာနှင့် တစ်ခဏကြာသောအခါ ရှုံးနိမ့်စပြုလာသည်။

လင်မယားနှစ်ယောက် တိုက်သော တိုက်ကွက်များက ဝင်မိန်ချိုင်းအား သေစေရန် တိုက်ကွက်များ ဖြစ်နေတော့၏။

ထို့ကြောင့် ဝမ်စိန်ကြည်က မနေနိုင်တော့ဘဲ ...



"ရပ်လိုက် ..."

ဟု အော်ပြောပြီး ရုတ်တရက် ခုန်ဝင်သွားတော့၏။

သူက တိုက်ခိုက်နေသော ဝင်မိန်ချိုင်းအား အချိန်မီ ဆွဲထုတ်လိုက်သည်။

သူ၏ လျင်မြန်ဖျတ်လတ်မှုကြောင့် ဝင်မိန်ချိုင်း သေဘေးမှ လွတ်မြောက်သွားသည်။

သို့သော် ...

ဝမ်စိန်ကြည်သည် တိုက်ပွဲအတွင်းသို့ လျှပ်တစ်ပြက် ခုန်ဝင်က ဝင်မိန်ချိုင်းအားဆွဲထုတ်သွားသည်ကို လင်မယားနှစ်ယောက် ကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။

ဝမ်စိန်ကြည်က လက်နှစ်ဖက်ကိုဆုပ်၍ အရိုအသေပြုလိုက်ရင်း စကားစလိုက်၏။

"ဒီတိုက်ပွဲကို ရပ်လိုက်ဖို့ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ"

ယောကျ်ားဖြစ်သူက သူ့အား တစ်ချက်စိုက်ကြည့်လိုက်ပြီး

"ခင်ဗျားက သူ့ရဲ့ သက်တော်စောင့်လား"

ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ခရီးသွား မိတ်ဆွေတစ်ယောက်ပါ"

ယောကျ်ားဖြစ်သူက ...

"ဒါဆို ခင်ဗျားနဲ့ ကျုပ်တို့နဲ့ ဘာမှမဆိုင်ဘူး"

"အေးအေးဆေးဆေးနေရင် ကောင်းမယ်"

ဝမ်စိန်ကြည်က …

"ကျွန်တော်က လှေပေါ်မှာ လူသတ်တာ မကြည့်ချင်လို့ပါ၊ ဘယ်သူ့ဘက်မှ မကူညီပါဘူး"

ထိုလူက အနည်းငယ် စဉ်းစားလိုက်ပြီး …

"ကောင်းပြီ … ကျုပ်တို့ပစ္စည်းပြန်ပေးပါ၊ ကျုပ်တို့ သူ့ကို ဘာမှမလုပ်ဘဲ ပြန်သွားကြမယ်"

ဝမ်စိန်ကြည်က ဝင်မိန်ချိုင်းဘက်သို့လှည့်ကာ ဖျောင်းဖျပြော ဆိုလိုက်သည်။

"မိတ်ဆွေ … မင်း သူတို့ဆီက ပစ္စည်းယူထားလိုက်ရင် ပြန် ပေးလိုက်ပါ၊ ပြဿနာမတက်စေချင်ပါနဲ့"

ဝင်မိန်ချိုင်းက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မပေးဘူး … မပေးဘူး၊ ကျုပ်ကို သတ်ချင် သတ်လိုက်ကြ"

ဝင်မိန်ချိုင်းသည် အသက်ကိုသာ အသေခံမည်၊ ပစ္စည်းကို ပြန်ပေးမည်မဟုတ်။

ဝမ်စိန်ကြည် စိတ်ပျက်စွာဖြင့် လင်မယားနှစ်ယောက်အား အကဲခတ်ကြည့်လိုက်သည်။



"ခင်ဗျားတို့နှစ်ယောက်က ပစ္စည်းပြန်ရရင် တကယ်ပဲ အေး အေးဆေးဆေး ပြန်သွားမှာလား"

ယောကျ်ားဖြစ်သူက …

"ဟုတ်ကဲ့ … ကျုပ်တို့ ပြန်သွားမှာပါ"

ဝမ်စိန်ကြည်က ဝင်မိန်ချိုင်းဘက်သို့ လှည့်လိုက်၏။

"ကဲပါ မိတ်ဆွေ … ခင်ဗျား ကြားတဲ့အတိုင်းပဲ၊ အသက်ထက် အရေးကြီးတာ ဘာမှမရှိပါဘူးဗျာ၊ ပြန်ပေးလိုက်ပါ"

ဝင်မိန်ချိုင်းသည် ဝမ်စိန်ကြည်ဘက်သို့ တစ်ချက်လှည့်ကြည့် လိုက်၏။

သူသည် ဝမ်စိန်ကြည်အား မကျေမနပ်ဖြင့်ကြည့်ကာ စဉ်းစား နေ၏။

တစ်ခဏအကြာမှ ယောကျ်ားဖြစ်သူကို အထင်သေးစွာ တစ် ချက်ကြည့်လိုက်ပြီး …

"ခင်ဗျားတို့ သူ့ကိုနိုင်ရင် ဟောဒီပစ္စည်း ပေးလိုက်မယ်"

ဟု ဝမ်စိန်ကြည်အား လက်ညှိုးထိုးကာ ပြောလိုက်လေ၏။

ယောကျ်ားဖြစ်သူက …

"ရပါတယ်၊ ကျုပ် သူ့ကိုယှဉ်ပြိုင်ပါ့မယ်၊ အရေးကြီးတာ ပစ္စည်းပြန်ရဖို့ပဲ"

စကားဆုံးသွားသည်နှင့် ဝမ်စိန်ကြည်အား တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်က ကမန်းကတန်း ရှောင်ပေးလိုက်၏။

ထိုလူသည် သူ၏တိုက်ကွက်မှာ အရာမရောက်သည်ကို တွေ့ရသဖြင့် ရက်စက်ပြီး ပြင်းထန်သော သိုင်းကွက်များဖြင့် ဝမ်စိန်ကြည်အား တရကြမ်း တိုက်ခိုက်၏။

ဝမ်စိန်ကြည်မှာ ပြန်လည်တိုက်ခိုက်လျှင် ထိုသူ ဒဏ်ရာရသွားမည် စိုးရိမ်သဖြင့် လှည့်ပတ်ရှောင်နေ၏။

လေ့ပေါ်တွင် ကျဉ်းမြောင်းနေသဖြင့် ရှောင်တိမ်းရသည်မှာ မလွတ်လပ်ချေ။

သိုင်းကွက် သုံးဆယ်ကျော် တိုက်ခိုက်လိုက်သောအခါ ဝမ်စိန်ကြည်၏ ပခုံးသို့ လက်ငါးချောင်းဖြင့် ကုပ်မိသွား၏။

ရွှေပိုးချည်မျှင် ဝင်ထား၍သော ပခုံးရိုး ကျိုးမသွားခြင်း ဖြစ်၏။

ထိုလူက ပခုံးအား အားစိုက်ကာ ဖျစ်ညှစ်လိုက်၏။

ထိုလူက အားဖြင့်ညှစ်လာသဖြင့် ဝမ်စိန်ကြည်က တောင့်ခံပေးလိုက်၏။

ထိုလူ၏လက်ချောင်းများသည် မာကျောသော သံထည်တစ်ခုအား ညှစ်လိုက်သကဲ့သို့ ဖြစ်သွား၏။



ထိုလူသည် မျက်နှာတစ်ချက် ပျက်သွားပြီး နောက်သို့ ခုန်ဆုတ်သွား၏။

ထို့နောက် ဝမ်စိန်ကြည်က လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်၏။

"ကျုပ် ရှုံးသွားပြီ၊ ခင်ဗျား သိုင်းပညာကို ချီးကျူးပါတယ်"

ဟု ပြောလိုက်၏။

ထိုလူ ကြောင်အမ်းအမ်းဖြစ်နေရာ မည်သို့ လုပ်ရမှန်းမသိဖြစ်နေ၏။

ဝမ်စိန်ကြည်က ခပ်တည်တည်ပြောနေရာ မည်သို့လုပ်ရမှန်းမသိ ဖြစ်နေစဉ် ဝင်မိန်ချိုင်းက အထင်သေးသော လေသံဖြင့် ...

"ကျုပ်မိတ်ဆွေက အလျှော့ပေးလိုက်လို့ နိုင်သွားတာ ခင်ဗျားတော်လို့မဟုတ်ဘူး"

ထိုလူက ဒေါသထွက်ကာ ပြန်ပြောမည်ပြုလိုက်၏။

ဝမ်စိန်ကြည်က ရုတ်တရက် ကြားဖြတ်ပြောလိုက်၏။

"ကဲ ... မိတ်ဆွေ ကျုပ်ရှုံးသွားပြီ၊ ခင်ဗျားပစ္စည်း ပြန်ပေးလိုက်ပါ"

ဝင်မိန်ချိုင်းက မကျေမနပ်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး ခြေသံတဒုန်းဒုန်း မြည်အောင်ဆောင့်ကာ အခန်းတွင်းသို့ ဝင်သွား၏။

ပြန်ထွက်လာသောအခါ အထုပ်တစ်ထုပ်ပါရှိလာ၏။

သူသည် အထုပ်ကလေးအား မြှောက်လိုက်ပြီး ...

"ဟောဒီမှာ ခင်ဗျားတို့ လိုချင်တဲ့ပစ္စည်း"

စကားဆုံးသည်နှင့် လင်မယားစုံတွဲထံသို့ မပေးဘဲ ရေထဲသို့ ပစ်ချလိုက်လေ၏။

"ဝုန်း ..."

ဟူသော ရေထဲကျသံ ထွက်ပေါ်လာပြီး ရေထဲသို့ နစ်မြုပ်သွား၏။

သူ၏အပြုအမူကြောင့် လင်မယားနှစ်ယောက် ဒေါကန်သွား၏။

သို့သော် သူတို့သည် ရေကျွမ်းကျင်သူများဖြစ်ကြရာ အထုပ်အတွက် စိုးရိမ်ပူပန်ခြင်း မရှိချေ။

သူတို့ ချက်ချင်း လှေပေါ်မှ ခုန်ဆင်းကာ လှေကလေးများအပေါ်သို့ ရောက်သွားကြ၏။

ယောကျ်ားဖြစ်သူက ဝမ်စိန်ကြည်အား အဓိပ္ပာယ်ရှိစွာ တစ်ချက်ကြည့်လိုက်ပြီး ...

"ကျေးဇူးပဲ မိတ်ဆွေ"

ဟု ပြောပြီး သူ၏တပည့်များအား အမိန့်ပေးလိုက်၏။

သူ၏အမိန့်သံကို ကြားလိုက်ရသောအခါ သူ၏တပည့်များ ရေထဲသို့ ခုန်ဆင်းသွားကြသည်။

ဝင်မိန်ချိုင်း၏ မျက်နှာ၌ ပြုံးရောင်သန်းနေ၏။



ရေငုပ်နေသော လူများအား ထူးခြားသော အကြည့်ဖြင့် ကြည့်လိုက်၏။

သူ၏အမူအရာမှာ ကစားစရာ အဆန်းတစ်ခုကို ရသော ကလေးငယ်တစ်ယောက်နှင့် တူလှပေသည်။

ထိုအချိန်တွင် ကြောက်ရွံ့ထိတ်လန့်နေသော ကုန်သည်ကြီးက ဝမ်စိန်ကြည်အား ...

"မိတ်ဆွေလေး ... ကျုပ်တို့ ညတွင်းချင်း ခရီးဆက်ကြရင် ကောင်းမယ်"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

"ကောင်းတာပေါ့ဗျာ ... ကဲ လှေသူကြီးကို ပြောလိုက်ပါ၊ ကျုပ်တို့ ခရီးဆက်ကြရအောင်"

ဝင်မိန်ချိုင်းသည် လှေပဲ့ပိုင်းသို့ ထွက်သွား၏။

မကြာမီ လှေကြီး သိမ့်ခနဲဖြစ်သွားပြီး လှေသူကြီးအော်သံ လှေထိုးသားများအသံချင်း ရောယှက်ကာ ခရီးထွက်လာခဲ့၏။

လှေကြီးသည် မြစ်ကြောင်းအတိုင်း စုန်ဆင်းသွားသည်။

မြစ်ငယ်မှ လှေကလေးများ ဟန့်တားခြင်း မပြုပါချေ။

သူတို့ ရေငုပ်ရင်း အထုပ်အား ရှာဖွေကာ ကျန်ရစ်ခဲ့လေသည်။

❀ ❀ ❀

# ဝင်အမျိုးအနွယ် ခြဝ်နီး

လှေကြီးသည် တောင်ပိုင်းသို့ ဆက်၍ စုန်ဆင်းခဲ့လေသည်။

တစ်ရက် နှစ်ရက် ခရီးဆက်ပြီးသောအခါ မြို့တစ်မြို့သို့ ရောက်ရှိလာ၏။

ထိုအခါ ဝင်မိန်ချိုင်းက လှေပေါ်မှဆင်းရန် ဟန်ပြင်လိုက်လေသည်။

လှေသူကြီးအား လှေကြုံစီးရသည့်အတွက် လှေစီးခ နှစ်ဆ ပေးလိုက်၏။

သူသည် ကုန်သည်ကြီးအား နှုတ်ဆက်သည်။

အားလုံး နှုတ်ဆက်ပြီးမှ ဝမ်စိန်ကြည်ထံသို့ လျှောက်လာသည်။

ဝမ်စိန်ကြည် ရှေ့သို့ ရောက်လာလျှင် သူ၏ကျောမှ ပိုးထားသော အထုပ်အား ချလိုက်၏။



အထုပ်ကို ဖြည်လိုက်သောအခါ ဝင်းလက်တောက်ပသော ရွှေတုံးများ ထွက်လာ၏။

ရွှေတုံးများကို အညီအမျှ နှစ်ပုံ ပုံလိုက်သည်။

ထို့နောက် တစ်ပုံကို အဝတ်နှင့်ထုပ်ကာ ကျော၌ပိုးလိုက်သည်။

ကျန်တစ်ပုံကို ဝမ်စိန်ကြည်၏ ရှေ့သို့တိုးကာ ...

"ခင်ဗျားကြောင့် ကျုပ်ရန်သူတွေကို လှည့်စားနိုင်ခဲ့တာ၊ ဒါကြောင့် တစ်ဝက်ကို ခင်ဗျားယူပါ"

ထိုစကားကို ကြားရမှ ဝင်မိန်ချိုင်းမှာ လုလာသည့် ရွှေများကို လိုက်တောင်းသောအခါ အထုပ်အတုအား ရေထဲသို့ ပစ်ချလိမ်ညာခဲ့ကြောင်း သိရ၏။

ဤအသက်အရွယ်နှင့် သူ ဤမျှလောက် ကောက်ကျစ်မည်ဟု မထင်ပါ။

မတရားသဖြင့် ရသော ရွှေကို သူမလိုချင်ပါ။

ထို့ကြောင့် ခေါင်းခါယမ်းလိုက်၏။

"မင်းပစ္စည်းကို မင်းပြန်ယူသွားပါ၊ ကျုပ် မယူပါရစေနဲ့"

"ဘာလဲ ... ခင်ဗျားက နည်းလို့လား"

"အကုန်လုံးပေးတောင် ကျုပ် မလိုချင်ဘူး၊ မသန့်ရှင်းတဲ့ ပစ္စည်းကို လက်ဖျားနဲ့တောင် မတို့ချင်ဘူးဆိုတာ ခင်ဗျား မှတ်ထားပါ"

ဝင်မိန်ချိုင်းက ခေါင်းခါယမ်းလိုက်၏။

"ဒါတွေ ကျုပ် နားမလည်ဘူး၊ ခင်ဗျား ကျုပ်ကို ကူညီလို့ တစ်ဝက်ပေးတာ"

စကားဆုံးသွားသည်နှင့် လှေပေါ်မှ ပြေးဆင်းသွားလေတော့သည်။

ဝမ်စိန်ကြည်က ကြောင်အမ်းအမ်းဖြစ်သွား၏။

သူနောက်မှလိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်တွင် ဝင်မိန်ချိုင်းက ထွက်ပြေးသွားလေတော့သည်၊

"ဟော့ … မပြေးနဲ့ … မပြေးနဲ့လေ"

သူသည် မုစန်းရသေ့ သင်ကြားပေးခဲ့သော ကိုယ်ဖော့ပညာကို အသုံးပြုကာ နောက်မှပြေးလိုက်သွား၏။

သူ၏ကိုယ်ဖော့ပညာ ထက်မြက်လှသည်။

တစ်ခဏအတွင်း ဝင်မိန်ချိုင်း ရှေ့သို့ဖြတ်ကာ ရှေ့မှပိတ်၍ ကာဆီးလိုက်သည်။

ဝင်မိန်ချိုင်းက သူ့ရှေ့မှ ကာဆီးထားသည်ကို တွေ့ရသဖြင့် ဘယ်ဘက်သို့ ချိုးကွေ့သွားလေ၏။

ဝမ်စိန်ကြည်က ဘယ်ဘက်သို့ ပိတ်ဆို့လိုက်၏။

ထို့ကြောင့် သူညာဘက်သို့ ပြန်ပြေးသည်။



ဝမ်စိန်ကြည်က လိုက်ပိတ်ဆို့သည်။

အတန်ကြာ ပြေးနေသော်လည်း မလွတ်မြောက်သဖြင့် ဝင်မိန်ချိုင်းက ရုတ်တရက် မြေပေါ်သို့ ထိုင်ချကာ ဝါးခနဲ ငိုချလိုက်သည်။

ဝမ်စိန်ကြည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွား၏။

သူ၏စိတ်ထဲ၌ ပြေးရင်းလွှားရင်း ခလုတ်တိုက်မိသည်ဟု ထင်မိ၏။

ထို့ကြောင့် ဝင်မိန်ချိုင်းကို အကဲခတ်ကြည့်ပြီး …

မင်း … မင်း ဘယ်နာသွားသလဲ"

သူကမေးသော်လည်း ဝင်မိန်ချိုင်းက ပြန်မဖြေဘဲ တဝါးဝါးနှင့် ငိုနေ၏။

သူသည် ဘာမှမတတ်နိုင်တော့ဘဲ ထိုင်ချလိုက်၏။

ထိုစဉ် ဝင်မိန်ချိုင်းက ငိုကြွေးရာမှ ရုပ်တန့်ကာ ထ၍ ထွက်ပြေးသွားလေ၏။

"ဟော့ … ဟော့ …"

ဝမ်စိန်ကြည် ကြောင်အမ်းအမ်းဖြစ်နေစဉ် ဝင်မိန်ချိုင်း အတော်ဝေးဝေးသို့ ရောက်ရှိသွားသည်။

ဝမ်စိန်ကြည်သည် ဝင်မိန်ချိုင်း၏ လှည့်စားမှုကို ခံလိုက်ရပြီဖြစ်ကြောင်းသိရှိလိုက်၏။

ထို့ကြောင့် လိုက်သွားခြင်းမပြုတော့ဘဲ လက်မှိုင်ချကာ ထိုင်နေလေသည်။

ဝင်မိန်ချိုင်းသည် သူ၏မြင်ကွင်းမှ တစ်စထက်တစ်စ ဝေးသွားကာ ပျောက်ဆုံးသွားလေ၏။

ဝမ်စိန်ကြည်၏ ရင်ထဲ၌ တစ်မျိုးတမည် ခံစားလိုက်ရလေသည်။

မည်သို့မသိ သူ၏ရင်ထဲ၌ ဟာတာတာကြီး ဖြစ်နေသည်။

သူသည် ကလေးဆန်ပြီး ချစ်စရာကောင်းသော ဝင်မိန်ချိုင်းနှင့်အတူ လှေပေါ်တွင် အတူတကွ စကားပြော စားသောက်လာကြရသဖြင့် ခင်မင်တွယ်တာမိလေ၏။

ထို့ကြောင့် လက်ထဲမှ အထုပ်ကလေးကို ကြည့်လိုက်သည်။

မသန့်ရှင်းသော အထုပ်ကလေးဖြစ်နေလျှင် သူကိုင်မထားချင်ပါ။

ထို့ကြောင့် သူသည် ဝင်မိန်ချိုင်းနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

သူ၏ခြေလှမ်းများသည် ဝင်မိန်ချိုင်း ထွက်သွားရာနောက်သို့ ဖြည်းညင်းစွာ လျှောက်သွားရင်း တဖြည်းဖြည်း ဝေးသွားလေတော့သည်။

❁ ❁ ❁

# ဝင်မိသားစု ခြံဝင်း

ဝင်မိန်ချိုင်း ထွက်သွားပြီ ဖြစ်သည်။

ဝင်မိန်ချိုင်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါ။

ဝမ်စိန်ကြည်သည် ရွှေချောင်းများကို ထုတ်ထားသည့် အထုပ်ကလေးကို အတော်ကြာအောင် ကြည့်နေမိလေသည်။

မသန့်ရှင်းသော ပစ္စည်းများဖြစ်၍ မည်မျှ အဖိုးထိုက်ပါစေ သူ မယူနိုင်ချေ။

ပိုင်ရှင်လက်သို့ ပြန်ပေးရန်လည်း မတတ်သာပါ။

ထို့ကြောင့် ဝင်မိန်ချိုင်းကို ပြန်ပေးရန် ဆုံးဖြတ်လိုက်သည်။

သူ့ပြဿနာနှင့်သူ ရှိပါစေတော့။

ဝင်မိန်ချိုင်းအား မည်သို့မည်ပုံ ရှာဖွေရမည်ကို စဉ်းစားကြည့်လိုက်သည်။

ဝမ်မိန်ချိုင်းဟူသော အမည်ကို စဉ်းစားရင်း 'ဝင်မိသားစုခြံဝင်း'ကို သတိရလာလေ၏။

ရွှေမြေသိုင်းသမားသည် ဝင်မိသားစုခြံဝင်း(ဝါ) ဝင်အမျိုးအနွယ် ခြံဝင်းမှ 'ဝင်ယိ'ဆိုသူကို ရှာဖွေနိုင်း၏။

ဝင်ယိကိုတွေ့လျှင် ရွှေစင်ကျပ်သား တစ်သိန်းပေးရန် စေနိုင်းခဲ့လေသည်။

ယင်းသို့ စဉ်းစားဆင်ခြင်မိလျှင် လေ့ကြီးနှင့် ဆက်မလိုက်တော့ဘဲ ရွှေထုပ်ကိုကျောပိုးရင်း ဝင်မိသားစုခြံဝင်းအား ရှာပုံတော်ဖွင့်လေတော့၏။

သူက 'ကျောက်ယက်မ'တောင်ကို အခြေခံကာ စုံစမ်း၏။

ကျောက်ယက်မ တောင်တစ်ဝိုက်တွင် ဝင်မိသားစု ခြံဝင်းရှိလိမ့်မည်ဟု တွက်ဆထားလေ၏။

လမ်းတစ်လျှောက် တွေ့သမျှလူကို မေးမြန်းစုံစမ်းရင်း ခရီးဆက်ခဲ့ရာ ရက်အတော်ကြာသောအခါ ကျောက်ယက်မ တောင်ခြေသို့ ရောက်ရှိလာခဲ့လေတော့၏။

ကျောက်ယက်မ တောင်ခြေတွင် မြို့ကလေးတစ်မြို့ တည်ရှိသည်။

ဝမ်စိန်ကြည်သည် မြို့ထဲသို့ဝင်ကာ စုံစမ်း၏။

ထိုသို့ စုံစမ်းရင်း ကျောက်ယက်မတောင်နှင့် ပတ်သက်သည့် ရှေးဟောင်း ဒဏ္ဍာရီတစ်ပုဒ်ကို သိလာခဲ့ရလေသည်။

ကျောက်ယက်မတောင်၏ ဒဏ္ဍာရီသည် ဝမ်စိန်ကြည်အတွက် အရေးမပါသလို သူက စိတ်ဝင်စားခြင်း မရှိပါ။



သို့သော် ကျောက်ယက်မ တောင်ခြေတစ်ဝိုက်မှ လူများက နှစ်နှစ်ခြိုက်ခြိုက် ပြောနေကြသည်မှာတော့ အံ့ဩစရာကောင်းသည်။

ကျောက်ယက်မ ဒဏ္ဍာရီသည်ကား ...

❀ ❀ ❀

ရှေးအခါက ထင်းခုတ်သမားတစ်ယောက်သည် တောတောင်ထဲသို့ ထင်းခုတ်ရန် သွားလေသည်။

တောထဲသို့ ရောက်သောအခါ အဆင်းတန်ဆာ ဝင်းလက်တောက်ပြောင်စွာ ဝတ်ဆင်ထားသော နတ်သားနှစ်ပါး ကျားထိုးနေသည်ကို တွေ့မြင်ခဲ့လေ၏။

ထင်းခုတ်သမား စိတ်ဝင်စားကာ နံဘေးတွင် သွားထိုင်၍ ကြည့်နေသည်။

ကျားတစ်ပွဲကစားပြီးလျှင် နတ်သားနှစ်ပါးလည်း ကိုယ်ရောင်ဖျောက်ကာ ကွယ်ပျောက်သွားကြလေ၏။

ထိုအခါ အချိန်လင့်နေပြီဖြစ်၍ ထင်းခုတ်သမားလည်း ထင်းမခုတ်တော့ဘဲ အိမ်သို့ပြန်လာခဲ့လေ၏။

အိမ်သို့ ရောက်သောအခါ သူ့အား အိမ်သူအိမ်သားများက မမှတ်မိဘဲ ဖြစ်နေ၏။

အကြောင်းကား သူကြည့်ခဲ့သော နတ်သားနှစ်ပါး၏ ကျား တစ်ပွဲသည် နှစ်ပေါင်းသုံးဆယ်တိုင်တိုင် ကြာမြင့်ခဲ့ခြင်းကြောင့်ဟု ဆိုကြ၏။

ထင်းခုတ်သမား ကိုင်ဆောင်ခဲ့သော ပုဆိန်လက်ကိုင်ရိုး ဆွေး မြေ့ကာ တောထဲတွင် လွှင့်ပစ်ခဲ့ရ၏။

ပုဆိန်လက်ကိုင်ရိုးသည် နှစ်ပေါင်းများစွာ ကြာမြင့်လာသော အခါ ကျောက်တောင်ကြီးတစ်ခု ဖြစ်လာသည်ဟု ဆိုကြသည်။

ပုဆိန်ရိုးပမာ ရှည်လျားသွယ်တန်းနေသော ကျောက်တောင် ကြီးကို ကျောက်ယက်မတောင်ဟု ခေါ်ကြ၏။

ယုတ္တိမတန်သော်လည်း ကျောက်ယက်မတောင်ခြေ မြို့ကလေး ရှိ လူပြောများသော ဒဏ္ဍာရီတစ်ခု ဖြစ်လေ၏။

ဝမ်စိန်ကြည်က လမ်းတွင်တွေ့ရသော လယ်သူမကြီးတစ် ယောက်အား ဝင်မိသားစုခြံဝင်း တည်ရှိသည့်နေရာကို မေးကြည့် လိုက်သည်။

လယ်သူမကြီးသည် သူ့အား ရွံ့မုန်းစွာကြည့်လိုက်၏။

လုံးဝမဖြေဘဲ နှာခေါင်းရှုံ့ကာ လှည့်ထွက်သွားလေ၏။

မေး၍မရသဖြင့် ဝမ်စိန်ကြည် ရှေ့ဆက်လာခဲ့သောအခါ အဘွားအိုတစ်ယောက်ကို တွေ့ရပြန်သည်။



မေးကြည့်လိုက်ပြန်လျှင် အဘွားအို၏ မျက်နှာတွင် ထိတ်လန့် တုန်လှုပ်သောအသွင် ပေါ်ပေါက်လာ၏။

"မသိဘူး ... မသိဘူး ..."

ဟုအော်ကာ တုန်တုန်ချည့်ချည့်ဖြင့် ထွက်သွားလေ၏။

လမ်းတစ်လျှောက် တွေ့သူတိုင်းကို စုံစမ်းကြည့်သောအခါ လုံးဝ မေးမရသဖြင့် ဝမ်စိန်ကြည် လက်လျှော့လိုက်ရလေ၏။

လမ်းမှလူများကို မေးမရသဖြင့် မြို့ထဲသို့ရောက်လျှင် မြို့လယ် တည်းခိုခန်းတစ်ခုသို့ဝင်ကာ စုံစမ်းမေးမြန်း ကြည့်လိုက်လေ၏။

ဆိုင်ရှင်နှင့် ဆိုင်လုလင်များသည် သူ့အား ပြုံးရွှင်ပျူငှာသော မျက်နှာထားဖြင့် ကြိုဆိုကြ၏။

သို့သော် ဝင်မိသားစု ခြံဝင်းအကြောင်း မေးလိုက်သည်နှင့် သူတို့၏မျက်နှာ ခက်ထန်မာကျောသွားကြလေ၏။

ဆိုင်လုလင်တစ်ယောက်က ဘုဆတ်ဆတ်ဖြင့် ...

"နေစမ်းပါဦးဗျ၊ ဝင်မိသားစု ခြံဝင်းကို မေးမြန်းတာ ခင်ဗျား နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဝမ်စိမ်ကြည်လင်း ဝင်မိသားစုခြံဝင်းတွင် ဝင်မိန်ချိုင်း ရှိမရှိ စုံစမ်းရဦးမည် ဖြစ်သည်။

ထို့ကြောင့် ...

"မိတ်ဆွေပါ"

ဟု လွယ်လွယ်ကူကူ ဖြေလိုက်၏။

သူ၏ အဖြေစကားကြားသည်နှင့် မျက်နှာထားပိုး၍ ခက်ထန်မာကျောသွားလေသည်။

သူ့အား လွန်စွာမုန်းတီး စက်ဆုပ်သွားပုံဖြစ်၏။

"သွား ... သွား ... ဝင်မိသားစု ခြံဝင်းရဲ့မိတ်ဆွေဆိုရင် ကျုပ်တို့ အလိုမရှိဘူး၊ ဒီက မြန်မြန်ကြွပေတော့"

ဟု အတင်းနှင်ထုတ်ကြ၏။

ဝမ်စိန်ကြည် မတတ်သာဘဲ ထွက်လာခဲ့ရ၏။

ဝင်မိသားစုခြံဝင်းမှ လူများကို ဤမြို့သူမြို့သားများ လွန်စွာမုန်းတီးစက်ဆုပ်ကြကြောင်း သူကောင်းစွာ နားလည်သဘောပေါက်လာရလေတော့သည်။

အထင်သေးခံရခြင်း၊ ရွံ့မုန်းသည့်အကြည့်ဖြင့် ကြည့်ခြင်း၊ စကားမပြော ဆေးဖော်ကြောဖက် မလုပ်ခြင်းတို့ကြောင့် ရှေ့ဆက်မစုံစမ်းရဲအောင် ဖြစ်နေရလေတော့သည်။

ဝမ်စိန်ကြည် စိတ်ပျက်လက်ပျက် ဦးတည်ရာမဲ့ ထွက်လာခဲ့စဉ် တစ်နေရာအရောက်တွင် လမ်းပေါ်၌ ကလေးများ ဆော့ကစားနေကြသည်ကို တွေ့မြင်ရလေသည်။



ကလေးများသည် လူကြီးများ မဟုတ်ပါ။

ကလေးများထဲတွင် စုံစမ်းမေးမြန်း၍ ရနိုင်ကောင်းသည်ဟု တွက်ဆမိသည်။

ဝမ်စိန်ကြည် ဝမ်းသာသွားပြီး ခပ်သွက်သွက်ကလေး လှမ်းသွားလိုက်လေသည်။

ကလေးများက သူ့အား မော့ကြည့်ကြသည်။

သွက်သွက်လက်လက် ရှိမည်ထင်ရသော ကလေးတစ်ယောက်ကို ပြုံးပြရင်း ...

"ညီလေး ... မင်း မုန့်ဖိုးမလိုချင်ဘူးလား"

ဟု မေးလိုက်သည်။

ကလေးငယ်လည်း အမှတ်မထင် ပြန်ဖြေလေသည်။

"ဟာ ... လိုချင်တာပေါ့"

"ဒါဖြင့် ရော့ ..."

ဝမ်စိန်ကြည်က မုန့်ဖိုးအဖြစ် ကြေးပြားတစ်ပြား ထုတ်ပေးလိုက်၏။

ထိုအခြင်းအရာကို မြင်လျှင်၊ ကျန်ကလေးများသည်လည်း သူ့အနီးသို့ ဝိုင်းအုံလာကြ၏။

ဝမ်စိန်ကြည်က နောက်ထပ် ကြေးပြားကလေးများကို နှိုက်ယူလိုက်ရင်း ...

"ဟော့ညီလေး ... ဝင်မိသားစုခြံဝင်း ဘယ်မှာရှိသလဲဆိုတာ သိသလား၊ သိရင် လိုက်ပို့ပေးစမ်းပါကွာ"

ဟု မေးကြည့်လိုက်လေ၏။

သူ၏စကား ကြားသည်နှင့် ကလေးငယ်သည် ပိုက်ဆံကြေး ပြားကို ချက်ချင်း ပြန်ပေးလိုက်လေတော့၏။

ကလေးငယ်သည် ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေသလို အထစ် ထစ် အငေါ့ငေါ့ဖြင့် ...

"ပြော ... ပြောပါ့မယ်၊ မုန့်ဖိုးတော့ မယူပါရစေနဲ့၊ ဒီမကောင်း ဆိုးဝါးတွေ စုရုံးနေတဲ့နေရာကို မလိုက်ပါရစေနဲ့"

ဝမ်စိန်ကြည် သက်ပြင်းရှည်ကြီး ချမိလေသည်။

ကလေးငယ်၏ ဆက်ပြောလိုက်သော စကားကြောင့်သာ စိတ်သက်သာရာ ရရှိသွားခြင်း ဖြစ်ပေသည်။

"ဒီလမ်းအတိုင်းသာ ဆက်လျှောက်သွားပါ၊ ရှေ့တည့်တည့် မှာ ခြံဝင်းကြီးတစ်ခု ခံနေတာကို တွေ့ရလလိမ့်မယ်၊ အဲဒါ ဝင်မိ သားစုခြံပါပဲ"

ဝမ်စိန်ကြည် ဝမ်းသာသွား၏။

"ကျေးဇူးပါပဲ ညီလေးရာ"

ကလေးငယ်သည် မုန့်ဖိုးအတင်းပေးသော်လည်း မယူဘဲ ထွက်ပြေးသွား၏။



ကျန်ကလေးများလည်း တစ်ယောက်မကျန် ထွက်ပြေးသွား ကြသည်။

ကလေးများသည် လူကြီးများနည်းတူ ဝင်မိသားစု ခြံဝင်းအား ကြောက်ရွံ့ မုန်းတီးကြကြောင်း သိရပါပြီ။

ဝင်မိသားစု ခြံဝင်းသည် အဘယ်ကြောင့်များ လူတကာ ရွံ့ကြောက်မုန်းတီးစရာ ဖြစ်နေရပါသနည်း။

ဝမ်စိန်ကြည် တွေးတောနေစဉ်းစားရင်း ကလေးငယ် ညွှန်ပြ သည့်လမ်းအတိုင်း ရှေ့ဆက်လျှောက်သွားလေတော့သည်။

❀ ❀ ❀

ဝမ်စိန်ကြည် ခပ်သွက်သွက်လေး လှမ်းလာခဲ့သည်။

ဝင်မိသားစု ခြံဝင်းအကြောင်းမှာ ပဟေဠိသဖွယ် ဖြစ်နေပြီး သူ အဖြေမထုတ်နိုင်ခဲ့ပါချေ။

ထို့ကြောင့် ပခုံးသာ တွန့်မိတော့သည်။

မကြာပါချေ။

ကလေးငယ်ပြောသည့်အတိုင်း လမ်းအဆုံးတွင် ခြံဝင်းကြီး တစ်ခု ခံနေသည်ကို တွေ့မြင်ရလေသည်။

ခြံဝင်းကြီးရှေ့တွင် လူ အတော်များများ စုရုံးရောက်ရှိနေကြ သည်။

ဤခြံဝင်းသည် ဝင်မိသားစု ခြံဝင်းသာဖြစ်မည်ဟု စိတ်ထဲ၌ အတပ်တွေးမိလေသည်။

စုရုံးနေသူများကို ကြည့်လိုက်သောအခါ လူမျိုးစုံ ပါဝင်နေသည်ကို တွေ့မြင်ရလေသည်။

လယ်သမားများ၊ ဆင်းရဲသားများ၊ စုတ်ပြတ်နံ့ချာစွာ ဝတ်ဆင်ထားသူများသာ ဖြစ်လေသည်။

လူစုကြီးအတွင်း၌ မိန်းမများနှင့် ကလေးငယ်များပင် ပါဝင်နေ၏။

ထိုလူများသည် ပေါက်တူးများ၊ ဂေါ်ပြားများ၊ ကောက်လှိုင်းဆသည့် ခက်ရင်းခွနှင့် တံစဉ်များ ကိုင်ဆောင်ထားကြသည်။

သူတို့သည် မကျေမနပ် အော်ဟစ်နေကြ၏။

"ဟေ့ ... ခြံဝင်းထဲက လူယုတ်မာတွေ၊ မင်းတို့လက်ချက်ကြောင့် တို့လူတွေ သေရပြီ၊ လူသတ်သမားသုံးယောက် အခုချက်ချင်း အပြင်ကို ထွက်လာခဲ့ကြစမ်း"

ဝမ်စိန်ကြည်သည် သူတို့၏ အော်ဟစ်သံကြားရလျှင် စိတ်ဝင်စားသွားသည်။

လူအုပ်ကြီးအနီးသို့ လှမ်းသွားပြီး အကဲခတ်ကြည့်နေလိုက်၏။



လူအုပ်ကြီးအနီးသို့ရောက်မှ လူအုပ်ကြားရှိ မြေကွက်လပ်တွင် လယ်သူမကြီး ခုနစ်ယောက် ရှစ်ယောက်ခန့် မြေပေါ်တွင် လူးလိမ့်ငိုကြွေးနေကြသည်ကို တွေ့မြင်လိုက်ရပြန်သည်။

လယ်သူမကြီးများသည် ဆံပင်ဖားလျားချကာ သည်းထန်စွာ ငိုကြွေးနေကြ၏။

သူတို့၏အပူကို မည်သူမျှ ငြိမ်းသတ်နိုင်ကြဟန် မရှိချေ။ မြင်ကွင်းမှာ လွန်စွာ ထူးခြားနေသည်။

ဝမ်စိန်ကြည်လည်း မနေနိုင်တော့ဘဲ အနီးရှိလူတစ်ယောက်ထံတွင် အခြေအနေကို မေးမြန်းစုံစမ်းကြည့်လိုက်လေသည်။

ထိုအခါမှ ထိုခြံဝင်းသည် ဝင်အမျိုးအနွယ် ခြံဝင်းဖြစ်ကြောင်း သေသေချာချာ သိလိုက်ရလေ၏။

ဝင်မိသားစုများသည် ဤဒေသတစ်ဝိုက်တွင် အလွန်ချမ်းသာကြွယ်ဝပြီး လယ်ယာမြေစက မြောက်များစွာ ပိုင်ဆိုင်ကြသည်။

သူတို့၏လယ်ယာမြေကို လယ်သမားများက ငှားရမ်းကာ ထွန်ယက်စိုက်ပျိုးကြ၏။

ထွက်လာသည့် သီးနှံ၏သုံးပုံနှစ်ပုံအား ဝင်မိသားစု ခြံဝင်းသို့ ပေးကြရ၏။

ယခုနှစ်တွင် သီးနှံဖျက်ပိုးများ ကျရောက်သဖြင့် အချို့လယ်ယာမြေများတွင် သီးနှံကောင်းစွာ မဖြစ်ထွန်းချေ။

ခါတိုင်း ပေးနေသလို မပေးနိုင်တော့ပါ။

လယ်သမားများအတွက် ဝမ်းစာပင် ဖူဖူလုံလုံ မရှိချေ။

ဤသည်ကို ဝင်မိသားစု ခြင်းမှလူများက ညှာတာထောက်ထားခြင်းမရှိဘဲ ခါတိုင်းလို တောင်းခံကြသည်။

မပေးနိုင်လျှင် အိမ်နှင့်ပစ္စည်းများ သိမ်းယူသည်။

လယ်သမားများက တောင်းပန်သော်လည်း ရိုက်မောင်းပုတ်မောင်း ပြုလုပ်၍ လယ်သမားအချို့ သေဆုံးသွားလေတော့၏။

ထိုအတွက် ကျန်ရှိသော လယ်သမား၊ ယာသမားများ မကျေမနပ်ဖြစ်ကာ စုရုံးရောက်လာကြခြင်း ဖြစ်လေသည်။

ဝင်မိသားစုများသည် ညှာတာထောက်ထားမှု ကင်းမဲ့ပြီး ရက်စက်ကြမ်းကြုတ်သည်။

မထင်လျှင် မထင်သလို အကြောင်းအမျိုးမျိုးရှာပြီး နှိပ်စက်တတ်သေးသည်။

ပြောပြသူက ဝင်မိသားစု၏လုပ်ရပ်များ တရားမျှတမှု ရှိမရှိ ဝေဖန်ပြောကြားရန်ပင် သူ့အား တောင်းပန်လေ၏။

မျက်နှာစိမ်းတစ်ယောက်ထံမှ ထောက်ခံချက်တောင်းယူသည့်သဘော ဖြစ်လေသည်။

ဝမ်စိန်ကြည်မှာ နားထောင်ရသမျှ ဝေဖန်သုံးသပ်ရလျှင် ဝင်မိသားစုများ မတရားမှုန်း ရိပ်မိလာသည်။



သို့သော် တဖက်သတ် ပြောလာသောစကားကို မယုံလိုသဖြင့် ထင်မြင်ချက်မပေးဘဲ အခြေအနေ စောင့်ကြည့်နေလေ၏။

ထိုအချိန်တွင် လယ်သမားများသည် တုတ်များ၊ ခဲလုံးများဖြင့် ခြင်းကြီးအတွင်းဘက်ရှိ အဆောက်အအုံများထဲသို့ ပစ်ပေါက်ကြလေ၏။

အမျိုးမျိုး အော်ဟစ်ဆဲဆိုပြီး ညာသံပေးကာ ပစ်ပေါက်ကြခြင်း ဖြစ်သည်။

အတွင်းဘက်ရှိ အဆောက်အအုံများမှာ ခဲများ၊ တုတ်များ ထိမှန်မှုကြောင့် အသံမျိုးစုံ ပေါ်ထွက်လာသည်ကို ကြားရသည်။

ထိုအခါ လယ်သမားများပို၍ စိတ်ဓာတ်တက်ကြွလာကြပြီး ပိုတိုးကာ ပစ်ပေါက်ကြလေ၏။

ထိုစဉ်မှာပင် ...

"ဝုန်း ..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ခြင်းတံခါးမကြီး ပွင့်သွားပြီး လူတစ်ယောက် ခုန်ထွက်လာ၏။

အပြင်သို့ ရောက်လျှင်ရောက်ချင်း လူအုပ်ကြီးအတွင်းသို့ ပြေးဝင်တိုက်ခိုက်လိုက်၏။

"အား ..."

"အမယ်လေးဗျ ..."

ဆူညံနေသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး လူအုပ်ကွဲသွား၏။

မြေပေါ်တွင် လူသုံးလေးယောက်မျှ လဲကျသွားသည်ကို တွေ့မြင်လိုက်ရ၏။

လယ်သမားများ ပြန်လည်စုရုံးမိသောအခါ သူတို့ရှေ့ ခြံဝင်းတံခါးမကြီးအနီးတွင် မားမားမတ်မတ် ရပ်နေသူတစ်ယောက်အား တွေ့ မြင်လိုက်ရသည်။

လယ်သမားများသည် မြေပေါ်တွင် လဲကျသွားသူများကို ဝိုင်းကူပေးမ ပြုစုနေကြ၏။

တိုက်ခိုက်လာသူအား လက်တုံ့ပြန်မည့် အရိပ်အယောင် လုံးဝမတွေ့ရချေ။

အခြေအနေ စောင့်ကြည့်နေသော ဝမ်စိန်ကြည် အံ့သြသွား၏။

တိုက်ခိုက်လာသူကို သေသေချာချာ အကဲခတ် ကြည့်လိုက်မိလေသည်။

ထိုလူမှာ အဖြူရောင် ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်သည်။



ခန္ဓာကိုယ် ပိန်ပိန်ပါးပါး၊ မျက်နှာဝါဝါ၊ နားထင်ဖောင်းကားပြီး အတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း သိသာထင်ရှားသည်။

သူ၏ မျက်လုံးများသည် ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်း ဖော်ပြနေသည်။ ထိုလူက လယ်သမားများအား စားမတတ် ဝါးမတတ်ကြည့်ပြီး ဒေါနှင့်မောနှင့် အော်ပြောလေ၏။

"လူ့အနွတွေ ... ဒီနေရာမှာလာပြီး သောင်းကျန်းတာ သေရမှာ မကြောက်ဘူးလား၊ မင်းတို့အပြစ် အခုခံရမယ်"

ပြောပြောဆိုဆို ရှေ့သို့ ခြေတစ်လှမ်းတိုးကာ အနီးဆုံးရှိ လူသုံးယောက်ကို တစ်ယောက်ပြီးတစ်ယောက် ဆွဲယူပြီး ခြံဝင်းအုတ်နံရံဆီသို့ ပစ်ပေါက်လိုက်၏။

ထိုလူ ဆွဲယူပစ်လိုက်ပုံမှာ လုံးဝ အားစိုက်ပုံ မရချေ။

ဆွဲယူပစ်လိုက်သည့် အရှိန်ကြောင့် အုတ်နံရံနှင့်ထိလျှင် လူသုံးယောက် သေဆုံးသွားကြရမည် ဖြစ်ပေ၏။

ဝမ်စိန်ကြည် လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"မလုပ်နဲ့ ..."

ဟုအော်ကာ ရှေ့သို့ ခုန်ထွက်သွား၏။

အုတ်နံရံအနီးသို့ ကြိုတင်ရောက်သွားပြီး ပစ်လွှင့်လာသူများကို လက်နှစ်ဖက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် အလိုက်သင့်ဆီး၍ ဖမ်းယူကာ မြေပေါ်သို့ ညင်သာစွာ ချထားပေးလိုက်လေသည်။

သူ ကြားဝင်ကူညီသဖြင့် လယ်သမားသုံးယောက် အသက်ချမ်းသာရာ ရရှိသွားကြလေ၏။

အဖြူရောင် ဝတ်ထားသူကဲ့သို့ပင် ဝမ်စိန်ကြည်လည်း လုံးဝအားစိုက်ပုံမရဘဲ လူသုံးယောက်ကို အလိုက်သင့်ဖမ်းယူကာ မြေပေါ်ချထားပေးလိုက်ခြင်း ဖြစ်၏။

ဝမ်စိန်ကြည်၏ လုပ်ရပ်ကိုမြင်ရလျှင် အဖြူရောင် ဝတ်ထားသူအံ့သြသွားလေသည်။

ဝင်မိသားစု ခြံဝင်း၏ လုပ်ရပ်များကို ဝမ်စိန်ကြည် ဝင်၍မပတ်သက်လိုပါချေ။

ဝင်မိန်ချိုင်းနှင့် ပတ်သက်နေလျှင် ရှေ့လျှောက် ဆက်ဆံ၍ရတော့မည် မဟုတ်ဟု နားလည်၏။

သို့သော် မတရားသည့်လုပ်ရပ်ကို မျက်စိရှေ့တွင် ထင်ထင်ရှားရှား တွေ့မြင်နေရခြင်းကြောင့် သည်းမခံနိုင်ဘဲ ဝင်စွမ်မိခြင်းဖြစ်ပေ၏။

လူသုံးယောက်၏ အသက်ကို ကယ်တင်ရာတွင် ပညာလျှို့ထား၍ မဖြစ်တော့ချေ။

သိုင်းပညာကို ထုတ်ဖော်သုံးပြီးလျှင် ဤနေရာတွင် ကြာရှည်ဆက်နေရန်မသင့်ဟု ယူဆလေ၏။



ညဘက်ရောက်မှ ရွှေချောင်းများကို ခြံဝင်းရှေ့သို့ တိတ်တဆိတ် ချထားပေးမည်ဟု ဆုံးဖြတ်ကာ လှည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေ၏။

အဖြူရောင်ဝတ်ထားသူက သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

သူ၏လုပ်ရပ်ကို ဝင်စွက်နိုင်သည့်အတွက် ပညာမခေကြောင်းတွေးမိသည်။

ဝမ်စိန်ကြည် လှည့်ထွက်ရန် ပြင်သောအခါ ...

"မိတ်ဆွေ ... ခဏနေပါဦးဗျ"

ဟု ဟန့်တားလိုက်လေသည်။

ထိုလူ၏ စကားသံကြောင့် ဝမ်စိန်ကြည် ထွက်သွားဖို့ မလွယ်တော့ကြောင်း နားလည်မိလေ၏။

သူ ခြေလှမ်းရပ်လိုက်စဉ်မှာပင် ပိသာထောင်ပေါင်းများစွာလေးသော အင်အားကြီးတစ်ခုက သူ၏ဝဲဘက်ပခုံးပေါ်သို့ ဖိချလာလေလေကော့သည်။

အဖြူရောင် ဝတ်ထားသူသည် အပေါ်ခုန်တက်ကာ လက်ဝါးတစ်ဖက်ဖြင့် ဝမ်စိန်ကြည်၏ ပခုံးကို ရိုက်ချလိုက်ခြင်းပင် ဖြစ်သည်။

သူ၏လက်ဝါးချက်ထိသွားလျှင် ပခုံးရိုးများ ကျိုးသွားမည်သာ ဖြစ်သည်။

အကြီးအကျယ် ဒဏ်ရာရကာ ဒုက္ခိတဖြစ်သွားရမည် မလွဲချေ။

ဝမ်စိန်ကြည် မနေသာတော့ဘဲ တစ္ဆေရိပ်သိုင်းပညာဖြင့် ပွတ်ကာသီကာ ရှောင်တိမ်းပေးလိုက်လေသည်။

အဖြူရောင် ဝတ်ထားသူက မလွတ်တမ်း ရိုက်ချလိုက်သော်လည်း ဝမ်စိန်ကြည်မှာ လွတ်ဖြစ်အောင် လွတ်သွားပါသည်။

အဖြူရောင်လူ ပို၍ အံ့သြသွားလေသည်။

ဆက်၍လည်း မတိုက်ခိုက်ဝံ့တော့ပါချေ။

ဝမ်စိန်ကြည်အား ထိတ်လန့်အံ့သြစွာကြည့်ပြီး နောက်သို့ ခြေလှမ်းဆုတ်သွား၏။

ဝမ်စိန်ကြည်က သူ့အား လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်ရင်း ...

"စိတ်မရှိပါနဲ့ဗျာ၊ ကျုပ် အမြင်မတော်လို့ လူ့အသက်တစ်ချောင်းကို ဝင်ကယ်လိုက်ပါတယ်၊ ခင်ဗျားရဲ့ သိုင်းပညာ မဆိုးပါဘူး၊ ဘာကြောင့် သိုင်းပညာမတတ်တဲ့ လယ်သမားတွေကို ဒုက္ခပေးချင်ရတာလဲဗျာ"

သူက ယဉ်ယဉ်ကျေးကျေး ပြောလိုက်ခြင်း ဖြစ်ပေသည်။

သူ၏သိုင်းပညာ မခေမှန်း ရိပ်မိသွားသော အဖြူရောင်ဝတ်ထားသူ အထင်မသေးရဲပါချေ။

ဝမ်စိန်ကြည်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရင်း ...



"ခင်ဗျားက ဘယ်သူလဲဗျ၊ ဒီနယ်တစ်ဝိုက်မှာ တစ်ခါမှ မမြင်ဘူးပါလား၊ ခင်ဗျားဟာ တခြားနယ်ကရောက်လာတဲ့ လူစိမ်းတစ်ယောက်ပဲ ဖြစ်ရမယ်"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်နာမည် ဝမ်စိန်ကြည်လို့ ခေါ်ပါတယ်၊ ဒီနယ်ကို ရောက်လာတာဟာ မိတ်ဆွေတစ်ယောက်လို လာရှာတာပါ"

"မိတ်ဆွေ ဟုတ်လား၊ ဒီနယ်မှာတော့ ကျုပ်တို့မသိတဲ့လူ မရှိသလောက်ပဲ၊ မိတ်ဆွေနာမည်က ဘယ်လိုခေါ်သလဲဗျ"

"ဝင်မိန်ချိုင်းလို့ ခေါ်ပါတယ်၊ ခင်ဗျားတို့ ဝင်မိသားစု ခြံဝင်းကလူ ဖြစ်ကောင်းဖြစ်နိုင်မယ်ထင်ပြီး လာခဲ့တာပါဗျာ"

"ဝမ်မိန်ချိုင်း ဟုတ်လား"

"ဟုတ်ပါတယ်"

အဖြူရောင် ဝတ်ဆင်ထားသူသည် ဝင်မိန်ချိုင်းဟူသောအမည်ကို တတွတ်တွတ် ရေရွတ်နေ၏။

အတန်ကြာသောအခါ သူ့မျက်နှာ ပြုံးရောင်သန်းလာသည်။

"ဝင်မိန်ချိုင်းဆိုတာ ဘယ်လို ပုံသဏ္ဌာန်ရှိသလဲ၊ ပြောစမ်းပါဦး"

ဝမ်စိန်ကြည်က ဝင်မိန်ချိုင်း၏ ပုံပန်းသဏ္ဌာန်ကို မှန်းဆဖြေပြလိုက်လေ၏။

"အသက် ၁၈–၁၉ နှစ်လောက် ရှိပါလိမ့်မယ်၊ စာပေသမားပုံစံ ဝတ်ဆင်ထားတဲ့ လူငယ်လေးတစ်ယောက်ပါ၊ သူသာ ဒီကိုပြန်ရောက်လာမယ်ဆိုရင် မကြာသေးခင်မှ ပြန်ရောက်လာတာ ဖြစ်ပါလိမ့်မယ်"

သူ၏ စကားအဆုံးတွင် ...

"ဟုတ်ပြီ ... ဟုတ်ပြီ ..."

အဖြူရောင် ဝတ်ဆင်ထားသူက ခေါင်းတစ်ဆတ်ဆတ်ညိတ်လိုက်သည်။

ပြီးမှတစ်ဖန် လယ်သမားများဘက်သို့လှည့်ကာ အော်ငေါက်လိုက်သည်။

"ဟေ့ ... မသွားကြသေးဘူးလား၊ ဘာလဲ သေချင်လို့လား"

လယ်သမားများသည် ဝမ်စိန်ကြည်နှင့် အဖြူရောင် ဝတ်ထားသူတို့ စကားစမြည် ပြောဆိုနေကြသည်ကို တွေ့ရလျှင် တုန်လှုပ်သွားကြသည်။

ဝမ်စိန်ကြည်က သူတို့ဘက်မှ ဝင်ကူတော့မည် မဟုတ်ဟု ယူဆပြီး အလျှိုအလျှို ထွက်ခွာသွားကြလေတော့သည်။



မကြာပါချေ။

ခြံဝင်းရှေ့တွင် လူသူ ရှင်းရှင်းလင်းလင်း ဖြစ်သွားလေသည်။

ထိုအခါမှ အဖြူရောင် ဝတ်ဆင်ထားသူက ဖိတ်ခေါ်လေသည်။

"မိတ်ဆွေတွေ့ချင်တဲ့ ဝမ်မိန်ချိုင်းဆိုတာ ခြံဝင်းထဲမှာ ရှိပါတယ်ဗျာ၊ ကျေးဇူးပြုပြီး အထဲကိုကြွပါ"

ဝမ်စိန်ကြည် စဉ်းစားလိုက်၏။

ဝမ်မိန်ချိုင်း ဤခြံဝင်းအတွင်း ရှိရမည်ဟု အခိုင်အမာ ယုံကြည်ထား၏။

ဝှင်မိန်ချိုင်းအားတွေ့ကာ ရွှေချောင်းများ ပြန်ပေးလိုက်လျှင် သူ့အတွက် လုံးဝ တာဝန်ပေါ့သွားပေသည်။

ထို့အပြင် ကံကောင်းထောက်မပြီး ဝင်ယိ၏သတင်းကို စုံစမ်း၍ ရနိုင်သေးသည်။

ထိုသို့ တွေးမိလျှင် ခေါင်းညိတ်သဘောတူလိုက်လေ၏။

"ကောင်းပြီဗျာ ..."

သူက အန္တရာယ်ကို မတွေးမိ၍ မဟုတ်ပါ။

ကြားဝင်စွက်ဖက်သဖြင့် အဖြူရောင်ဝတ်ဆင်ထားသူ အကောက်ကြံနိုင်ကြောင်း သိ၏။

သို့သော် လုံးဝ အရေးမစိုက်ဘဲ လူတိုင်း ကြောက်ရွံ့မုန်းတီး

နေသော ဝင်မိသားစု ခြံဝင်းအတွင်းသို့ အဖြူရောင် ဝင်ဆင်ထားသူနှင့်အတူ လိုက်ဝင်သွားၡ၏။

သူ၏အသွင်အပြင်မှာ ခြသေ့်တစ်ကောင်အလား ရဲရင့်နေသည်တကား။

❁ ❁ ❁

## သဲလွန်စ ပေါ်လာခြင်း

ခြံဝင်းမှာ ကျယ်ဝန်းလှ၏။

ခြံဝင်း၏အတွင်း၌ အဆောက်အအုံ အကြီးအငယ်များပြားစွာ တည်ရှိလေ၏။

အကြီးမားဆုံး အဆောက်အအုံ ရှေ့တွင် ...

"ခေတ်အဆက်ဆက် ဂုဏ်မသိမ်သော ဝင်မိသားစုခြံဝင်း"

ဟု ရေးသားထားသော ဆိုင်းဘုတ်ကြီးက ဝင့်ကြွားစွာ ချိတ်ဆွဲထားလေ၏။

ယင်း အဆောက်အအုံကြီးအတွင်းသို့ အဖြူရောင် ဝတ်ဆင်ထားသောသူက ခေါ်သွား၏။

လမ်းတွင် အခြားစကားမပြောဘဲ သူ၏အမည်ကိုသာ မိတ်ဆက်လာခဲ့၏။

ထိုလူ၏အမည်မှာ ဝင်ကျင်းဟု သိရလေသည်။

ဝင်ကျင်းသည် ဝမ်စိန်ကြည်အား ဧည့်ခန်းမဆောင်ကြီးအတွင်းသို့ ခေါ်ဆောင်သွားလေ၏။

ဧည့်ခန်းမဆောင်သို့ ရောက်လျှင် ဝင်ကျင်း လက်ခုပ်တီးလိုက်သည်နှင့် အိမ်ဖော်များ ပြေးထွက်လာကြသည်။

ချက်ချင်းပင် စားသောက်ဖွယ်ရာများ၊ လက်ဖက်ရည်များ၊ မုန့်များ ယူဆောင်လာပြီး ဧည့်ခံကြလေ၏။

ဝင်ကျင်းက ဧည့်ခံရင်း ဝမ်စိန်ကြည်အား မေးမြန်းစုံစမ်းလေတော့၏။

"မိတ်ဆွေ ... ခင်ဗျားရဲ့ သိုင်းပညာ မဆိုးဘူး၊ ခင်ဗျားဆရာက ဘယ်သူလဲဆိုတာ ပြောပြပါလားဗျာ"

သူ၏ပုံစံမှာ မိတ်ဆွေတစ်ယောက်အား သဘောရိုးဖြင့် မေးမြန်းကြည့်ပုံမျိုး ဖြစ်၏။

သို့သော် ...

ဝမ်စိန်ကြည် စိတ်မချပါ။

မိမိအပေါ် အချိန်မရွေး ရန်မူလာနိုင်ကြောင်း သိထားသည်။

လောကဝတ်အရ ကောင်းကောင်းမွန်မွန် ပြင်ပြောရသည်။

သူနှင့် သူ့ဆရာ၏အကြောင်းကို မပြောဘဲ သူလာရင်းကိစ္စကို ပြောပြလိုက်ခြင်းသာ ဖြစ်၏။

"ကျုပ်နဲ့ ဝင်မိန်ချိုင်းဟာ လှေတစ်စီးထဲအတူတူ လှော်ကြံစီး



ခဲ့ကြပါတယ်ဗျာ၊ သူ ထွက်သွားချိန်မှာ ပစ္စည်းတချို့ ကျန်ခဲ့တာမို့ လာပို့တာပါ၊ သူနဲ့တွေ့လို့ ပေးပြီးရင် ပြန်ဖို့ပဲ ရှိပါတော့တယ်"

သူ့အပေါ် ရန်ငြိုးမဖွဲ့စေလိုကြောင်း ဤနေရာတွင် ကြာရှည်နေထိုင်မည်မဟုတ်ကြောင်း သွယ်ဝိုက်ပြောလိုက်ခြင်း ဖြစ်သည်။

ဝမ်စိန်ကြည်က မေးခွန်းကိုမဖြေဘဲ စကားလွှဲလိုက်သည်ကို ဝမ်ကျင်းရိပ်မိသော်လည်း အလိုက်သင့် ပြန်မေးလေသည်။

"ခင်ဗျားပြောတာ ဝင်မိန်ချိုင်းနော်"

"ဟုတ်ပါတယ်ဗျာ"

"အင်း ... အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ကျုပ်တို့ ခြံဝင်းထဲမှာ ဝင်မိန်ချိုင်းဆိုတဲ့လူ မရှိဘူးဗျ"

"ဗျာ ..."

ဝမ်စိန်ကြည် အတော်ကလေး အံ့သြသင့်သွားလေတော့သည်။

ဝင်ကျင်းက ဆက်ပြောလေသည်။

"ဒါပေမယ့် ကျုပ်ညီလေး ဝင်ချင်းဟာ မကြာခဏ ခရီးထွက်တတ်ပါတယ်၊ အပြင်မှာ သူက နာမည်အရင်းကို မသုံးဘဲ တခြားနာမည် ပြောင်းသုံးထားတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ခင်ဗျားပြောပုံအရ ဝင်မိန်ချိုင်းဆိုတာ ကျုပ်ညီလေး ဝင်ချင်းပဲ ဖြစ်လိမ့်မယ်ထင်မိပါတယ်"

ဝမ်စိန်ကြည် သက်ပြင်းမသိမသာ ချလေသည်။

ဝင်ချင်းဆိုသူ ဝမ်မိန်ချိုင်း မဟုတ်လျှင် သူ့အတွက် ဒုက္ခမသေးလှကြောင်း ကောင်းစွာ နားလည်ထားပေသည်။

ဝင်ကျင်းက ဆက်ပြော၏။

"ဝင်ချင်း အခု အပြင်သွားနေတယ်ဗျ၊ ဒါကြောင့် ခဏစောင့်ပါဦး၊ သူ မကြာခင် ပြန်ရောက်လာပါလိမ့်မယ်"

ဝင်ကျင်းသည် ဝမ်စိန်ကြည်အား လိုလေသေးမရှိ ဧည့်ခံပြုစုလေသည်။

ဝမ်စိန်ကြည်မှာ ဝင်မိသားစု ခြံဝင်းမှလူများ မတရားလုပ်နေကြောင်း သိထားပြီးဖြစ်ရာ တစ်စက်ကလေးမှ ဆက်၍ မနေလိုပေ။

သူ ထွက်သွားလိုသော်လည်း ဝင်ချင်း (ဝါ) ဝင်မိန်ချိုင်းကို တွေ့လိုစိတ်က ရှိနေပြန်သည်။

ထို့ကြောင့် ဘာမှမပြောတော့ဘဲ သည်းခံကာ စောင့်ဆိုင်းနေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေ့လယ်နေ့ခင်းအချိန် ရောက်လာပြီဖြစ်သော်လည်း ဝင်မိန်ချိုင်းကား ပြည်လည် ရောက်မလာသေးချေ။

ရွှေချောင်းများထား၍ ပြန်သွားလိုသော်လည်း မဆိုင်သူ လက်ထဲမအပ်လို၍ စောင့်လက်စဖြင့် ဆက်၍ စောင့်နေလိုက်လေသည်။

ဝင်ကျင်းသည် ထမင်းစားချိန်ရောက်သောအခါ ထမင်းဟင်းများဖြင့် ကျွေးမွေးဧည့်ခံသည်။



ဝင်မိသားစုခြံဝင်းအတွင်း လူအများအပြား မှီတင်းနေထိုင်ကြောင်း ဝမ်စိန်ကြည် ရိပ်မိပါသည်။

သူ တွေ့နေရသည်မှာ အိမ်ဖော်များသာ ဖြစ်သည်။

ဝင်မိသားစုခြံဝင်းတွင် ဝင်ကျင်းမှာ ခေါင်းဆောင်ဖြစ်နေသည်လောဟုပင် တွေးမိ၏။

အစားအစာများကိုလည်း မတတ်သာဘဲ စားလိုက်ရသည်။

ဝင်ကျင်းသည် သူ့အား ဧည့်ခံစကား ပြောလိုက်၊ ကျွေးမွေးလိုက်၊ ဧည့်ခန်းထဲမှ ထွက်သွားလိုက်၊ ပြန်ဝင်လာလိုက်ဖြင့် တစ်နေ့လုံး အလုပ်ရှုပ်နေ၏။

ဝမ်စိန်ကြည်လည်း ကြာတော့ ဝင်ကျင်းကို အားနာလာလေတော့သည်။

ထို့ကြောင့် ဝင်မိန်ချိုင်းကို စိတ်ရှည်လက်ရှည်ဖြင့် ဆက်၍ စောင့်နေလိုက်ပေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြန်သည်။

နေရောင်ခြည်များ အနောက်ဘက်သို့ တိမ်းစောင်းကာ ရှည်လျားစွာ ကျလာ၏။

ညနေဆည်းဆာ အချိန်သို့ပင် ရောက်ရှိလာပြီ ဖြစ်လေတော့သည်။

❀ ❀ ❀

တစ်နေ့တာအချိန် ကုန်ဆုံးသွားခဲ့ချေပြီ။

ဝမ်စိန်ကြည်လည်း တစ်နေ့လုံး ထိုင်စောင့်နေခဲ့ရ၏။

ညနေဆည်းဆာအချိန်သို့ ရောက်လာသောအခါ စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။

ဆက်၍ မစောင့်လိုတော့ချေ။

နောက်ဆုံး စိတ်ပိုင်းဖြတ်၍ ဝင်ကျင်းကို ပြောလေသည်၊

"မိတ်ဆွေဝင်ကျင်း ... ယောဒီအထုပ်ဟာ ဝင်မိန်ချိုင်းရဲ့ပစ္စည်းပါ၊ ဒါကြောင့် သူလာတဲ့အခါ ပြန်ပေးလိုက်ပါဗျာ"

ပြောပြောဆိုဆို ပခုံးပေါ်မှ အထုပ်ကိုဖြုတ်ချကာ စားပွဲပေါ် တင်ထားပေးလိုက်လေသည်။

ထိုအခါ ဝင်ကျင်းက ...

"နေပါဦးလေ ... ခင်ဗျားပြောတဲ့ ဝင်မိန်ချိုင်းဆိုတာ ကျုပ်ညီလေးဝင်ချင်းမဟုတ်ရင် ဘယ်နှယ်လုပ်မလဲဗျ"

ထိုစကားကြောင့် ဝမ်စိန်ကြည် တုံ့ဆိုင်းဆိုင်း ဖြစ်သွားရလေတော့သည်။

ထိုအချိန်မှာပင် အပြင်ဘက်မှ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရယ်သံများမှာ မိန်းကလေးများ၏ ခိုးခိုးခစ်ခစ် ရယ်မောသံများ ဖြစ်လေသည်။



ထို ရယ်မောသံများအလယ်တွင် ဝင်မိန်ချိုင်း၏ အသံပါကြောင်း ဝမ်စိန်ကြည် ချက်ချင်းသိလိုက်သည်။

ဝင်ကျင်းက ...

"ဟော ... ကျုပ်ညီလေး ပြန်လာပြီ"

သူ၏စကားကြောင့် ဝင်မိန်ချိုင်းနှင့်ဝင်ချင်းတို့မှာ တစ်ယောက်တည်းသာဖြစ်ကြောင်း သေချာသွားလေသည်။

ဝင်ကျင်းက အပြင်သို့လှမ်းထွက်ရန် ဟန်ပြင်လိုက်၏။ ဝမ်စိန်ကြည်လည်း ထိုင်ရာမှ ထလေသည်။

ထိုအခါ ဝင်ကျင်းက မနှစ်မြို့သော မျက်နှာထားဖြင့် ဟန့်တားလိုက်သည်။

"ခင်ဗျား ထိုင်စောင့်နေပါဗျာ"

ဧည့်သည်ဖြစ်သည့်အတွက် ဝမ်စိန်ကြည်လည်း အလိုက်မသိရာကျမည်စိုးရိမ်ပြီး ပြန်ထိုင်လိုက်ရလေသည်။

ဝင်ကျင်းထွက်သွားသည်။ သူက ရင်မောစွာဖြင့် စောင့်နေ၏။ တစ်နေလုံး စောင့်နေခဲ့သော ဝင်မိန်ချိုင်းကို စတွေ့ရတော့မည် မဟုတ်ပါလား။

မကြာပါချေ။

အပြင်ဘက်မှ လှမ်းဝင်လာသော ခြေသံများကို ကြားလိုက်ရ၏။

ဝင်စိန်ကြည် ထမရပ်မိအောင် မနည်း စိတ်ထိန်းထားရသည်၊ ဝင်လာသူကို တွေ့လိုက်သောအခါ စိတ်ပျက်သွားသည်။ ဝင်လာသူမှာ ဝင်မိန်ချိုင်းမဟုတ်ဘဲ ဝင်ကျင်း ဖြစ်နေလေသည်။

ဝမ်စိန်ကြည်က လှမ်းမေးလိုက်သည်။

"ခင်ဗျားညီ ဝင်ချင်းကောဗျ"

ဝင်ကျင်းက ပြုံးရင်း ...

"ခဏစောင့်ပါ ... သူ အဝတ်အစား လဲနေပါတယ်၊ လာပါလိမ့်မယ်"

ဝမ်စိန်ကြည် မျက်မှောင်ကြုတ်သွားလေသည်။ ဝင်မိန်ချိုင်း (ဝါ)ဝင်ချင်းသည် မိန်းကလေးများနှင့် ရောရောနှောနှောနေပြီး၊ မိန်းကလေးဆန်သူ ဖြစ်သည်ဟု စိတ်ထဲမှ တွေးမိသည်။

ဝင်ချင်း(ဝါ)ဝင်မိန်ချိုင်း၏ ပုံသဏ္ဍာန်ကို သဘောမကျပါ။ ရှေ့ဆက်စရာ အကြောင်းမရှိ။ ရွှေချောင်းပေးပြီး ပြန်ရုံမျှသာ ရှိကြောင်း တွေးမိမှ စိတ်သက်သာရာ ရရှိသွားလေသည်။

မကြာပါချေ။

နောက်ထပ်ခြေသံများ ထွက်ပေါ်လာသည်။

အတွင်းဘက်အခန်းမှ လူတစ်ယောက် လှမ်းဝင်လာ၏။

ထိုလူသည်ကား ဝမ်စိန်ကြည် စောင့်မျှော်နေသော ဝင်မိန်ချိုင်းပင် ဖြစ်လေတော့သည်။



ဝင်မိန်ချိုင်းသည် သူ့အား တွေ့ရသည်နှင့် မျက်နှာတစ်ခုလုံး ပြုံးရွှင်သွား၏။

"သြော် ... မိတ်ဆွေကြီး ကြွလာတာကိုး၊ ကျွန်တော်တို့အိမ်ကို လာတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်ဗျာ"

ဝမ်စိန်ကြည်က အသိအမှတ်ပြု ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် စားပွဲပေါ်မှ အထုပ်ကို ညွှန်ပြရင်း ...

"ခင်ဗျားပစ္စည်း မေ့ကျန်ရစ်ခဲ့လို့ လာပေးတာပါ"

ပြောရင်း ထိုင်ရာမှထလိုက်၏။

သူ၏စကားကြားသည်နှင့် ပြုံးရွှင်နေသည့် ဝင်မိန်ချိုင်း၏ မျက်နှာ ညှိုးငယ်သွားသည်ကို သတိပြုမိလိုက်သည်။

ဝမ်စိန်ကြည်ကို စေ့စေ့ကြည့်ရင်း စကားဆိုလာသည်။

"ဘာလဲ ... ခင်ဗျားက ကျွန်တော့်ကို အထင်သေးတဲ့သဘောလားဗျ"

ခပ်ထန်ထန် မေးလိုက်သောစကားကြောင့် ရုတ်တရက် ဝမ်စိန်ကြည် မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်သွားရ၏။

ဝင်မိန်ချိုင်းက ဆက်ပြောသည်။

"ဒီလောက်ကလေးနဲ့တော့ ကျုပ်အဖို့ ဘာမှ မဖြစ်နိုင်ပါဘူး၊ ခင်ဗျားအတွက်ပေးတာ ခင်ဗျားယူလိုက်ပါ"

ဝမ်စိန်ကြည် ချက်ချင်း လက်ကာပြရင်း ...

"မဟုတ်ဘူး ... သူများပစ္စည်းကို ကျုပ် မလိုချင်ဘူးဗျ"

"ဘာ ... ကျုပ်က အငမ်းမရ လိုချင်နေတယ်ဆိုပါတော့၊ ဟွန်း ဟိုနေ့က မြစ်ထဲ အကုန်ပစ်ချလိုက်ရင် ကောင်းသား"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်၏။

"မလုပ်ပါနဲ့ဗျာ ... မြစ်ထဲချပစ်မယ့်အစား ဆင်းရဲနွမ်းပါးတဲ့ လူတွေကို ဝေပေးလိုက်ရင် မကောင်းဘူးလား"

"အို ... ဒါက ကျုပ်သဘောပါ၊ ကျုပ်ပေးချင်မှ ပေးမှာပေါ့"

"ထားပါတော့လေ၊ ခင်ဗျားပိုင်တဲ့ပစ္စည်း ခင်ဗျားကြိုက်သလို လုပ်နိုင်ပါတယ်၊ ကျုပ်တော့ မယူပါရစေနဲ့၊ ကဲ ... ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

ပြောပြီးသည်နှင့် ထွက်ခွာသွားရန်ခြေလှမ်းပြင်လိုက်လေသည်။

ရုတ်တရက် ဝင်မိန်ချိုင်းက သူ့အနီးသို့ ရောက်လာသည်။

သူ၏ လက်တစ်ဖက်ကို ဖမ်းဆွဲထားရင်း ..."

"ဟင့်အင်း ... ခင်ဗျား မသွားရဘူး"

"ဗျာ ..."

ဝမ်စိန်ကြည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဝင်မိန်ချိုင်း၏ အပြုအမူသည် လွန်စွာ ကလေးဆန်၏။



အစ်ကိုတစ်ယောက် ထွက်သွားမည်ကို ညီမလေးတစ်ယောက်က ဟန့်တားနေသည်နှင့် တူ၏။

သူ၏ အပြုအမူကြောင့် နံဘေးမှ ရပ်ကြည့်နေသော ဝင်ကျင်း မျက်နှာပျက်သွားလေသည်။

ဝင်မိန်ချိုင်းက ဝင်ကျင်းရှိသည်ဟုပင် သဘောထားပုံ မရပါချေ။

"ခင်ဗျားကိုကျုပ် အရေးကြီးတဲ့စကား ပြောစရာရှိတယ်၊ ဒါကြောင့် ဘယ်မှမသွားရဘူး၊ ဒီနေ့ဒီမှာပဲနေရမယ်"

ဝမ်စိန်ကြည်မှာ ဝင်မိသားစု ခြံဝင်းတွင် ဆက်မနေလိုချေ။

လူအများ ရွံ့ရှာမုန်းတီးနေသည့် နေရာတွင် နေထိုင်ရန် မသင့်ကြောင်း သူ နားလည်ထား၏။

"ခင်ဗျားမှာ ကိစ္စရှိရင် နောက်တစ်ခေါက် ကျုပ် လာခဲ့ပါ့မယ်၊ ဒီနေ့တော့ ခွင့်ပြုပါဗျာ"

"ဟင့်အင်း ... ဟင့်အင်း ... မသွားရဘူး"

ဝင်မိန်ချိုင်းကိုကြည့်ကာ ဝင်ကျင်း မကျေမနပ် ဖြစ်လာသည်။

ထို့ကြောင့် ပထမဆုံးအကြိမ် ကြားဝင်ပြောလိုက်လေ၏။

"ညီလေးကလည်းကွာ ... သူ သွားစရာရှိတာ သွားပါစေလား၊ ဧည့်သည်ကို စိတ်အနှောင့်အယှက် ဖြစ်အောင်လုပ်ဖို့ မကောင်းပါဘူး"

ယဉ်ယဉ်ကျေးကျေးပြောရင်း ဝမ်စိန်ကြည် ထွက်သွားမည်ကို သဘောတူလိုက်ခြင်း ဖြစ်လေသည်။

ဝင်ကျင်းက ထွက်သွားစေလို၏။

ဝင်မိန်ချိုင်း(ခေါ်)ဝင်ချင်းကမူ လုံးဝ မသွားစေလိုချေ။

ဤအချက်ကို နားလည်သော ဝမ်စိန်ကြည်က ...

"ဟုတ်ပါတယ်၊ ကျုပ် သွားပါရစေဗျာ၊ အကြောင်းရှိရင် နောက် တွေ့ကြသေးတာပေါ့"

သူ ထွက်သွားလိုကြောင်း ခွင့်တောင်းရာ စိတ်ပေါက်ပေါက်ဖြင့် ဝင်မိန်ချိုင်းက ပြောလေသည်။

"ကောင်းပြီလေ ... တားမရရင်လည်း သွားပေါ့၊ ဒါပေမယ့် သွားမယ်ဆိုရင် အထုပ်ကိုတော့ ပြန်ယူသွားပါ"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်၏။

"အထုပ်ကိုတော့ မယူပါရစေနဲ့ဗျာ"

"လာပြန်ပြီ အထင်သေးတဲ့စကား"

ဝမ်စိန်ကြည် အခက်ကြုံနေ၏။

ထွက်သွားလိုလျှင် အထုပ်ကို ယူသွားရမည်။

အထုပ်ထားခဲ့လိုလျှင် ဤနေရာတွင် နေရမည်ဖြစ်လေသည်။

ဝင်မိန်ချိုင်း၏ နွမ်းနေသော မျက်နှာကလေးကိုကြည့်ပြီး စိတ်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။



ဝင်မိန်ချိုင်းကို အလိုလို သံယောဇဉ် တွယ်လာမိလေသည်။

"ကျုပ်ကို ဒီမှာတကယ် နေစေချင်လို့လား"

"တကယ်ပေါ့၊ ကျုပ်မှာ ပြောစရာ စကားတွေ အများကြီး ရှိတယ်"

ဝမ်စိန်ကြည် သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ ... ကျုပ် တစ်ညတော့ တည်းပါ့မယ်ဗျာ"

ထိုအချိန်တွင် အပြင်ဘက်၌ အလင်းရောင်ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

မိုးချုပ်သွားပြီဖြစ်ရာ ဝင်မိသားစု ခြံဝင်းမှ ထွက်သွားလျှင် ဤမြို့ကလေး၌ပင် တစ်ည တည်းခိုရမည် ဖြစ်သည်။

ထိုအခါ ...

သူ့အား မည်သူမျှ လက်ခံကြလိမ့်မည် မဟုတ်ချေ။

ညဘက်ခရီးဆက်ရန်လည်း မလွယ်တော့ပါ။

သူ၏စကားကြားရလျှင် ဝင်မိန်ချိုင်း ဝမ်းသာပျော်ရွှင်သွားလေတော့သည်။

"ဟာ ... ဝမ်းသာလိုက်တာ"

ဝင်ကျင်း၏ မျက်နှာမှ ရှုံ့မဲ့သွားလေ၏။

ဝမ်စိန်ကြည်အား မလိုလားအပ်သည့် အရိပ်အယောင် ဖုံးဖိ၍ မရဘဲ အထင်းသား ပေါ်လွင်လာလေ၏။

ဝင်မိန်ချိုင်းသည် ဝမ်စိန်ကြည်အား လိုလေသေးမရှိအောင် ပြုစုလေ၏။

တစ်ချိန်လုံး မပျင်းမရိရလေအောင် ရောက်တတ်ရာရာ စကားများ ပြောဆို၏။

ဝင်ကျင်းကလည်း တစ်ချိန်လုံး အနားမှမခွာဘဲ ဝင်မိန်ချိုင်းကို ကပ်ထား၏။

ဝင်မိန်ချိုင်းက ဝမ်စိန်ကြည်နှင့် ပို၍ တပူးပူးတတွဲတွဲ နေသည်။

ဝမ်စိန်ကြည်နှင့် သိုင်းလောကအကြောင်းများ၊ စာပေဗဟုသုတအကြောင်းများ ရေပက်မဝင်အောင် ပြောဆိုနေကြလေသည်။

ဝင်ကျင်း၏ သိုင်းပညာမဆိုးသော်လည်း စာပေဗဟုသုတဘက်တွင် လွန်စွာ ညံ့ဖျင်းနေသည်ကို တွေ့ရ၏။

ကြားဝင် ဆွေးနွေးပြောဆိုခြင်းမရှိဘဲ ထိုင်၍နားထောင်နေ၏။

အချိန်ကြာသော် သူ့အတွက် ပျင်းရိ ငြီးငွေ့ဖွယ်ရာဖြစ်လာလေတော့သည်။

သို့သော်လည်း လုံးဝ မခွာဘဲ တွယ်ကပ်နေသည်။

တစ်ခါတစ်ရံ သူသိသမျှ ကြားဝင်ပြောရန် ဟန်ပြင်၏။

သူ၏စကား မ,စနိုင်မီ သူ့ထက်ဦးအောင် ဝင်မိန်ချိုင်းက ပြောလေ၏။



ထို့ကြောင့် ဝင်ကျင်းမှာ စကားပြောရန် အခွင့်အရေး လုံးဝ မရချေ။

ဤသို့ သုံးလေးကြိမ် ဖြစ်လာသောအခါ ဝမ်စိန်ကြည်လည်း ရိပ်မိလာတော့သည်။

ဝင်ကျင်းနှင့် ဝင်မိန်ချိုင်း(ဝါ) ဝင်ချင်းတို့သည် ညီအစ်ကိုများ ဖြစ်ကြသည်။

သို့သော် ...

တစ်ယောက်နှင့်တစ်ယောက် စိတ်သဘောထားခြင်း မတူညီကြပါချေ။

ဝင်ကျင်းမှာ လူကြီးဆန်ပြီး ရက်စက်ကြမ်းကြုတ်သော စိတ်ထားရှိ၏။

ဝင်ချင်း(ဝါ) ဝင်မိန်ချိုင်းမှာ ကလေးဆန်၏။

သူလည်း ရက်စက်ကြမ်းကြုတ်သူတစ်ယောက် ဖြစ်ပေသည်။

မည်သို့ဆိုစေ သူ့အပေါ် ဆက်ဆံနေသော ဝင်ချင်း၏ အပြုအမူများသည် ရက်စက်ကြမ်းကြုတ်သူမှ ဟုတ်ပါလေစဟု သံသယဝင်လာစေတော့သည်။

ဝမ်စိန်ကြည်လည်း ညီအစ်ကိုနှစ်ယောက်၏ မပြေလည်သော ဆက်ဆံရေးကိုကြည့်ကာ စိတ်လက်မအီမသာ ဖြစ်လာသည်။

သူတို့ကြားတွင် အနေရကျပ်လာ၏။

တစ်ယောက်က အရေးပေးသလောက် တစ်ယောက်က မလိုလားဟန် ပြနေသည်။

ဝင်ကျင်းက ဝင်ချင်းအပေါ် ဗွေမယူဘဲ ခွင့်လွှတ်နေ၍သာ တော်ပေးတော့သည်။

ဝင်ချင်း၏အလိုကို ဝင်ကျင်းက တတ်နိုင်သမျှ လိုက်လျောရှာပါသည်။

ဝင်ချင်းအပေါ် လိုက်လျောသော်လည်း အခြားသူများကို မျက်နှာသာပေးမည် မဟုတ်ကြောင်း ဝမ်စိန်ကြည် နားလည်ထားတော့သည်။

အချိန်များက တရွေ့ရွေ့ ကုန်ဆုံးသွားပြန်သည်။

ဝမ်စိန်ကြည်မှာ တစ်နေ့လုံး ခရီးနှင်လာခဲ့ရ၍ ပင်ပန်းနွမ်းနယ်နေချေပြီ။ ထို့ကြောင့် အိပ်ရာဝင်လိုသည်။ သူ ညရေးညတာ အိပ်စက်ရေးအတွက် ဝင်ချင်းနှင့် ဝင်ကျင်းတို့ စကားများကြပြန်တော့သည်။

ဝင်ကျင်းသည် ဝင်ချင်းနှင့် ဝမ်စိန်ကြည်တို့ ပြောသမျှကို ဘေးမှထိုင်ကာ နားထောင်နေသည်။ ဖျင်းရိုင်းငွေ့လာပြီဖြစ်၍ လက်နှစ်ဖက်ဆန့်တန်းကာ ဝါးခနဲ သမ်းဝေလိုက်ပြီး ...

"ညီလေး ... ညဥ့်နက်နေပြီ အိပ်ကြရင် ကောင်းမယ်"



ယခုတစ်ကြိမ်တွင် သူ၏စကားကို ဝင်ချင်းက သဘောတူလိုက်လေသည်။

"ဟုတ်တယ် ကျွန်တော်စကားကောင်းနေတာနဲ့ အိပ်ဖို့ဆောင်မေ့နေတယ်၊ မိတ်ဆွေအတွက် အိပ်ရာခမ်းနား ပြင်ဆင်ပေးရဦးမယ်"

ဤတွင် ဝင်ကျင်းက ...

"အို ... ဘာမှ စီစဉ်စရာ မလိုပါဘူး၊ သူ ကျုပ်အခန်းထဲလိုက်အိပ်ရင် ပြီးရောပေါ့၊ မဟုတ်ဘူးလား"

ဝမ်စိန်ကြည်အား အတည်ပြုစေလိုသည့် သဘောဖြင့် လှမ်းမေးလိုက်သည်။

ဝမ်စိန်ကြည် ခေါင်းညိတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ဝင်ချင်း၏ လက်မခံသောစကားသံ ကြားဖြတ်ထွက်ပေါ်လာတော့၏။

"အို ... သူလိုက်အိပ်လို့ ဘယ်ဖြစ်မှာလဲ"

"ဘာဖြစ်လို့လဲ သူဘယ်မှာအိပ်မှာလဲ"

"ကျွန်တော့အခန်းမှာ အိပ်ပေါ့"

"ဘာ ..."

ဝင်ကျင်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

သူ၏ မျက်လုံးအစုံပြူးကာ ဝင်ချင်းကို တအံ့တသြ ကြည့်နေလေသည်။

ဝင်ချင်းက သူ့အား လုံးဝအရေးမစိုက်ဘဲ လေသံအေးအေးဖြင့် …

"ကျွန်တော့်အခန်းမှာပဲ အိပ်ရမှာပေါ့၊ ကျွန်တော့်ဧည့်သည်မဟုတ်လား၊ ထွေထွေထူးထူး အခန်းပြင်စရာ မလိုပါဘူး"

"ညီ … ညီလေး … မင်း … မင်းကလည်း အိပ် …"

"ကျွန်တော်က မေမေနဲ့ သွားအိပ်မှာပေါ့"

ဝင်ကျင်း ခေါင်းငုံ့ထားလိုက်၏။

ဝင်ချင်းက ဝမ်စိန်ကြည်၏လက်ကို ဆွဲကာ …

"လာ … ကျွန်တော်နဲ့ လိုက်ခဲ့"

ဝမ်စိန်ကြည် မည်သို့မျှ မတတ်သာဘဲ ဝင်ချင်းခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

❁ ❁ ❁

တတိယအဆောင် …။

တတိယအဆောင် အပေါ်ထပ်သို့ တက်မိလျှင် ဝဲဘက်မှ အခန်းတစ်ခု၏ တံခါးကို တွန်းဖွင့်လိုက်၏။

တံခါးပွင့်သွားသည်နှင့် မွှေးကြိုင်သင်းပျံ့သော ရနံ့များ ရှူရှိုက်လိုက်ရလေသည်။



အခန်းတွင်း၌ ထိန်ထိန်လင်းအောင် ဖယောင်းတိုင်များနှင့် မီးအိမ်ထွန်းညှိထားသည်။

အခန်းတွင်းရှိ အသုံးအဆောင်ပစ္စည်းများ အားလုံးလိုလို ဆွတ်ဆွတ်ဖြူဖွေးနေသည်။

အလွန်မွှေးကြိုင်သင်းပျံ့ကာ နေချင်စဖွယ် အခန်းတစ်ခု ဖြစ်ပေတော့သည်။

ဝမ်စိန်ကြည် မျက်မှောင်ကြုတ်ကာ …

"ဒါ ခင်ဗျားအခန်းလား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဘာ … ဘာမှ မဖြစ်ပါဘူး"

မျက်လုံးဝင်းကြီးများဖြင့် မော့ကြည့်ရင်း ပြန်မေးလာသော ဝင်ချင်းကို ဝမ်စိန်ကြည် ရင်ထဲရှိသလို မပြောဝံ့ချေ။

သူက မိန်းကလေးတစ်ယောက်၏ အခန်းနှင့်တူလိုက်တာဟု ပြောမလို့ ဖြစ်သည်။

ဝင်ချင်း ခစ်ခနဲ ရယ်မောလိုက်၏။

"ကျွန်တော့်အခန်းမှာ တစ်ညတော့ သည်းခံပြီး အိပ်ပါဗျာ"

ဝမ်စိန်ကြည် ငြင်းဆန်ရန် ဟန်ပြင်သည်။

မိန်းကလေးတစ်ယောက်၏ အခန်းနှင့်တူသော အခန်းတွင်းဝယ် သူ မအိပ်လိုပါချေ။

သူသည် တောတောင်ထဲတွင် အနေကြာပြီဖြစ်ရာ မာကျောပြီး ရိုင်းစိုင်းသလို ဖြစ်နေ၏။

အလှအပ အမွေးအကြိုင်ကို ခံစားနိုင်စွမ်း မရှိချေ။

သူ စကားမပြောနိုင်မီ ဝင်ချင်းက ခပ်သွက်သွက်ပြန်လှည့်ထွက်သွားလေ၏။

တံခါး ပြန်ပိတ်သွားသည်နှင့် ဝမ်စိန်ကြည်မှာ သီးခြားကမ္ဘာတစ်ခုတွင်းသို့ ရောက်ရှိနေသူတစ်ယောက်အလား ခံစားမိလိုက်ရလေတော့သည်။

❀ ❀ ❀

အခန်းတွင်းဝယ် ကြီးမားသော ခုတင်တစ်ခု ရှိလေသည်။

ခုတင်ပေါ်တွင် အိစက် ညက်ညောသော ဖဲမွေ့ရာရှိပြီး စာမနီငှက်ရုပ်ပုံပါသော အိပ်ရာဖုံးခင်းထားသည်။

ခြင်ထောင်မှာ စာခြည်ထောင်ဖြစ်ပြီး မွေးကြိုင်သင်းပျံ့နေပေသည်။

ခုတင်အနီးတွင် စားပွဲတစ်လုံးနှင့် မှန်တင်ခုံတစ်လုံး ရှိသည်။

မှန်တင်ခုံပေါ်တွင် မိန်းကလေးတစ်ယောက် အလှပြင်ရာတွင် အသုံးပြုသော ပစ္စည်းများ စုံစုံလင်လင် ရှိနေ၏။



စားပွဲပေါ်တွင် စာရွက်လိပ်များ၊ စုတ်တံနှင့် ပန်းအိုးတင်ထားလေသည်။

ဝင်ချင်းသည် ယောကျ်ားလေးဖြစ်သော်လည်း အမွေးအကြိုင်နှင့် အလှကို လွန်စွာမက်မောသည့်အတွက် ဝမ်စိန်ကြည်ရင်ထဲ၌ ကျိတ်၍ အပြစ်တင်မိလေတော့သည်။

ဝမ်စိန်ကြည် အခန်းတွင်းသို့ လှည့်ပတ်ကြည့်ရှုနေစဉ် ...

"ကျွီ ..."

မြည်သံနှင့်အတူ အခန်းတံခါး ပွင့်သွားပြီး မိန်းကလေးတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

မိန်းကလေးမှာ အသက် ၁၇–၁၈ နှစ်ခန့်ရှိပြီး ချောမောလှပသူတစ်ယောက် ဖြစ်၏။

လက်ထဲတွင် လင်ဗန်းတစ်ခုကို ကိုင်ဆောင်ထားပြီး သူ့အား ရှိုသာစွာ ပြုံးပြနေ၏။

"ကိုယ်တော်လေး သုံးဆောင်ဖို့ လာပို့ပေးတာပါရှင်"

လင်ဗန်းထဲတွင် ခွက်ကလေးများနှင့် အရက်တစ်လုံး ပါရှိလေသည်။

ခွက်ထဲမှ စားသောက်ဖွယ်ရာမှာ ဝမ်စိန်ကြည် တစ်ခါမှ မစားဘူး၊ မမြင်ဘူးသည့် အမျိုးအစား ဖြစ်သည်။

ဝမ်စိန်ကြည် ပခုံးတွန့်ရင်း ...

"ဘာတွေလဲ၊ ဘယ်သူက ပို့ခိုင်းလိုက်တာလဲ"

"ငှက်သိုက် ဖျားရည်နဲ့ အာဟာရပြည့်စေမယ့် စားစရာတွေ ပေါင်းထားတာပါရှင်၊ စားပြီးရင် ခွန်အားပြည့်ဖြိုးလာပါလိမ့်မယ်၊ အရက်ကလည်း ဆေးအရက်ပါ၊ ယောကျ်ားခွန်အား တိုးပွားလာစေပါလိမ့်မယ်၊ သခင်လေး ဝင်ချင်းက ပို့ခိုင်းလိုက်တာပါရှင်"

ဝမ်စိန်ကြည် အံ့သြနေသည်။

ထိုသို့သော စားသောက်ဖွယ်ရာများက သူ့အတွက် အသစ်အဆန်း ဖြစ်နေသလို ဝင်ချင်းက ပို့ပေးခိုင်းသည်က အံ့သြစရာကောင်းသည် မဟုတ်ပါလား။

မိန်းကလေးက ဆက်ပြောလေသည်။

"ကျွန်မနာမည် ရဲ့ဝါလို့ ခေါ်ပါတယ်၊ ကိုယ်တော်လေး အတွက် လိုလေသေးမရှိအောင် ပြုစုပေးပါ့မယ်ရှင်၊ ကိုယ်တော်လေး ကြိုက်သလို ဘာမဆို ခိုင်းနိုင်ပါတယ်"

ရဲ့ဝါ၏စကားသံနှင့် အမူအရာသည် ဝမ်စိန်ကြည်အား ညို့ငင်သလို ရှိနေပါ၏။

သူသာ အလိုရှိလျှင် ဘာမဆို လိုက်လျောမည့်သဘော ရှိသည်။

အဓိပ္ပာယ်ကို ရိပ်မိသော ဝမ်စိန်ကြည်မှာ မျက်နှာထူပူသွားလေသည်။



သူမ၏ အလှပြင်ထားပုံမှာ ဖိတ်ခေါ်သလို ရှိနေ၏။ ရဲ့ဝါကို ကြည့်ကာ စိတ်လှုပ်ရှားလာသည်။

လှပသော မျက်နှာလေး၊ ဖွံ့ထားသော ကိုယ်လုံး၊ ကနွဲ့ကလျ ရပ်နေဟန်မှာ ငြင်းရက်စရာ မရှိချေ။

သို့သော် ...

ဝမ်စိန်ကြည်သည် ရိုးသားဖြောင့်မတ်ပြီး အပျော်အပါး ခုံမင်သူ မဟုတ်ချေ။

စိတ်ကို ဖြေသိမ့်ရင်း ...

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်အတွက် ဘာမှ လုပ်ပေးစရာ မလိုပါဘူး၊ ခင်ဗျား ပြန်သွားနိုင်ပါပြီ"

ရဲ့ဝါ အံ့သြသွားသည်။

ဝမ်စိန်ကြည်အား ဟန်ပါပါကြည့်ရင်း ...

"ကိုယ်တော်လေး ကျွန်မကို အလိုမရှိဘူးလားဟင်"

ဝမ်စိန်ကြည် စိတ်တိုလာ၏။

"ဟုတ်ပါတယ်ဗျာ၊ မကြာခင် ကျုပ် အိပ်တော့မယ်၊ ဒါကြောင့် ခိုင်းစရာ မရှိတော့ပါဘူး၊ ခင်ဗျား ပြန်သွားနိုင်ပါပြီ"

ရဲ့ဝါ၏မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ လင်ပန်းကို စားပွဲပေါ် တင်ထားပေးပြီးနောက် လှည့်ထွက်သွားလေတော့သည်။

အခန်းတံခါး ပြန်ပိတ်ကာနီးတွင် ခစ်ခနဲ ပင်ရယ်မောသွားသည်။

သူမ၏ ရယ်မောသံကြောင့် ဝမ်စိန်ကြည် သက်ပြင်းချမိလေတော့သည်။

သူသည် စားစရာ သောက်စရာများကို ခပ်မြန်မြန် စားသောက်လိုက်သည်။

ထို့နောက် ခုတင်ပေါ်တက်ကာ အိပ်စက်လိုက်လေသည်၊ အိစက်ညက်ညောသော ခုတင်ပေါ်တွင် အိပ်စက်ခဲ့ဖူးခြင်းမရှိ၍ ရုတ်တရက် အိပ်မပျော်ပါချေ။

ထိုအထဲ မွေ့ရာပေါ်မှ ကိုယ်သင်းနံ့တစ်မျိုး ရှူရှိုက်မိရာ စိတ်များလှုပ်ရှားပြီး ဖော်မပြနိုင်သော ဝေဒနာများ ခံစားလာရသည်။

ထို ကိုယ်သင်းနံ့သည် အမွှေးနံ့သာနံ့ မဟုတ်ချေ။ ရေမွှေးနံ့လည်း မဟုတ်ချေ။

အိပ်ရာထက်တွင် လူးလိမ့်ရင်း ဟိုဟိုသည်သည် တွေးတောစဉ်းစားရင်း ပင်ပန်းနွမ်းနယ်မှုကြောင့် မှေးခနဲ အိပ်ပျော်သွားသည်။

❁ ❁ ❁

"ခစ် ... ခစ် ... ခစ်"

အပြင်ဘက်မှ ရယ်မောသံ ထွက်ပေါ်လာသည်။



ဝမ်စိန်ကြည်သည် သတိအလွန်ကောင်းသူဖြစ်သည့်အလျောက် ဆတ်ခနဲ လန့်နိုးလာသည်။

အခန်းတစ်ခုလုံး မှောင်နေသည်။

သူ မှေးခနဲ အိပ်ပျော်သွားစဉ် မီးများ ထွန်းညှိထားသေးသည်။

သူ့ကိုယ်ပေါ်တွင်လည်း စောင်ပါးကလေး လွှမ်းခြုံထားပေးသည်။

သူ အိပ်ပျော်သွားစဉ် တစ်စုံတစ်ယောက် အခန်းထဲဝင်လာပြီး သူ့အား စောင်ခြုံပေးပြီး မီးများ ငြိမ်းသတ်သွားခြင်း ဖြစ်ပေလိမ့်မည်။

ဝမ်စိန်ကြည် ခေါင်းနားပန်းကြီးသွားသည်။

သူ့အား လုပ်ကြံမည့်ရန်သူဆိုလျှင် သူသည် အခြားဘဝသို့ ရောက်နေတော့မည် ဖြစ်ပေသည်။

ဝမ်စိန်ကြည် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သည်။

ပြတင်းပေါက်မှ တိုးဝင်လာသော လရောင်သည် အခန်းထဲသို့ ဖြာကျနေ၏။

ရယ်မောသံသည် အပြင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဝမ်စိန်ကြည်လည်း ခုတင်ပေါ်မှထလာပြီး ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

အပြင်ဘက်တွင် လူတစ်ယောက်က သူ့အား လက်ယပ်ခေါ်နေသည်ကို တွေ့ရ၏။

ဝင်ချင်း ဖြစ်လေသည်။

ဝင်ချင်းက ...

"လသာတယ်လေ၊ လေပြင်လေညင်း တိုက်ခိုက်နေတာ ဘယ်လောက် နှမြောစရာ ကောင်းသလဲ၊ ဒီလို သာယာတဲ့ညမျိုးကို အလိုက်မသိ အိပ်စက်ပြီး အချိန်ကုန်စေမှာလား"

ဝမ်စိန်ကြည် မအိပ်နိုင်တော့ပါချေ။

ပြတင်းပေါက်ကိုဖွင့်ကာ အပြင်ဘက်ထွက်လိုက်လေသည်၊

အပြင်ဘက်ရောက်သည်နှင့် ဝင်ချင်းပြောသလို လေပြည်လေညင်းကလေး တိုက်ခတ်နေသည်။

ည၏ အေးမြလတ်ဆတ်သော လေနှင့် လရောင်သည် သူ့အား လန်းလန်းဆန်းဆန်း ဖြစ်သွားစေသည်။

ဝင်ချင်းက သူနှင့် မနီးမဝေးတွင် ရပ်နေသည်။ သူ ထွက်လာသည်ကို တွေ့ရလျှင် ...

"လာ ... ကျွန်တော့်နောက်ကို လိုက်ခဲ့ ..."

ပြောပြီး ပြေးထွက်သွား၏။

ဝမ်စိန်ကြည်လည်း မနေနိုင်တော့ဘဲ နောက်မှ ပြေးလိုက်သွားလေသည်။

ပြေးရင်းလွှားရင်း ဝင်ချင်း၏လက်ထဲတွင် ဆွဲခြင်းတစ်လုံးကိုင်ဆောင်ထားသည်ကို သတိပြုမိလိုက်သည်။



သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြေးသွားနေကြခြင်းဖြစ်သည်။

အတော်ဝေးဝေးသို့ ရောက်ကြသောအခါ လွန်စွာ လှပသောပန်းဥယျာဉ်တစ်ခုအတွင်းသို့ ရောက်မှန်းမသိ ရောက်သွားကြသည်။

ထိုအခါမှ ဝင်ချင်း ခြေလှမ်းရပ်လိုက်တော့သည်။

❁ ❁ ❁

အရပ်လေးမျက်နှာတွင် ဖြူနီပြာဝါ ရောင်စုံပန်းများ ဖူးပွင့်နေသည်။

လေပြည်လေညင်းက တသုန်သုန် တိုက်ခတ်နေသည်။

တောင်ကုန်းကလေး တစ်ခုပေါ်တွင် ပန်းပင်များဖြင့် ပြည့်နှက်နေပေတော့သည်။

တောင်ကုန်းထိပ် တည့်တည့်တွင် လေးဘက်လေးတန် နံရံမရှိဘဲ အမိုးသာရှိသော လသာဆောင်ကဲ့သို့ အဆောင်ကလေးတစ်ဆောင် ရှိနေပါသည်။

ဝမ်စိန်ကြည်အဖို့ ဒဏ္ဍာရီထဲမှ ပန်းတိုင်းပြည် သို့မဟုတ်နတ်ဘုံနန်းတစ်ခုသို့ ရောက်နေသည်ဟုပင် ထင်မှတ်မှားမိတော့သည်။

တောင်ကုန်းကလေးအား လှပသော ပန်းဥယျာဉ်ကြီးတစ်ခုအဖြစ် ဖန်တီးထားခြင်း ဖြစ်လေတော့သည်။

သာယာလှပသော နေရာတွင်ဖြစ်၍ ကြည်နူးနှစ်သိမ့်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

ဟိုဟိုသည်သည်ကြည့်ကာ ငေးမောနေမိလေ၏။

သူ ငေးနေသည်ကို ကြည့်ရင်း ဝင်းချင်းက စတင်စကားပြော လာသည်။

"ဒီနေရာကို အခုလို သာယာလှပအောင် ကျွန်တော်နဲ့ မေမေ နှစ်ယောက်တည်း ပြုပြင်ထားကြတာပါ၊ ဒါကြောင့် ဒီနေရာကို ကျွန်တော်ရယ် မေမေရယ်၊ ရဲ့ဝါရယ်ကလွဲရင် ဘယ်သူမှ လာခွင့် မရှိပါဘူး"

လူတိုင်းလာခွင့်မရှိသော နေရာကို သူ့အား ခေါ်လာသည်မှာ တမင် အခွင့်အရေးပေးခြင်းဖြစ်ကြောင်းကို ဝမ်စိန်ကြည် နားလည် မိသည်။

ဝင်းချင်းသည် တောင်ကုန်းထိပ်ပေါ်ရှိ အဆောင်ကလေးဆီသို့ ခေါ်ဆောင်သွားလေ၏။

အဆောင်ထဲတွင် ထိုင်ခုံများ ရှိ၏။

ဝမ်စိန်ကြည်ကို ထိုင်နိုင်းပြီး သူလည်း မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။

ပြီးလျှင် ဆွဲခြင်းထဲမှ စားသောက်ဖွယ်ရာနှင့် အရက်များကို ထုတ်ယူလိုက်၏။



အရက်ခွက်နှစ်ခွက်တွင် အရက်ဖြည့်လိုက်သည်။

စားစရာများမှာ သက်သတ်လွတ် ဖြစ်လေ၏။

မှိုခြောက်ပန်းခြောက်ဟင်းနှင့် ပဲပြားဟင်းများ၊ အသားလွတ် ပေါက်စီများ ပါ၏။

ဝမ်စိန်ကြည်အား အရက်ခွက် လှမ်းပေးလိုက်ပြီး စားသောက် နိုင်းလေသည်။

ဝမ်စိန်ကြည်မှာ ငြင်းဆန်နိုင်ခြင်း မရှိဘဲ ဝင်းချင်းဖြစ်စေချင် သည့်အတိုင်း လိုက်ပါလုပ်ဆောင်နေလေတော့၏။

စားသောက်၍ ပြီးစီးသွားလျှင် ဝင်းချင်းက...

"ကျွန်တော် တေးသီချင်းတစ်ပုဒ်ကို ပလွေမှုတ်ပြမယ်၊ ခင်ဗျား နားထောင်မလား"

ဝမ်စိန်ကြည် ခေါင်းညိတ်ပြလိုက်သည်။

ဝင်းချင်းကလည်း ခါးကြားတွင် အသင့်ထိုးထားသော ပလွေ ကို ထုတ်ကာ တေးသီချင်းတစ်ပုဒ်အား တီးမှုတ်လိုက်လေ၏။

ဝမ်စိန်ကြည်မှာ တေးသီချင်းတစ်ပုဒ်အား အေးအေးဆေးဆေး ခိမ်နှင့်ထိုင်၍ နားထောင်ခဲ့ဖူးခြင်း မရှိပါချေ။

စည်းချက် ဝါးချက်လည်း လုံးဝ နားမလည်ပါ။

သို့သော် ဝင်းချင်း၏ပလွေသံသည် လွန်စွာ နားထောင်၍ ကောင်းသည်ဟု ထင်နေမိပေသည်။

ပလွေသံ နားထောင်ရင်း စိတ်ချမ်းမြေ့ကြည်နူးလာသည်။

အလွန်သာယာလှပသော ကမ္ဘာကလေးတစ်ခုသို့ ရောက်နေသည်ဟုပင် ခံစားနေရလေသည်။

သီချင်းတစ်ပုဒ် တီးမှုတ်ပြီးသွားသောအခါ ...

"ဘယ်လိုလဲ၊ နားထောင်လို့ ကောင်းရဲ့လားဗျ"

"ဟာ ... ကောင်းပါတယ်၊ သိပ်ကောင်းပါတယ်ဗျာ"

ဝမ်စိန်ကြည်လည်း လှိုက်လှိုက်လှဲလှဲ ချီးကျူးမိလေသည်။

ဝင်ချင်းက တယ်မောလိုက်၏။

"ခင်ဗျား သဘောကျတယ် ဆိုပါတော့"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် နောက်တစ်ပုဒ် နားဆင်ကြည့်ပါဦး"

ဝင်ချင်းက နောက်ထပ်သီချင်းတစ်ပုဒ် တီးမှုတ်လိုက်ပြန်၏။

ဝမ်စိန်ကြည်လည်း မငြင်းဆန်ဘဲ နားထောင်နေသည်။

တေးသီချင်းသံ ဆုံးသွားသောအခါမှ ...

"အင်း ... ခင်ဗျားဟာ သိုင်းပညာတော်တယ်၊ စာပေပညာနဲ့ ဗဟုသုတလည်း မနည်းဘူး၊ သီချင်းဂီတလည်း ထူးချွန်တယ်၊ ခင်ဗျားဟာ စွယ်စုံတော်တဲ့ လူတစ်ယောက်ပါပဲဗျာ"

သူ၏စကားကြားရလျှင် ဝင်ချင်း၏ခန္ဓာကိုယ် သိမ့်ခနဲ တုန်လှုပ်ကာ ရယ်မောလိုက်လေ၏။



"ဟင်း ... ဟင်း ... ဘာလဲ၊ ခင်ဗျားက နောက်ထပ် နားထောင်ချင်သေးလို့လားဗျ"

"အင်း ... ကျုပ်အဖို့ ဒီလို သာယာလှပတဲ့နေတာ ကြည်နူးစရာကောင်းတဲ့ညမှာ ငြိမ့်ငြောင်းသာယာတဲ့ ပလွေသံနားထောင်ရမယ်လို့ အိပ်မက်တောင် မမက်ဖူးပါဘူးဗျာ"

ဝမ်စိန်ကြည် မပြောဘဲနေ၏။

ပြောမယ့်ပြောတော့လည်း စကားလုံးများ သူ၏နှုတ်များမှ ထွက်လာခြင်းမဟုတ်ဘဲ ရင်ထဲအသည်းထဲမှ ထွက်ပေါ်လာသည်ဟု ခံစားနေရလေတော့၏။

ဝင်ချင်း ပို၍ သဘောကျသွား၏။

သူတို့ စားစရာရှိတာ စားသောက်ကြ၏။

တေးသီချင်း တီးမှုတ်ကြသည်။

ကြည်လင်သော လရောင်အောက်တွင် အပူအပင်ကင်းမဲ့စွာ ပျော်ရွှင်နေကြလေတော့သည်။

အတော်ကလေးကြာသွားလျှင် ဝင်ချင်းက လေးလေးနက်နက် စကား ဆိုလာတော့သည်။

ကျွန်တော်တော့ ခင်ဗျားကို မြင်မြင်ချင်း တကယ့် သွေးရင်းသားရင်းတစ်ယောက်လို အစ်ကိုတစ်ယောက်လို ခင်မင်လေးစားတဲ့ စိတ်တွေ ပေါ်ပေါက်လာမိတာ အမှန်ပဲဗျ"

သူ၏အသံသည် ဝမ်းနည်းကြေမွှမှုများ ရောယှက်ကာ ဆွေးမြေ့သယောင် ရှိပေသည်။

ဝမ်စိန်ကြည် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ရယ်မောရင်း ပျော်ရွှင်ရင်း တက်တက်ကြွကြွ လန်းလန်းဆန်းဆန်း ရှိနေရာမှ ရုတ်တရက် ပြောင်းလဲသွားသော ဝင်ချင်း၏အပြုအမူကို နားမလည်နိုင်ပါတော့ချေ။

ဝင်ချင်းက ဆက်ပြော၏။

"ဝင်မိသားစုရဲ့ ဩစာအာဏာဟာ ဒီနယ်တစ်ဝိုက်မှာသာမက သိုင်းလောကမှာပါ ထင်ရှားကျော်ကြားတယ်၊ ချမ်းသာကြွယ်ဝပြီး ပစ္စည်းဥစ္စာ သုံးမကုန် ဖြုန်းမကုန်နိုင်အောင် ရှိနေတယ်၊ ထိပ်တန်းသိုင်းသမားတွေလည်း ရှိတယ်၊ ဘာမှ လိုလေးသေးမရှိဘူး၊ ကိုယ်ဖြစ်ချင်တာ အကုန်ဖြစ်နိုင်တယ် ဆိုတဲ့သဘောမှာ ရှိတယ်၊ ဒါပေမယ့် ဒီခြံဝင်းတဲမှာ ကျွန်တော် ပျော်ရွှင်နေလိမ့်မယ်လို့ ခင်ဗျားထင်သလား"

လိုလေသေးမရှိ ပြည့်စုံသောနေရာတွင် နေရသည်မှာ မပျော်နိုင်စရာအကြောင်း မရှိပါချေ။

ထို့ကြောင့် ဝမ်စိန်ကြည် သဘောရိုးဖြင့် ပြောမိလေသည်။

"အို ... ပျော်စရာကောင်းရမှာပေါ့"

"မဟုတ်ဘူး ... မဟုတ်ဘူး ... ခင်ဗျား မှားနေပြီ"



ဝင်ချင်း ရူးရူးဝါးဝါး အော်ဟစ်လိုက်၏။

ဝမ်စိန်ကြည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ဝင်ချင်းက ခပ်ပြတ်ပြတ် ပြောလိုက်၏။

သူ၏အသံ အနည်းငယ် မာကျောနေသည်။

ဝမ်စိန်ကြည် နားမလည်နိုင်မှုဖြင့် ငေးကြည့်နေမိတော့သည်။

ဝင်ချင်းက နှုတ်ခမ်းကိုက်လျက် ...

"မေတ္တာတရား ခေါင်းပါးတဲ့နေရာမှာ နေလို့ကတော့ ဘယ်လိုစည်းစိမ်ဥစ္စာတွေ ရှိပါစေ၊ အခြွေအရံ အသင်းအပင်းတွေ ရှိပါစေ၊ ပျောက်ပိုက်စရာ မကောင်းဘူးဆိုတာ မှတ်ထားစမ်းပါဗျာ"

ဝမ်စိန်ကြည် သက်ပြင်းချမိလေသည်။

"အင်း ... ခင်ဗျားကိုကြည့်ရတာ တစ်ခုခုအပေါ် နာကြည်းနေသလိုပဲ"

"ဟုတ်ပါတယ်"

"ဘာကို နာကြည်းနေတာလဲဗျာ"

"ဒီခြံဝင်းထဲက မေတ္တာတရား ခေါင်းပါးတဲ့လူတွေပေါ့"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်၏။

"ဟာ ... ခင်ဗျားကလည်းဗျာ၊ ရယ်စရာပြောတော့မယ်၊ ခင်ဗျားအစ်ကို ဝင်ကျင်းက ခင်ဗျားအပေါ် ဘယ်လောက်ကောင်းသလဲ၊ အလိုလိုက်,လိုက်တာ လွန်ရော၊ ကျုပ် တွေ့ပါတယ်ဗျာ"

ဝင်ချင်း၏မျက်နှာ တင်းမာခက်ထန်သွား၏။

"ဟွန်း ... ဘာကောင်းတာလဲ၊ သူ့အကြံ မသိဘူးများ မှတ်နေသလား"

ထိုစကားကြောင့် ဝမ်စိန်ကြည် မရယ်နိုင်တော့ချေ။

ဝင်ချင်း၏ အပြုအမူနှင့် ပြောစကားများ လွန်စွာထူးခြားနေကြောင်းသာ သတိပြုနိုင်တော့သည်။

ဝင်ချင်း၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

"ဒီခြံဝင်းထဲမှာ ကျွန်တော့်အပေါ် ကောင်းတဲ့လူဆိုလို့ မေမေနဲ့ တတိယဘိုးဘိုးပဲရှိတယ်၊ ကျန်တဲ့လူတွေက အထင်သေးတယ်၊ အမြင်နိမ့်တယ်၊ ကျွန်တော့်ဘဝဟာ တကယ်တမ်း ရင်နာစရာကောင်းတဲ့ ဘဝမျိုးဆိုတာ ခင်ဗျား သိမှမသိဘဲကိုးဗျ"

သူပြောသည့် စကားအဓိပ္ပာယ်ကို နားမလည်သော်လည်း ဝမ်စိန်ကြည်က မေးမြန်းစုံစမ်းခြင်း မပြုပါ။

သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကို စုံစမ်းမေးမြန်းလိုစိတ် မရှိပါချေ။

ထို့ကြောင့် ...

အသာငြိမ်ကာ နေလိုက်၏။



ဝင်ချင်းက သူ့အား ကျောနိုင်းလိုက်၏။

မျက်ရည်ပုမျာ ပါးပြင်ပေါ်သို့ စီးဆင်းကျလာသည်ကို မမြင်တွေ့စေလိုသည့် သဘောပင် ဖြစ်လေသည်။

"မေတ္တာတရား ခေါင်းပါးတဲ့လူတွေနဲ့ နေတော့ ကျွန်တော် မေတ္တာတရား ခေါင်းပါးလာတာ မဆန်းပါဘူး၊ ဓားထုတ် တိုက်ခိုက်မယ်၊ သူများပစ္စည်း လုမယ်၊ တရားတာ မတရားတာ နားမလည်ဘူး၊ ကိုယ်လုပ်ချင်တာ လုပ်မယ်၊ ဝင်မိသားစု ခြံဝင်းက လူတွေမှန်ရင် ဒီလိုပဲ ဖြစ်ရတော့မှာပေါ့"

ယခုတစ်ကြိမ် ဝမ်စိန်ကြည် မနေနိုင်တော့ချေ။

ဝင်ချင်းသည် စိတ်ကောင်း နှလုံးကောင်းရှိသူ ဖြစ်ရမည်ဟု ယူဆမိ၏။

သူ့အား ဖျောင်းဖျစည်းရုံးကာ လူကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးပမ်းလိုစိတ်များ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် လေသံအေးအေးဖြင့် ရှင်းပြလိုက်လေသည်။

"ခင်ဗျား မှားနေပြီ၊ မေတ္တာတရားဆိုတာ အသွားအပြန် ရှိပါတယ်၊ ကိုယ်က သူတစ်ပါးအပေါ် မေတ္တာမပျက်ပါနဲ့၊ ဒါဆိုရင် တစ်ဖက်က မနေနိုင်ဘဲ အလိုလို တုန့်ပြန်လာမှာပါ၊ ရက်စက်ကြမ်းကြုတ်တဲ့စိတ် မွေးမယ်၊ စိတ်ထင်ရာလုပ်မယ်ဆိုရင် ဘယ်တော့မှ စိတ်ချမ်းသာရာရမှာ မဟုတ်ဘူး"

ဝင်ချင်း သူ့ဘက်သို့ ချာခနဲလှည့်လာသည်။

ဝမ်စိန်ကြည်အား စိုက်ကြည့်ပြီး ...

"မေတ္တာတရားဟာ တုံ့ပြန်တတ်တဲ့သဘော ရှိတယ်ဆိုတာ အမှန်ပဲလားဗျ"

"အမှန်ပါပဲဗျာ"

"ဒါဖြင့် ကျွန်တော်က လူတစ်ယောက်အပေါ်မှာ မေတ္တာထားရင် အဲဒီလူဆီက တုန့်ပြန်မေတ္တာကို ရနိုင်တယ်ပေါ့"

"ဟုတ်ပါတယ်"

ဝမ်စိန်ကြည်သည် ဥပမာပေးသည့်အနေနှင့် ပြောနေရာ လွယ်လွယ်ကူကူပင် ခေါင်းညိတ်ပြလိုက်မိလေသည်။

ဝင်ချင်း၏မျက်နှာ ပြုံးရွှင်သွားလေသည်။

"မဆိုးဘူး၊ ကျွန်တော်လည်း ကိုယ့်အပေါ် ပြန်ကောင်းရင် ကောင်းမယ်၊ ကိုယ့်အပေါ်ဆိုးရင် အဆတစ်ရာ ပြန်ဆိုးပစ်လိုက်မယ်လို့ သဘောထားတယ်ဗျ"

ဝမ်စိန်ကြည် လန့်သွားသည်။

ကပျာကယာ လက်ကာပြ ရင်း ...

"ဒီလိုလည်း မဟုတ်သေးဘူးလေဗျာ၊ ခင်ဗျား တယူသန် သဘောထားလို့ ဘယ်ရပါ့မလဲ၊ ကျုပ် စကားတစ်ခွန်း ပြောချင်တယ်၊ ခင်ဗျား နားထောင်မလား"



ဝင်ချင်း ရုတ်တရက် အဖြေမပေးသေးဘဲ သူ့အား စိုက်ကြည့်နေ၏။

ဝင်ချင်း၏ မျက်လုံးများသင် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်ကာ အဓိပ္ပာယ်အမျိုးမျိုး ထွက်နေသည်။ ဝမ်စိန်ကြည် မချင့်မရဲဖြစ်လာပြီး ထပ်မေးလိုက်လေ၏။

"ကျုပ်မေးတာကို ဖြေပါဦး၊ ကျုပ် အကြံပေးမယ်၊ ခင်ဗျား နားထောင်မလား"

ဝင်ချင်းက အေးတိအေးစက်ဖြင့် ...

"ကျွန်တော် လူသုံးယောက်ရဲ့ စကားကိုပဲ နားထောင်တယ်ဗျ ..."

ဝမ်စိန်ကြည် ပါးစပ်ပိတ်ထားလိုက်သည်။

သူ၏စကားကို နားထောင်နိုင်မည်မဟုတ်သည့်အတွက် စိတ်ဓာတ်ကျဆင်းသွားသည်။

ဝင်ချင်းက ဆက်ပြောလာသည်။

"အဲဒီလူ သုံးယောက်ကလွဲရင် ကျုပ် တခြား ဘယ်သူ့စကားမှ နားမထောင်ဘူးဗျ၊ အဲဒီသုံးယောက်ကတော့ မေမေရယ်၊ တတိယဘိုးဘိုးရယ် ပြီးတော့ ခင်ဗျားပေါ့"

ပြောရင်း ရယ်မောနေသည်။

ယခု ငိုလိုက်၊ ယခု ရယ်လိုက် သူ၏စိတ်နေသဘောထားကို ဝမ်းစိန်ကြည် မတွက်ဆနိုင်တော့ပါချေ။

ဝင်ချင်းကပင် ...

"မေမေနဲ့ တတီယဘိုးဘိုးတို့က ထားလိုက်ပါတော့၊ ခင်ဗျားကတော့ ကျုပ်အပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်၊ ကျုပ်ကို ကူညီခဲ့တယ်၊ ကျုပ်ကို ဒုက္ခပေးမယ့်လူ မဟုတ်ဘူးလို့ ယုံကြည်ပြီး ခင်ဗျားစကား နားထောင်ဖို့ ဆုံးဖြတ်လိုက်တာ၊ ကျုပ်က နားထောင်ဖို့ ဆုံးဖြတ်လိုက်ပြီ ဆိုရင်လည်း ပြန်မပြင်တော့ဘူးဗျ"

ဝမ်းစိန်ကြည် ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဒီလိုတယူသန် သဘောမထားနဲ့လေ၊ ခင်ဗျားသဘောကျပြီး ခင်ဗျားလေးစားတဲ့လူဟာ လူကောင်းမဟုတ်ဘဲ လူဆိုးဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ သူက ခင်ဗျားကို မဟုတ်တာ လုပ်ခိုင်းရင်ကော၊ ဥပမာ လူသတ်ခိုင်းမယ်၊ ဓားပြတိုက်ခိုင်းမယ် ဆိုရင် ခင်ဗျား ဘယ်လိုဆုံးဖြတ်မလဲ၊ သူ့စကား နားထောင်မလား"

ဝင်ချင်း ခေါင်းညိတ်လိုက်သည်။

"နားထောင်မှာပဲ"

"ဘာ ... မဟုတ်တာ လုပ်ခိုင်းရင်လည်း နားထောင်မှာပဲ ဟုတ်လား"



"ဟုတ်တယ်၊ သူဟာ ဘယ်လိုလူမျိုးဖြစ်ဖြစ် ကျွန်တော်အပေါ် ကောင်းရင် သူ့စကားကို နားထောင်မှာပဲ"

ဝမ်းစိန်ကြည် သူ့၏နဖူးပြင်ကို လက်ဝါးဖြင့် ဖြန်းခနဲမြည်အောင် ရိုက်လိုက်မိလေ၏။

ခေါင်းတခါခါ လည်တခါခါဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေ၏။

သူ၏ အမူအရာကိုကြည့်ကာ သဘောကျသွားသည့်အလား ဝင်ချင်းက တခစ်ခစ် ရယ်မောနေလေ၏။

အတန်ကြာမှ ...

"ခင်ဗျားဟာ တကယ်ခင်မင်ဖို့ ကောင်းတာပဲ၊ ကျွန်တော်တို့ နှစ်ယောက် ညီအစ်ကိုဖွဲ့ကြရင် ကောင်းမယ်"

ဝမ်းစိန်ကြည် ရုတ်တရက် ပြန်မဖြေနိုင်ချေ။

ဝင်ချင်း၏ ထူးခြားသောစိတ်ထားနှင့် ရက်စက်ကြမ်းကြုတ်မှုသည် သူ့အား စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။

အကယ်၍ ညီအစ်ကိုဖွဲ့လိုက်လျှင် ဆိုးတူကောင်းဘက် ညီရင်းအစ်ကိုများလို ဆက်ဆံရမည် ဖြစ်လေသည်။

ဝင်ချင်းက မတရားမှုများ၊ ရက်စက်ကြမ်းကြုတ်မှုများ ပြုလုပ်လျှင် ဟန့်တားခွင့် ရှိတော့မည် မဟုတ်ချေ။

ဝင်မိသားစုသည် လူတိုင်းရွံ့မုန်းခြင်း ခံရသည့်အတွက် သူ့အားပို၍ စိတ်လေးလံစေပါတော့သည်။

သူ ငိုင်နေသည်ကို မြင်ရလျှင် ဝင်ချင်း၏မျက်နှာ မဲ့သွား၏။

မြေပေါ် ခြေတစ်ချက်ဆောင့်ရင်း ...

"ဟွန်း... ခင်ဗျားက ကျွန်တော့်ကို အထင်သေးတယ်ပေါ့၊ ညီအစ်ကို မဖွဲ့ချင်ဘူးပေါ့"

ဝမ်စိန်ကြည် စိတ်မသက်မသာ ဖြစ်သွားလေသည်။

ဝင်ချင်းသည် ပြောပြီးသည်နှင့် အိခနဲရှိုက်ပြီး ထိုင်ရာမှထကာ ပြေးထွက်သွားလေ၏။

ဝမ်စိန်ကြည်မှာ ဝင်ချင်းကို အလိုလိုသံယောဇဉ် တွယ်နေမိပြီဖြစ်ရာ မနေနိုင်တော့ဘဲ နောက်မှ ပြေးလိုက်သွားလေသည်။

"ညီလေး ... ညီလေး ... မပြေးနဲ့"

သူ၏ ကိုယ်ဖော့ပညာမှာ ဝင်ချင်းထက် သာလေ၏။

ထို့ကြောင့် တစ်ခဏအတွင်းမှာပင် ဝင်ချင်း၏ရှေ့သို့ ရောက်ကာ ပိတ်ဆို့ ဟန့်တားထားနိုင်ခဲ့လေ၏။

ဝင်ချင်း ခြေလှမ်းရပ်လိုက်၏။

တရှုံ့ရှုံ့ငိုကြွေးရင်း ...

"ခင်ဗျား ဘာဖြစ်လို့ ဟန့်တားတာလဲ၊ ကျုပ်ကို အထင်သေးတဲ့လူနဲ့ ရှေ့ဆက်ပြီး မဆက်ဆံချင်တော့ဘူး"



သူ၏ ကလေးဆန်သော အမူအရာကိုကြည့်ကာ ဝမ်စိန်ကြည် ပြုံးလိုက်လေ၏။

"ကျုပ် မင်းကို ညီလေးလို့ခေါ်လိုက်တာ မကြားဘူးလား"

ဝင်ချင်း ပါးစပ်ဟသွားသည်။

ဝမ်စိန်ကြည်ကို မယုံကြည်နိုင်စွာ ကြည့်ရင်း ...

"ခင်ဗျား ... ခင်ဗျား ... ကျွန်တော့်ကို ညီအစ်ကိုလို သဘောထားပြီပေါ့"

"ဟုတ်တယ်လေ၊ အခု မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"၁၈ နှစ်"

"ကျုပ်က ၂၀၊ ဒါကြောင့် မင်းထက် နှစ်နှစ်ကြီးတယ်၊ ကျုပ်က အစ်ကိုကြီး၊ မင်းက ညီလေးပေါ့"

ဝင်ချင်း၏မျက်နှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားလေတော့၏။

"အစ်ကိုကြီး ..."

"ညီလေး ..."

သူတို့သည် မြေပေါ် ဒူးထောက်ကာ ကောင်းကင်ပေါ်တွင် ထိန်ထိန်သာနေသော လဝန်းကို တိုင်တည်၍ ညီအစ်ကိုအဖြစ် သစ္စာဆိုလိုက်ကြလေသည်။

ထိုသို့ သစ္စာပြုပြီးလျှင် ဝမ်းသာပျော်ရွှင်စွာဖြင့် အဆောင်သို့ ပြန်လာခဲ့ကြသည်။

ညဦးနက်သန်းကောင် အချိန်ပင် ကျော်လွန်ခဲ့ပြီ ဖြစ်သည်။

ကိုယ့်အခန်း ကိုယ်ပြန်ရောက်သည်နှင့် တရေးတမော အိပ်စက်လိုက်ကြသည်။

ညဦးနက်မှ အိပ်ရသဖြင့် နံနက် မိုးစင်စင်လင်းသောအခါ မနိုးနိုင်ပါ။

သူတို့ နိုးလာချိန်တွင် နေအတော်မြင့်နေပြီ ဖြစ်သည်။

ဝမ်စိန်ကြည် မျက်နှာသစ်ကာ ကိုယ်လက်သုတ်သင် ရှင်းလင်းပြီးချိန်တွင် သူ့ထံသို့ ဝင်ချင်း ရောက်ရှိလာသည်။

ဝင်ချင်းနှင့်အတူ နံနက်စောစော စားစရာများ ပါလာသည်။

ဝင်ချင်းက စားစရာများ ချထားပေးပြီး ...

"အစ်ကိုကြီး မြန်မြန်စား၊ ဧည့်ခန်းထဲမှာ ဧည့်သည်ရောက်နေတယ်"

ဟု ပြောလိုက်သည်။

ဝမ်စိန်ကြည် အံ့သြသွားသည်။

"အဲဒါ ဘာဖြစ်သလဲ၊ ကျုပ်နဲ့ ဘာဆိုင်လို့လဲ ညီလေးရဲ့"

"ဆိုင်တာ မဆိုင်တာ အသာထား၊ အပြင်ရောက်တော့ သိရမှာပေါ့"

ထိုစကားကြောင့် ဝမ်စိန်ကြည် စိတ်ဝင်စားသွားသည်။



စားစရာရှိတာကို ခပ်သုတ်သုတ် စားသောက်ပြီးနောက် ဝင်ချင်း နှင့်အတူ ဧည့်ခန်းသို့ ထွက်လာခဲ့တော့သည်။

❁ ❁ ❁

# ငယ်ကျွမ်းဆွေ

ဧည့်ခန်း … ။

ဝမ်စိန်ကြည် မနေ့က ရောက်ခဲ့သောဧည့်ခန်း ဖြစ်သည်။

ဧည့်ခန်းအတွင်းသို့ ခြေလှမ်းလှမ်းဝင်မိသည်နှင့် ညာသံပေးကာ တိုက်ခိုက်နေကြသော အသံများကို ကြားလိုက်ရသည်။

ဝမ်စိန်ကြည် ခြေလှမ်းများ ပို၍ သွက်လက်သွားသည်။

ဧည့်ခန်းထဲသို့ရောက်၍ သေသေချာချာ ကြည့်လိုက်သောအခါ မိန်းကလေးတစ်ယောက်နှင့် ဝင်ကျင်းတို့ တိုက်ခိုက်နေကြသည်ကို တွေ့မြင်ရလေသည်။

မိန်းကလေးသည် နှစ်ဖက်သွားဓားတစ်လက်ကို ကိုင်ဆောင်ကာ ပေါ့ပါးဖျတ်လတ်စွာ တိုက်ခိုက်နေသည်။

ဝင်ကျင်းကလည်း ဓားတစ်လက်ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ တိုက်ခိုက်နေ၏။



သူတို့နှစ်ယောက်၏ ဓားကွက်များသည် ထူးခြားထက်မြက်လှသည်။

တစ်ယောက်ကိုတစ်ယောက် ရှုံးနိမ့်လဲကျသွားစေရန် ရည်ရွယ်ကာ အပြင်းအထန် တိုက်ခိုက်နေကြခြင်း ဖြစ်ပေသည်။

အခန်း၏တစ်ဖက် နံရံအနီးသို့ ထိုင်ခုံနှစ်လုံး ချထားသည်။

အဘိုးအိုနှစ်ယောက်ထိုင်ကာ တိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေကြလေသည်။

အဘိုးအိုတစ်ယောက်သည် လက်ထဲတွင် တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထားသည်။

ကျန်အဘိုးအိုမှာမူ မည်သည့်လက်နက်မှ ကိုင်ဆောင်ခြင်း မရှိချေ။

ထိုအဘိုးအိုနှစ်ယောက်အား ကြည့်ရုံဖြင့် ထိပ်သီးသိုင်းပညာရှင်များဖြစ်ကြောင်း ဝမ်စိန်ကြည် အကဲခတ်မိနိုင်ခဲ့လေသည်။

အဘိုးအို နှစ်ယောက်မှတစ်ဆင့် တိုက်ပွဲသို့ အာရုံလွှဲပြောင်းကြည့်လိုက်၏။

ဝင်ကျင်း၏ ဓားကွက်များသည် အလွန် ရက်စက်ကြမ်းကြုတ်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် မိန်းကလေးအတွက် စိုးရိမ်သွားလေသည်။

သို့သော် မိန်းကလေးသည် ထိတ်လန့်တုန်လှုပ်ခြင်း အလျဉ်း မရှိဘဲ ပေါ့ပါးဖျတ်လတ်သော ဓားကွက်များထုတ်ကာ ပြန်လည် တိုက်ခိုက်နေသည်။

သူတို့နှစ်ယောက် အတန်ကြာအောင် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသော်လည်း မည်သူမျှ အသာမရဘဲ လက်ရည်မျှနေသည်။

ဝမ်စိန်ကြည် အကဲခတ်ကြည့်သောအခါ မိန်းကလေးမှာ အသက် ၁၈-၁၉ နှစ်ခန့် ရှိမည်ဟု ထင်ရသည်။

ချောမောလှပသူကလေးဖြစ်ပြီး သူမအား တစ်နေရာရာတွင် မြင်ဖူးသည်ဟု တွေးမိလေသည်။

ထို့အပြင် သူမ၏ ပြင်းထန်လာသော ဓားကွက်များကို တွေ့ ရသောအခါ အံ့ဩသွားရတော့သည်။

သူမ အသုံးပြုနေသော ဓားကွက်များမှာ ဝါဆန်းဂိုဏ်းမှ ထက်မြက်သော ဓားကွက်များဖြစ်နေသည်။

ဝါဆန်းဂိုဏ်းဆိုလျှင် သူနှင့် ဂိုဏ်းတူမောင်နှမ ဖြစ်လိမ့်မည်။

သူမ၏ ဓားကွက်များသည် သူ၏ဆရာ မူလိန်ချိန်း သင်ပေး သော ဓားကွက်များနှင့် ခပ်ဆင်ဆင်တူသည်။

ဝမ်စိန်ကြည် လွန်စွာ စိတ်ဝင်စားသွားသည်။ တိုက်ပွဲသည် ပို၍ ပြင်းထန်လာသည်။



အချိန်မီ ဟန့်တားမည့်သူ မရှိလျှင် နှစ်ယောက်စလုံး ဒဏ်ရာ ရရှိသွားကြမည် ဖြစ်သည်။

ဝမ်စိန်ကြည်သည် ဝင်ကျင်းကို အရေးမစိုက်သော်လည်း မိန်း ကလေး တစ်စုံတစ်ရာ ဖြစ်မည်ကို စိုးရိမ်မိသည်။

ထို့ကြောင့် ...

"ရပ်လိုက်ကြပါဗျာ"

ပြောပြောဆိုဆို တိုက်ပွဲအတွင်းသို့ ခုန်ဝင်သွားသည်။

သူတို့နှစ်ဦးစလုံး၏ ဓားများကို ပုတ်ထုတ်လိုက်သည်။

ဝင်ကျင်း၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကာ ဓားကို လွတ် ကျသွားစေ၏။

မိန်းကလေး၏လက်ကို တံတောင်ဆစ်မှနေ၍ ပုတ်ကာ ပင့် တင်ပေးခြင်းဖြင့် ဓားမြှောက်ကာ လွင့်စဉ်သွားတော့သည်။

အမှန်မှာ သူ၏သိုင်းပညာနှင့် နှစ်ယောက်စလုံး၏ ဓားများကို လျှပ်တစ်ပြက် လုယူနိုင်စွမ်း ရှိပေသည်။

ဤသို့ ပြုလုပ်လိုက်လျှင် သိုင်းပညာအဆင့် အလွန်မြင့်မား ကြောင်း ပေါ်လွင်ထင်ရှားသွားမည်ကို စိုးရိမ်ပြီး ဓားလွတ်ကျအောင် သာ လုပ်ခြင်း ဖြစ်သည်။

တိုက်ပွဲကို ကြည့်နေသော အဘိုးအိုနှစ်ယောက်မှာ ဝမ်စိန်ကြည် ၏ လုပ်ရပ်ကြောင့် အံ့ဩသွားကြလေသည်။

ထိုအချိန်တွင် ဝင်ချင်းက တောင်ဝှေးကိုင်ဆောင်ထားသော အဘိုးအိုအနီးသို့ ကပ်သွားပြီး အဘိုးအို၏နားနှင့် သူ၏နှုတ်ခမ်းတော့ကာ တီးတိုး ပြောဆိုနေသည်။

အဘိုးအိုလည်း ခေါင်းတညိတ်ညိတ် ရှိနေ၏။

မိန်းကလေးနှင့် ဝင်ကျင်းတို့သည် ဝမ်စိန်ကြည် သိုင်းပညာအလွန်တော်နေသည်ကို တွေ့ရလျှင် ထိတ်လန့်ကာ နောက်ဆုတ်သွားကြလေသည်။

မိန်းကလေးသည် ဝင်ကျင်းနှင့် ဝမ်စိန်ကြည်တို့ တစ်ဖွဲ့သားတည်း ဖြစ်သည်ဟု ထင်မိသည်။

ထို့ကြောင့် အပေါ်မြောက်သွားသောဓား ပြန်အကျတွင် ခန္ဓာကိုယ်ကို လျှပ်တစ်ပတ် ရွေ့လျားကာ ဖမ်းယူလိုက်သည်။

ထို့နောက် ဝမ်စိန်ကြည်အား တိုက်ခိုက်လေသည်။

ဝမ်စိန်ကြည်က အသာအယာပင် ရှောင်တိမ်းပေးလိုက်သည်။

"မိန်းကလေး ... ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ"

သူက ဟန့်တားသော်လည်း မိန်းကလေးက ဓားကွက်များကို ဆက်၍ ထုတ်ဖော်တိုက်ခိုက်လေသည်။

သို့သော် ...

ဝမ်စိန်ကြည်၏ အကျိုးစကိုပင် ထိအောင်တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ပါချေ။

ထို့ကြောင့် လက်လျှော့လိုက်ပြီး ဆက်မတိုက်တော့ပါ။



နှုတ်ခမ်းကို ဖိကိုက်ရင်း မကျေမနပ်စကား ဆိုလေသည်။

"ကျွန်မ,မနိုင်ရင် ကျွန်မထက်တော်တဲ့လူတွေက ဒီကိုလာပြီး ပစ္စည်းပြန်တောင်းမယ်ဆိုတာ မှတ်ထားပါ"

ပြောပြီးသည်နှင့် ချာခနဲ လှည့်ထွက်သွားလေသည်။

"ခဏ နေပါဦး"

ဝမ်စိန်ကြည်က သူမ ရှေ့သို့ရောက်အောင် ခုန်သွားပြီး တားဆီးလိုက်သည်။

မိန်းကလေးက တိုက်ခိုက်ရန် ဟန်ပြင်သော်အခါ လက်ကာပြရင်း ...

"မလုပ်ပါနဲ့၊ ကျုပ် မေးစရာနည်းနည်းရှိလို့ပါ၊ ခင်ဗျားဆရာ ဘယ်သူလဲဆိုတာ ပြောပြပါလားဗျာ"

မိန်းကလေး နှာခေါင်းရှုံ့လိုက်သည်။

"ဟွန်း ... ရှင့်ရဲ့သိုင်းပညာနဲ့ ကျွန်မ ဆရာနာမည်ကို မေးရဲ့ မလုံလောက်သေးဘူးဆိုတာ မှတ်ထားပါ"

"မဟုတ်ဘူး၊ ကျုပ်မှာ အကြောင်းရှိလို့ပါ၊ ခင်ဗျားဆရာနာမည် မပြောနိုင်ရင် ခင်ဗျားနာမည် ဘယ်သူလဲဆိုတာ ပြောပြပါဗျာ"

မိန်းကလေး လုံးဝ အဖြေမပေးချေ။

ဝမ်စိန်ကြည်အား ကွေ့ပတ်ရှောင်ကွင်းကာ အပြင်သို့ ပြေးထွက်သွားသည်။

ဝမ်စိန်ကြည် အလွတ်မပေးဘဲ နောက်မှ ပြေးလိုက်သွား၏။

ဘောချင်းယှဉ်မိလျှင် အသံတိုးတိုးဖြင့် မိန်းကလေးကြားရုံသာ ပြောလိုက်လေသည်။

"မိန်းကလေး ... ခင်ဗျားကို ကျုပ် ကူညီမယ်"

သူ၏စကားကြားလျှင် မိန်းကလေးမျက်လုံးပြူးကျယ်သွား၏။

သူမ၏ခြေလှမ်း ရပ်တန့်သွားပြီး ...

"ရှင် ... ရှင် ... ဘယ်သူလဲ"

"ကျုပ်နာမည် ဝမ်စိန်ကြည်လို့ ခေါ်ပါတယ်"

"ဘာ ..."

အံ့ဩထိတ်လန့်မှုများ မိန်းကလေး၏မျက်နှာတွင် အထင်းသား ပေါ်လွင်လာလေသည်။

ဝမ်စိန်ကြည်ကို မယုံကြည်နိုင်စွာ ကြည့်ရင်း ..."

"ရှင် ... ရှင် ... တကယ်ပဲ ဝမ်စိန်ကြည် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒါ ... ဒါဖြင့် ... ရှင် အမ်းဆင့်ဆင့်ကို သိသလား"

"ဟာ ... သိတာပေါ့ဗျာ၊ ဒေါ်ဒေါ်အမ်းဆင့်ဆင့်ဟာ ကျုပ်အပေါ် ကျေးဇူးရှိတဲ့ လူတစ်ယောက်ပါ၊ သူ့ကျေးဇူး ကျုပ် ဘယ်တော့မှ မမေ့ပါဘူး၊ သူပေးခဲ့တဲ့ လက်ကောက်ကလေးကို အခုအချိန်ထိ ကျုပ်က ရိုရိုသေသေ သိမ်းဆည်းထားပါသေးတယ်ဗျာ"



မိန်းကလေး၏မျက်နှာ ပြုံးရွှင်သွားသည်။

ဝမ်းသာအားရမှုကြောင့် ဟန်မဆောင်နိုင်တော့ဘဲ ဝမ်စိန်ကြည်၏ လက်ကိုဆွဲကာ ဖေးခနဲ အော်လိုက်လေသည်။

ဝမ်စိန်ကြည်၏ လက်မောင်းကို ဆုပ်ကိုင်ရင်း ခုန်၍ခုန်၍ ပြောလေ၏။

"ဝမ်းသာလိုက်တာ ... ဝမ်းသာလိုက်တာ၊ ကျွန်မတို့တစ်တွေ ပြန်တွေ့ကြပြီ၊ ရှင် ကျွန်မကို မမှတ်မိဘူးလား၊ ကျွန်မနာမည်က အမ်းရှောင်ဖွေးလေ"

ဝမ်စိန်ကြည်လည်း အံ့ဩသွားလေသည်။

"မင်း ... မင်း ... အမ်းရှောင်ဖွေးနော်၊ ရှောင်ဖွေး ... ရှောင်ဖွေး ဒေါ်ဒေါ်အမ်း မြို့ထဲဈေးဝယ်သွားတုန်းက ထမင်းချက်တမ်း ကစားခဲ့ကြတာ မှတ်မိသေးလား"

အို ... မှတ်မိတာပေါ့၊ အဲဒီနေ့က လူဆိုးကြီးတစ်ယောက် ရောက်လာပြီး ကျွန်မကို ဖမ်းခေါ်သွားတော့ အစ်ကိုတို့ လိုက်ကယ်တာ အခုအထိ မမေ့သေးပါဘူး၊ အဲဒီတုန်းက အစ်ကို့နဖူးမှာ ဓားရုပ်ထိပြီး ဒဏ်ရာတောင် ရသွားသေးတယ်လေ"

ဝမ်စိန်ကြည်လည်း ယောင်ပြီး နဖူးကို လက်ဖြင့် စမ်းမိလေသည်။

မမျှော်လင့်ဘဲ နှစ်ပေါင်းများစွာ ခွဲခွာခဲ့ကြသော ငယ်ပေါင်းမိတ်ဆွေတစ်ယောက်ကို ပြန်တွေ့ရပြီ ဖြစ်၏။

ဝမ်စိန်ကြည်၏ရင်ထဲ၌ ဖော်မပြနိုင်အောင် ဝမ်းသာပျော်ရွှင်နေမိလေတော့၏။

အမ်းရှောင်ဖွေးမှာလည်း ဝမ်စိန်ကြည်၏လက်ကိုဆွဲကာ ဝမ်းသာအားရ ခုန်ပေါက်နေသည်။

သူတို့နှစ်ယောက်ကို ဝင်ချင်းက စိုက်ကြည့်နေ၏။

ဝမ်စိန်ကြည်နှင့် မိန်းကလေးတစ်ယောက် ရင်းရင်းနှီးနှီး ရှိနေသည်ကို သူ ကြည့်မရချေ။

မာနလို ဝန်တိုစိတ်များ ပေါ်ပေါက်လာကာ မကျေမနပ်ဖြစ်နေ တော့၏။

မျက်နှာတစ်ခုလုံး စုပုပ်ကာ မကြာခဏ နှာခေါင်းရှုံ့နေ၏။

ကြမ်းပေါ် ခြေတဒုန်းဒုန်းဆောင့်နေလေသည်။

ဝမ်စိန်ကြည်မှာ လုံးဝ သတိမပြုမိပါချေ။

ဝင်ကျင်းကသာ ဝင်ချင်း၏ဖြစ်ရပ်ကို ကြည့်ပြီး ကြိတ်မနိုင်ခဲမရ ဖြစ်လေတော့သည်။

ဝမ်စိန်ကြည်အပေါ် ဝင်ချင်း၏သဘောထားကို သူ နားလည်သလို ရှိလေ၏။



ဝမ်စိန်ကြည်ကိုလည်း အမ်းရှောင်ဖွေးနှင့် တရင်းတနှီးရှိနေသည်ကိုကြည့်ပြီး တစ်ဖွဲ့တည်းသားဟု ထင်မိသည်။

နောက်ဆုံး မအောင့်အည်းနိုင်တော့သည့်အတွက် ...

"ဟော့ ... ခင်ဗျားက ကျုပ်ဆီကို လီလျှူစိန်အတွက် သူလျှိုလုပ်ဖို့ ရောက်လာတဲ့လူကိုး"

ဟု အော်ဟစ် စွပ်စွဲလိုက်လေသည်။

ဝမ်စိန်ကြည်မှာ သူ့အပေါ် ဝင်ချင်း အထင်မှားသွားမည်ကို စိုးရိမ်ပြီး အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

သူနှင့် အမ်းရှောင်ဖွေးတို့ ငယ်စဉ်ကပင် သိကျွမ်းခဲ့ကြ၏။

သူ ဒုက္ခရောက်စဉ် အမ်းရှောင်ဖွေးတို့ သားအဖိက ကယ်တင်ကူညီထားခဲ့သည်။

သူ့အပေါ် ကျေးဇူးများရှိသည်ဟု အဖြစ်အပျက်အမှန်ကို ပြောပြလိုက်လေသည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းတို့ ရင်းရင်းနှီးနှီး ရှိနေသည်ကို တွေ့ရသောအခါ အမ်းရှောင်ဖွေးက အခွင့်ကောင်းယူကာ သူမလာသည့်ကိစ္စကို ထပ်လောင်း ပြောပြလိုက်လေသည်။

"ရှင်တို့ဟာ ကျွန်မအစ်ကိုနဲ့ ပတ်သက်နေကြတဲ့ လူတွေပဲ၊ ကျွန်မပစ္စည်းကို မယူသင့်ပါဘူး၊ ပြန်ပေးပါရှင်"

သူမ၏စကား ကြားရသောအခါ ဝမ်စိန်ကြည် နားမလည်သဖြင့် မေးကြည့်လေသည်။

"ညီမ ... သူတို့က ညီမရဲ့ပစ္စည်းကို ယူသွားတယ် ဟုတ်လား၊ ဘာပစ္စည်းကို ယူသွားလို့လဲဟင်"

"လီလျူစိန်ရဲ့ မျိုးချစ်အဖွဲ့အတွက် စုဆောင်းကောက်ခံထားတဲ့ ရန်ပုံငွေတွေပါ၊ သယ်ရလွယ်အောင် ရွှေချောင်းတွေဝယ်ပြီး ယူခဲ့တာ၊ သူတို့က ကြားဖြတ်လုယူသွားတယ်၊ တကယ်လို့ ဒီပစ္စည်းတွေမရရင် ရှေ့တန်းမှာ မန်ချူးတွေကို ခုခံတိုက်ခိုက်နေတဲ့ တော်လှန်ရေးသမားတွေအတွက် ရိက္ခာနဲ့ ဆေးဝါးတွေ၊ လိုအပ်တဲ့ပစ္စည်းတွေ ပို့ပေးနိုင်မှာ မဟုတ်တော့ဘူး"

ထိုစကားကြားရလျှင် ဝင်ချင်းယူလာသော ပစ္စည်းများမှာ မန်ချူးတော်လှန်ရေး ရန်ပုံငွေများဖြစ်ကြောင်း ဝမ်စိန်ကြည် သိရလေတော့၏။

အမ်းရှောင်ဖွေးက ဆက်ပြောသည်။

"လီလျူစိန်ရဲ့ အဖွဲ့မှာ ဦးလေးကို့ချူစန်းနဲ့ ဆရာကြီး မူလိန်ချိန်းတို့လည်း ရောက်နေကြတယ်၊ သူတို့က တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီနေကြတယ်၊ အဲဒီရွှေတွေကို ကျွန်မနဲ့ အစ်ကိုကို့တို့သယ်လာကြတာလမ်းမှာ အစ်ကိုကို့က စိတ်ကောက်ပြီး ထွက်သွားလို့ ကျွန်မ လိုက်ချော့တယ်၊ အဲဒီအချိန်မှာ ကျန်တဲ့တစ်ယောက်က ဆက်ပြီး သယ်သွားရင်း အလုခံလိုက်ရတာပါ"



ဝမ်စိန်ကြည် စိတ်မကောင်း ဖြစ်သွား၏။

လီလျူစိန်၏ ရန်ပုံငွေများကို ပြန်ပေးသင့်သည်ဟု ယူဆ၏။

အများအတွက် အသုံးပြုမည့်ငွေဖြစ်ရာ အပိုင်မစီးသင့်ပါချေ။

သူ တက်မြောက်ထားသော သိုင်းပညာဖြင့် ကျေးဇူးရှင် ကို့ချူစန်းနှင့် မူလိန်ချိန်တို့အား ကျေးဇူးတုန့်ပြန်ရန် ဆုံးဖြတ်လိုက်သည်။

အမ်းရှောင်ဖွေးဘက်မှ ရပ်တည်ကာ ရွှေများပြန်ရအောင် ကြိုးစားမည်ဟု တစ်ထစ်ချ ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ဝင်ချင်းဘက်သို့ လှည့်ပြီး ...

"ညီလေး ... ကျုပ်မျက်နှာကို ထောက်ထားပြီး ရွှေတွေပြန်ပေးလိုက်ဖို့ တောင်းပန်ပါတယ်ဗျာ"

ဝင်ချင်း နှာခေါင်းရှုံ့လိုက်၏။

အဘိုးအိုနှစ်ယောက်အနီးသို့ ကပ်ကာ တစ်စုံတစ်ခု တီးတိုးပြောလိုက်၏။

ပြီးမှ ဝမ်စိန်ကြည်ဘက်သို့ မျက်နှာလှည့်ပြီး ...

"ရွှေချောင်းတွေ ပြန်လိုချင်တယ်ဆိုရင် ကျွန်တော်ရဲ့ဘိုးဘိုးကို ပြောကြည့်ပါ"

အခြေအနေ မဟန်တော့ကြောင်း ဝမ်စိန်ကြည် ချက်ချင်း
နားလည်လိုက်သည်။

သို့သော် သူ ဆုံးဖြတ်ချက်ချပြီးပြီ ဖြစ်သည်။

မည်သည့်အခါမှ ပြန်မပြင်တော့ပါ။

သူ၏ ဆုံးဖြတ်ချက်အတိုင်း ဖြစ်မြောက်အောင် ဖွဲ့သတ္တိရှိရှိ
ဆောင်ရွက်မည်ဖြစ်သည်။

ဝမ်စိန်ကြည်လည်း အဘိုးအိုနှစ်ယောက် အနီးသို့ လျှောက်
သွားလေသည်။

ထို့နောက် ဒူးထောက် ဂါရဝပြုလိုက်၏။

ဝင်ချင်းနှင့် ညီအစ်ကိုဖွဲ့ထားရာ ဝင်ချင်း၏အဘိုးသည် သူ၏
အဘိုးဖြစ်၍ ဒူးထောက်ဂါရဝပြုရန် ဝန်မလေးပါချေ။

တောင်ဝှေးကိုင်ဆောင်ထားသော အဘိုးအိုက ...

"အို ... ထပါ ... ထပါ၊ ကျုပ်ကို ဒူးထောက် ဂါရဝပြုစရာ
မလိုပါဘူးကွယ်"

ပြောရင်း လက်တစ်ဖက်က ဝမ်စိန်ကြည်၏ပခုံးကိုကိုင်က
ဖေးမ၍ ထစေသည်။

အမှန်တော့ အတွင်းအား အပြည့်အဝ အသုံးချပြီး ဝမ်စိန်ကြည်
ကို ဆွဲကိုင်မြောက်ပစ်လိုက်ခြင်းသာ ဖြစ်ပေသည်။



ဝမ်စိန်ကြည်သာ သတိမထားမိလျှင် ဒူးထောက်ရာမှ မတ်
တတ်ရပ်ရသည်သာမက အပေါ်သို့ မြောက်တတ်သွားမည် ဖြစ်၏။

အရှိန်ဖြင့် ခေါင်းမိုးကိုပင် တိုက်မိမည်လား မပြောတတ်ပါ။

သို့သော် ...

သူ့အပေါ် ကြီးမားသော အင်အားကြီးတစ်ခု ကျရောက်လာ
ကြောင်း သတိပြုမိလိုက်သည်နှင့် အတွင်းအားဖြင့် ခုခံကာကွယ်ရင်း
ဖြည်းဖြည်းချင်း ထရပ်လိုက်လေ၏။

အဘိုးအို မျက်လုံးပြူးသွားသည်။

သူ အနှစ်နှစ် အလလ လေ့ကျင့်ထားသော အတွင်းအား
ပညာသည် လူရွယ်တစ်ယောက်ကိုပင် အပေါ်မြောက်ပစ်ရန် မတတ်
နိုင်ခြင်းကြောင့် မယုံကြည်နိုင်အောင် ဖြစ်သွားမိလေသည်။

ဝမ်စိန်ကြည်၏ အတွင်းအားမှာ ကြောက်မက်ဖွယ်ကောင်း
အောင် ထက်မြက်နေကြောင်းလည်း ရိပ်မိလိုက်တော့၏။

အရှက်ပြေ တဟဲဟဲ ရယ်မောရင်း ...

"အင်း ... မင်းဟာ ဝင်ချင်းပြောသလို မဆိုးပါလား"

ဝမ်ချင်းက ကြားဝင်မိတ်ဆက်ပေးလိုက်၏။

တောင်ဝှေးကိုင်ထားသော အဘိုးအိုကိုညွှန်ပြရင်း ...

"ဒီဘိုးဘိုးက တတိယဘိုးဘိုး 'ဝင်မိန်စန်း'လို့ ခေါ်ပါတယ်၊
ဒီဘက်က ဘိုးဘိုးကတော့ ပဋ္ဌမမြောက်ဘိုးဘိုး 'ဝင်မိန်ဝူး'ပါ၊ ကျွန်

တော်တို့ ဝင်မိသားစု ခြံဝင်းရဲ့ အကြီးအကဲတွေပါပဲ၊ ကျောက်ယက်မတောင်ခြေက သိုင်းညီနောင်တွေ ဆိုရင်လည်း မမှားပါဘူး”

ဝမ်စိန်ကြည်က အဘိုးအိုနှစ်ယောက်အား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေ ပြုပြီးလျှင် ...

“ဘိုးဘိုးတို့ကို လေးစားပါတယ်ခင်ဗျာ၊ ညီလေးဝင်ချင်း ယူလာတဲ့ ရွှေချောင်းတွေဟာ လီလျူစိန်ရဲ့ မျိုးချစ်တပ်က ရန်ပုံငွေ ဖြစ်ပါတယ်၊ ဒါကြောင့် ပြန်ပေးဖို့ တောင်းပန်ပါတယ်ခင်ဗျာ”

ဟု ယဉ်ယဉ်ကျေးကျေး တောင်းပန်လိုက်သည်။

ဝင်မိန်စန်းနှင့် ဝင်မိန်ရူးတို့သည် လီလျူစိန်၏ မျိုးချစ်တပ်တွင် လုကောင်းလုတော်များ အလွန်ပေါများကြောင်း ကောင်းစွာ သိရှိထားသည်။

လီလျူစိန်၏လူများနှင့် ထိပ်တိုက် မတွေ့လိုပါချေ။

ထို့ကြောင့် ပြန်ပေးလိုကြ၏။

ပြန်မပေးလျှင် တစ်ယောက်ပြီးတစ်ယောက် လာတောင်း၍ ဆုံးတော့မည် မဟုတ်ကြောင်း နားလည်ထားသည်။

ထို့ကြောင့် ဝင်ချင်းကိုကြည့်ပြီး ...

“မင်း သူ့ကို ပစ္စည်းပြန်ပေးလိုက်ရင် ကောင်းမယ်”

ထိုသို့ပြောလျှင် ဝင်ချင်း မျက်နှာညိုးသွားသည်။ ကြမ်းပေါ် ခြေကလေးဆောင့်ရင်း ...



“ဟင်း ... ပြန်မပေးချင်လို့ ဘိုးဘိုးတို့ကို အကူအညီ တောင်းနေတာပေါ့၊ ဒီပစ္စည်းတွေကို အပင်ပန်းခံပြီး ယူလာရတာ၊ လွယ်လွယ်နဲ့ ဘယ်ပြန်ပေးနိုင်မလဲ”

သူ၏ တင်းမာသောစကား ကြားလိုက်ရလျှင် ဝမ်စိန်ကြည် မကျေမနပ် ဖြစ်သွားတော့သည်။

ထို့ကြောင့် လှမ်းပြောလိုက်၏။

“ညီလေး ... မင်း ကျုပ်စကား နားထောင်မယ်ဆို၊ ဒီပစ္စည်းတွေကို ပြန်ပေးလိုက်ပါ၊ ကျုပ်ရတဲ့ ဝေစုတစ်ဝက်ကို သူတို့ကို ပြန်ပေးလိုက်မယ်၊ ညီလေးလည်း ပေးလိုက်ပါ”

ဝင်ချင်းမှာ ရွှေချောင်းများကို မက်မော၍ ပြောနေခြင်း မဟုတ်ချေ။

ဝမ်စိန်ကြည်နှင့် အမ်းရှောင်မွေးတို့ ရင်းရင်းနှီးနှီး ရှိနေသည်ကို သဘောမကျသဖြင့် အရွဲ့တိုက်ခြင်း ဖြစ်ပေတော့သည်။

“ဘာပဲဖြစ်ဖြစ် ပြန်မပေးနိုင်ဘူး၊ ဒီမှာ အစ်ကိုကြီး ... ကျွန်တော်တို့ ညီအစ်ကို ဖွဲ့ထားကြတာ မေ့နေပြီလား၊ အခု ကိစ္စမှာ ဘယ်သူ့ကို ကူညီမလဲ ပြောပါ”

ဝမ်စိန်ကြည်သည် ဝင်ချင်း၏ ခေါင်းမာပုံကို သဘောမကျချေ။

ထို့ကြောင့် ခပ်ပြတ်ပြတ်ဖြင့် ပြောလိုက်လေသည်။

"ဒီကိစ္စမှာတော့ ကျုပ်ဆရာမှာထားတဲ့အတိုင်းပဲ လုပ်မယ်"

သူ့ဆရာဆိုသော စကားကြားလျှင် ဝင်မိန်စန်းနှင့် ဝင်မိန်ရူး တို့ စိတ်ဝင်စားသွားကြသည်။

ဝင်မိန်စန်းက ဝမ်စိန်ကြည်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ မေးလိုက်သည်။

"နေပါဦး ... မင်းဆရာက ဘယ်သူလဲ"

ဝမ်စိန်ကြည်မှာ သူ့ဆရာ၏အမည်ကို ပြောမပြလိုချေ။

"ကျွန်တော့်ဆရာက လီလျှုစိန်ရဲ့ မျိုးချစ်တပ်ထဲမှာ ရောက်နေပါတယ်၊ သူ့နာမည်ပြောပြလို့ ဘိုးဘိုးတို့သိမှာ မဟုတ်ပါဘူး၊ သူဟာ သိုင်းလောကနဲ့ အဆက်အသွယ်မရှိဘူး၊ ဒါကြောင့် သူ့ကို ဘယ်သူမှာ သိကြမှာ မဟုတ်ပါဘူး"

သူ့စကားသည် မာနကြီးသောသဘော သက်ရောက်နေသည်။

အဘိုးအိုများကို အထင်သေးသလို ဖြစ်သွားစေခြင်းကို သူ မရိပ်မိချေ။

အဘိုးအိုနှစ်ယောက် မကျေမနပ် ဖြစ်သွားလေသည်။

ဝင်ချင်းက အခွင့်ကောင်းယူပြီး ...

"မြွေတွေကို ဉာဏ်သုံးပြီးမှ ရလာတာ၊ ဒါကြောင့် ပြန်လိုချင်



ရင် ဉာဏ်သုံးမှ ရနိုင်မယ်၊ ဉာဏ်သုံးပြီး သုံးရက်အတွင်း လာယူပါ၊ သုံးရက်ကျော်သွားရင် တာဝန်မယူဘူး၊ သုံးဖြန်းပစ်လိုက်တော့မယ်"

ထိုစကားကြားလျှင် အမ်းရောင်မွေး ဒေါသထွက်သွားသည်။

"သတ္တိရှိရင် သုံးကြည့်လိုက်ပေါ့၊ သုံးတာနဲ့ ရှင့်ကို သတ်ပစ်မယ့်လူတွေ မရေမတွက်နိုင်အောင် ရောက်လာလိမ့်မယ်"

ဝင်ချင်း မဲ့ပြုံးပြုံးကာ ...

"ကိစ္စမရှိဘူး၊ လာသတ်တော့ကော ဘာဖြစ်သေးသလဲ၊ ကျုပ်သေရင် ငိုမယ့်လူ မရှိဘူး"

ပြောရင်း သူ၏ မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

ရိပ်မိသော ဝမ်စိန်ကြည် စိတ်မကောင်း ဖြစ်သွားရပြန်၏။

"ညီလေး ... တို့ ညီအစ်ကိုဖွဲ့ထားတာပဲ၊ ကျုပ် ရှိသေးတယ်ဆိုတာ မမေ့ပါနဲ့"

ဝင်ချင်း ဦးခေါင်းခါယမ်းလိုက်၏။

"အပိုတွေ ပြောမနေနဲ့၊ ခင်ဗျားတို့ သွားကြပါတော့၊ မြွေတွေကို လိုချင်ရင် သုံးရက်အတွင်း လာယူဖို့ မမေ့ပါနဲ့"

ဝမ်စိန်ကြည်က ဖျောင်းဖျပြောဆိုရန် ဟန်ပြင်လေ၏။

သို့သော် ဝင်ချင်းက နားမထောင်တော့ဘဲ ကျောခိုင်းကာ အတွင်းဘက်သို့ လှည့်ဝင်သွား၏။

အဘိုးအိုနှစ်ယောက်နှင့် ဝင်ကျင်းတို့က ဝမ်စိန်ကြည်အား စူးရှတောက်ပသော မျက်လုံးများဖြင့် ကြည့်နေကြလေ၏။

ဝင်ကျင်း လွန်စွာသဘောကျနေသည်။

ဝင်ချင်းနှင့် ဝမ်စိန်ကြည်တို့ ပြဿနာဖြစ်ခြင်းသည် အလွန်ကောင်းသည်ဟု ခံယူထားလေသည်။

ဝမ်စိန်ကြည်က ရွှေများ ပြန်ရအောင် ကြိုးစားမည်ဆိုလျှင် ဝင်မိသားစု ခြံဝင်းမှလူများကို ရန်သူလို သဘောထားရပေတော့မည်။

ဝမ်စိန်ကြည်ကို အလိုလို မုန်းတီးမိသည့်အလျောက် ...

"ဟော့ ... ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ၊ ဝင်ချင်း ပြောသွားတယ် မဟုတ်လား၊ ရွှေတွေကို ပြန်လိုချင်ရင် သုံးရက်အတွင်း လာယူပါ၊ ဒီမှာ ဆက်နေလို့ ပြန်ရမှာ မဟုတ်ဘူး၊ တစ်နေရာရာ သွားပြီး ဘယ်လိုလုပ်ကြမယ်ဆိုတာ တိုင်ပင်ကြပေတော့"

ဟု ယဉ်ယဉ်ကျေးကျေး နှင်ထုတ်လိုက်လေသည်။

ဝမ်စိန်ကြည် သက်ပြင်းချလိုက်သည်။

မတတ်သာသည့်အဆုံး အမ်းရှောင်ဖွေးကိုခေါ်ကာ ဝင်မိသားစု ခြံဝင်းအတွင်းမှ ထွက်လာခဲ့ကြရလေ၏။

အမ်းရှောင်ဖွေးသည် မြို့စွန်ရှိ လယ်သမား တဲအိမ်တစ်လုံးတွင် ငှားရမ်းနေထိုင်လေ၏။



ဝမ်စိန်ကြည်အား ထိုတဲအိမ်ကလေးသို့ ခေါ်ဆောင်သွားသည်။

ညဥ့်နက်သော်လည်း သူတို့ မအိပ်နိုင်ကြသေးဘဲ ရှေးဟောင်းနှောင်းဖြစ်များ ပြန်ပြောင်း ပြောဆိုကြ၏။

အမ်းရှောင်ဖွေးက လီလျူစိန်၏ မျိုးချစ်အဖွဲ့အတွက် ရန်ပုံငွေများကို ခေါင်းဆောင်သုံးယောက်က တာဝန်ယူ သယ်ဆောင်လာသည့်အကြောင်း ပြောပြ၏။

သူမ၊ ကို့ရှိမင်နှင့် အခြားလူတစ်ယောက်တို့ ဖြစ်ကြ၏။

ကို့ရှိမင်ဆိုသူမှာ ကို့ချူစန်း၏တူတစ်ယောက် ဖြစ်လေသည်။

လမ်းခရီးတွင် ကို့ရှိမင်သည် သူမအား စိတ်ကောက်ကာထွက်သွား၏။

သူမက လိုက်ရှာသည်။

ရွှေများကို ကျန်နေသော ခေါင်းဆောင်က ဆက်၍ သယ်ဆောင်သွား၏။

ဤတွင် လမ်းခရီးတစ်နေရာ၌ ဝင်ချင်း၏ လုယက်ခြင်းကို ခံရလေတော့၏။

ကို့ရှိမင်အကြောင်း ပြောပြသည့်အခါ အမ်းရှောင်ဖွေး၏ မျက်နှာကလေး နီရဲသွားသည်။

ဤသည်ကိုကြည့်ပြီး သူတို့နှစ်ယောက် သံယောဇဉ်တွယ်တာနေကြပြီဖြစ်ကြောင်း ဝမ်စိန်ကြည် ရိပ်မိလိုက်လေ၏။

ကို့ရှိမင်ကို အမ်းရှောင်ဖွေးက 'အစ်ကိုကို့'ဟု ခေါ်ခဲ့သည်ကိုလည်း ပြန်လည် အမှတ်ရလာ၏။

အမ်းရှောင်ဖွေးက ဆက်၍ ပြောပြပါသည်။

"မေမေက ရှင့်ကို သိပ်ပြီး သတိရနေတယ်၊ ကျွန်မတို့ ခွဲခွာပြီးတဲ့နောက်ပိုင်း ရှင့်ဆီကို လာတွေ့မယ်လို့ စိတ်ကူးကြသေးတယ်၊ ဒါပေမယ့် ခရီးဝေးတာရယ်၊ မအားမလပ်တာရယ်ကြောင့် မလာဖြစ်ခဲ့ကြဘူး"

ဝမ်စိန်ကြည်မှာ သူ့အပေါ်ကြင်နာပြီး သားသမီးတစ်ယောက်နှင့်မခြား ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော အမ်းဆင့်ဆင့်ကို သတိရနေမိလေတော့၏။

အင်္ကျီအိတ်ထဲမှ အမ်းဆင့်ဆင့် ပေးထားသော လက်ကောက်ကလေးကိုထုတ်ယူပြီး ...

"ဟောဒီမှာ ဒေါ်ဒေါ်အမ်း ပေးလိုက်တဲ့လက်ကောက်ကလေး အခုဆိုရင် ကျုပ်လက်နဲ့ မတော်တော့ဘူးဗျ"

မှန်ပေသည်။

လက်ကောက်ရချိန်တွင် ဝမ်စိန်ကြည်မှာ ကလေးငယ်လေး တစ်ယောက် ဖြစ်ပေသည်။

ယခုအခါတွင်မူ အလွန်သန်မာထွားကျိုင်းသော လူရွယ်တစ်ယောက် ဖြစ်လာခဲ့ချေပြီတည်း။



အမ်းရှောင်ဖွေး သဘောကျစွာပြုံးရင်း ...

"ကျွန်မတို့ ခွဲခွာခဲ့တဲ့ အချိန်တွေမှာ ရှင် ဘာလုပ်နေသလဲ"

"အို ....ကျုပ်က နေ့စဉ်မပြတ် သိုင်းလေ့ကျင့်နေခဲ့တာပေါ့"

"အင်း ... ရှင် အများကြီး ပြောင်းလဲသွားပြီ၊ သိုင်းပညာ သိပ်တော်တဲ့အပြင် သန်မာထွားကျိုင်းလာပြီနော်၊ ကျွန်မရဲ့ဓားကို တွန်းထုတ်လိုက်တုန်းက ဘယ်လိုတောင့်ခံပေမယ့် မရဘူး၊ လက်မောင်းတစ်ခုလုံး ထုံကျင်သွားပြီး ဓားကို လွှတ်လိုက်ရတာပဲ"

ဝမ်စိန်ကြည် အားတုံ့အားနာ ဖြစ်သွားလေသည်။

စကားလမ်းကြောင်းပြောင်းရန် ရည်ရွယ်ကာ ...

"ဒါထက် ညီမ ဘယ်လိုလုပ်ပြီး ဝါဆန်းပညာ တတ်မြောက်ထားတာလဲဟင်"

ဟု မေးလိုက်လေ၏။

အမ်းရှောင်ဖွေးက ...

"ဦးလေးကို့ချူစန်းရဲ့တူ အစ်ကိုကြီး'ကို့ရှိမင်' သင်ပေးတာပါ"

"သြော် ... သြော် ..."

သူတို့နှစ်ယောက် စကားစမြည် ပြောဆိုနေရာ အချိန်ကုန်မှန်းမသိ ကုန်ဆုံးသွားလေတော့၏။

အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်ကို ပင် ကြားလိုက်ရသည်။

ဝမ်စိန်ကြည်က …

"အချိန်မနည်းတော့ဘူး၊ လှုပ်ရှားကြရင် ကောင်းမယ်"

သူ၏စကားကြောင့် အမ်းရှောင်ဖွေး မျက်မှောင်ကြုတ်သွားပြီး …

"ရှင် ဘာလုပ်မလို့လဲ"

"ရွှေချောင်းတွေ သွားယူမယ်လေ"

အမ်းရှောင်ဖွေး၏မျက်နှာ ပြုံးရွှင်သွားလေ၏။

"ဒါဖြင့် ကျွန်မလည်း လိုက်မယ်"

ဝမ်စိန်ကြည်က သူ့အား မတားလိုသဖြင့် ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

သူတို့နှစ်ယောက် ညလူအဝတ်အစားများကို ပြောင်းလဲကာ ဝတ်ဆင်လိုက်ကြသည်။

ထို့နောက် ဝင်မိသားစု ခြံဝင်းသို့ ထွက်လာခဲ့ကြ၏။

❁ ❁ ❁

ညဉ့်နက်နေပြီ ဖြစ်၏။

ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ထု စိုးမိုးနေရာယူထား၏။

သို့သော် ဝင်မိသားစု ခြံဝင်းအတွင်းရှိ အဆောက်အအုံများ



တွင်မူ နေ့ဘက်နှင့်မခြား လင်းထိန်နေအောင် မီးအိမ်များကို ထွန်းညှိထားလေသည်။

ဝမ်စိန်ကြည်နှင့် အမ်းရှောင်ဖွေးတို့သည် ဝင်မိသားစု ခြံဝင်းသို့ ရောက်ရှိလာကြပြီ ဖြစ်၏။

သူတို့သည် ကိုယ်ဖော့ပညာ အသုံးပြုပြီး ခြံဝင်းအုတ်နံရံကို ခုန်ကျော်ကာ အတွင်းဘက်သို့ ဝင်လာခဲ့ကြသည်။

အမှောင်ရိပ်ကို အကာအကွယ်ယူရင်း ဧည့်ခန်းမဆောင်ကြီးဘက်သို့ လာခဲ့ကြသည်။

ဧည့်ခန်းမဆောင်ကြီးမှာ မီးရောင်များထိန်လင်းနေသလို တံခါးများ ပြတင်းပေါက်များ ဟာလာဟင်းလင်း ဖွင့်ထား၏။

မည်သူမဆို ဝင်လာနိုင်အောင် ဖိတ်ခေါ်ထားသလို ရှိနေပေ

တော့သည်။

ဧည့်ခန်းအတွင်း၌ လူလေးယောက်ထိုင်ကာ ရယ်ရယ်မောမော

ဖြင့် စကားပြောနေကြသည်ကို တွေ့ရ၏။

ဝမ်စိန်ကြည်နှင့် အမ်းရှောင်ဖွေးတို့သည် အစောင့်များမသ

အောင် ဝင်လာနိုင်ခဲ့ကြသော်လည်း ဧည့်ခန်းမဆောင်ကြီးသို့ဝင်လျှ

ထိုင်နေသူလေးယောက် မသိဘဲ နေလိမ့်မည်မဟုတ်ချေ။

ဖြောင့်ဝင်၍ရမည်မဟုတ်ကြောင်းသိရာ ဝမ်စိန်ကြည်တို့သ

ကိုယ်ဖျောပညာကို အသုံးပြုပြီး ခေါင်မိုးပေါ် ခုန်တက်လိုက်ကြသည်။

ခေါင်းမိုးပေါ်တွင် လင်းနို့များသဖွယ် ခြေနှစ်ချောင်းနောက်ပြန်ချိတ်ကာ ကိုယ်ကို တွဲလောင်းချပြီး ချောင်းမြောင်းကြည့်လိုက်ကြလေသည်။

ထိုအချိန်တွင် အခန်းတွင်း၌ ထိုင်နေသူ လေးယောက်မှာ ဝင်ကျင်း၊ ဝင်ကျောင်း၊ ဝင်မိန်စန်းနှင့် ဝင်မိန်ဝူးတို့ ဖြစ်ကြလေသည်။

သူတို့ ချောင်းကြည့်နေစဉ်မှာပင် ဝင်ချင်း၏စကားသံ ထွက်ပေါ်လာ ၁ည်ကို ကြားလိုက်ရ၏။

ဝင်ချင်းက ရယ်မောရင်း ...

"ရွှေတွေ ဒီမှာရှိတယ်၊ သတ္တိရှိရင် လာယူကြပါ"

ထိုစကားကြားရလျှင် ဝမ်စိန်ကြည် ရင်ထိတ်သွား၏။

"တို့ရောက်လာတာကို သူသိတယ်"

ဟု အမ်းရှောင်ဖွေးအား လေသံဖြင့် တီးတိုး ပြောပြလိုက်လေသည်။

သူတို့ ကြည့်နေစဉ် ဝင်ချင်းက စားပွဲအောက်မှ အထုပ်နှစ်ထုပ်ကိုယူကာ စားပွဲပေါ်သို့ တင်လိုက်၏။

အထုပ်များကို ဖြေလိုက်သောအခါ ဝင်းဝါသော ရွှေချောင်းများ ထွက်ပေါ်လာ၏။



မီးရောင်ဖြင့် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေ၏။

ဝမ်စိန်ကြည်တို့အား ဖိတ်ခေါ်သလို ရှိနေတော့သည်။

ဝမ်စိန်ကြည်မှာ ရွှေချောင်းများကို ပြန်လိုချင်လျှင် ခိုးယူ၍မရဘဲ အကြမ်းဖက်တိုက်ခိုက်ပြီးမှ ရနိုင်လိမ့်မည်ဟု တွေးမိ၏။

သူက အကြမ်းမဖက်လိုပါချေ။

ထို့ကြောင့် အတန်ကြာ စောင့်ကြည့်ပြီး လက်လျှော့ကာ အမ်းရှောင်ဖွေးကိုခေါ်၍ ဝင်မိသားစုခြံဝင်းမှ တစ်ခေါက်ပြန်လာခဲ့လေတော့၏။

ပထမတစ်ရက်ကား ကုန်ဆုံးသွားခဲ့ပြီတည်း။

❁ ❁ ❁

ဒုတိယနေ့ ...။

ဒုတိယနေ့ ညဘက်သို့ ရောက်သောအခါ ဝမ်စိန်ကြည်နှင့် အမ်းရှောင်ဖွေးတို့သည် ပထမနေ့က လာခဲ့သည့်အတိုင်း ဝင်မိသားစုခြံဝင်းအတွင်းသို့ မည်သူမျှ မရိပ်မိအောင် ဝင်လာခဲ့ကြလေသည်။

ယနေ့ည အမ်းရှောင်ဖွေးတွင် အကြံတစ်ခု ရှိနေ၏။

ဝင်မိသားစု ခြံဝင်းအတွင်းသို့ ရောက်သည်နှင့် ဝန်စိန်ကြည်နှင့် လမ်းခွဲကာ အနောက်ဘက် မီးဖိုဆောင်သို့ သွားလေသည်။

မီးဖိုဆောင်တွင် အသင့်တွေ့ရသော ကောက်ရိုးများဖြင့် ထင်းသိုလှောင်ခန်းကို မီးရှို့လိုက်လေသည်။

ညဉ့်ဦးယံတွင် မီးတောက်ကြီးများ ထွက်ပေါ်လာ၏။

ဝင်မိသားစု ခြံဝင်းအတွင်း၌ ဧရိပွက်သည့်အလား ဆူညံကာ ပွက်လောရိုက်သွားတော့၏။

အနိုင်းအစေများ အစောင့်အကြပ်များ ဟိုမှသည်မှ ချက်ချင်းပြေးလွှားရောက်ရှိလာပြီး မီးငြိမ်းသတ်ကြလေသည်။

လူသံ သူသံ အော်ဟစ်သံများနှင့် မီးတောက်ကြီးများ ထွက်ပေါ်လာသည်ကို တွေ့ရလျှင် အမ်းရှောင်ဖွေး၏ လက်ချက်ဖြစ်ကြောင်း ဝမ်စိန်ကြည် နားလည်လိုက်သည်။

အမ်းရှောင်ဖွေးက ခဏဟုဆိုကာ ထွက်သွားပြီး သူ့သဘောနှင့်သူ လုပ်ခြင်းဖြစ်သည်။

ဝမ်စိန်ကြည်ကို တိုင်ပင်ခြင်းမရှိ၍ ထိုသို့ပြုလုပ်မည်ကို မသိခဲ့ရချေ။

သူသိလျှင် တား‌မည်ဖြစ်သည်။

အကြောင်းကား ဝင်မိသားစုခြံဝင်းမှ လူများသည် အလွန်ဉာဏ်များပြီး ပါးနပ်ကြမည်ဟု သူ ယုံကြည်ထားခြင်းကြောင့်ပင်။

ထင်းသိုလှောင်ခန်းကို မီးရှို့ရုံဖြင့် ရွှေချောင်းများ ပြန်ရနိုင်မည် မဟုတ်ချေ။



ဝင်မိသားစုကို ပြောပြောင်တင်းတင်း စိမ်ခေါ်ရာကျသဖြင့် ကောင်းသောလက္ခဏာ မဟုတ်ချေ။

ဝမ်စိန်ကြည် စိတ်မသက်မသာ ဖြစ်နေစဉ် အမ်းရှောင်ဖွေး ရောက်လာသည်။

သူ၏မျက်နှာ ပြုံးရွှင်နေသည်။

သူတို့နှစ်ယောက် ခေါင်မိုးပေါ်မှ ဧည့်ခန်းမဆောင်အတွင်းသို့ ချောင်းကြည့်လိုက်ကြ၏။

အခန်းတွင်းဝယ် လူလေးယောက်တို့ ထိုင်နေကြသည်။

ထိုလူ များသည် ရွှေချောင်းများကို စောင့်ကြပ်နေကြသူများ ဖြစ်သည်။

အခန်းတစ်ခုလုံး ထိန်ထိန်လင်းအောင် မီးများထွန်းထားသည်။

ထုံစံအတိုင်း ဝင်ကျင်း၊ ဝင်ချင်းတို့ ဖြစ်နေသည်။

အဘိုးအိုနှစ်ယောက်မှာမူ ဝင်မိန်စန်းနှင့် ဝင်မိန်ဝူးတို့ မဟုတ်ကြဘဲ အခြားအဘိုးအိုနှစ်ယောက် ဖြစ်ကြသည်။

အမှန်ဆိုလျှင် မီးရှို့လိုက်ပါက ရွှေချောင်းစောင့်ကြပ်နေသူများ ထိတ်လန့်ကာ မီးလောင်ရာသို့ သွားကြလိမ့်မည်ဟု အမ်းရှောင်ဖွေး ထင်လေသည်။

သို့သော် သူမှထင်သလို ရွှေချောင်းကို စောင့်ကြပ်နေသူများ

သည် ဆူဆူညံညံအသံများ ကြားသော်လည်း လုံးဝ အရေးစိုက်ပုံ မပြကြချေ။

ဝမ်စိန်ကြည် ကြိတ်၍ သက်ပြင်းချမိ၏။ အမ်းရှောင်ဖွေးလည်း စိတ်ပျက်သွား၏။

"ဒုက္ခပဲ သူတို့ ထွက်မသွားကြဘူးနော်"

ဟုလည်း အသံထွက် ညည်းညူလိုက်သည်။

ဝမ်စိန်ကြည်က ...

"ဒီလူတွေဟာ အင်မတန် ဉာဏ်များတယ်၊ မင်းရဲ့အကြံကို သူတို့ သိမှာပဲ၊ တခြားနည်းလမ်းတွေနဲ့ သူတို့ကို ဒုက္ခပေးမယ်လို့ တောင် တွက်ထားကြမှာ၊ သူတို့ ထွက်မသွားရတာ ကြည့်ပါလား၊ ရွှေချောင်းတွေ မသိအောင် ယူလို့မရဘူး၊ ဘယ်လိုနည်းအသုံးပြုပြု သူတို့ ဂရုမစိုက်ဘူးဆိုတဲ့သဘော သက်ရောက်နေတာပဲ"

ပြောပြီး ခန်းမအတွင်းသို့ ငုံ့ကြည့်လိုက်၏။ ဤတွင် ဝမ်စိန်ကြည် မျက်လုံးပြူးသွားရတော့သည်။

"ဟိုက် ... အခန်းထဲမှာ လူတစ်ယောက်မှ မရှိတော့ဘူး၊ သူတို့ ဘယ်ထွက်သွားကြပြီလဲ"

သူ၏စကားကြားရလျှင် အမ်းရှောင်ဖွေးလည်း စိတ်လှုပ်ရှား သွား၏။



မှန်ပေသည်။

ခန်းမဆောင်အတွင်း၌ တစ်ယောက်မှ မရှိတော့ချေ။

"သူတို့ ဘယ်ရောက်သွားကြပြီလဲ၊ ဒါ အခွင့်အရေးပဲ၊ ဘယ်သူမှမရှိတုန်း ရွှေတွေကို သွားယူမယ်"

ပြောပြီး ဝမ်စိန်ကြည်၏နံဘေးမှ လှစ်ခနဲ ပြေးထွက်သွားသည်။

ဝမ်စိန်ကြည် ဟန့်တားရန် ပြင်လိုက်၏။

သို့သော် နောက်ကျသွားပြီဖြစ်ရာ အမှောင်ရိပ်အတွင်းသို့ တိုးဝင်သွားသော အမ်းရှောင်ဖွေးကို မတွေ့ရတော့ပေ။

တစ်ဆက်တည်းပင် လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဝမ်စိန်ကြည် ချက်ချင်း လှည့်ကြည့်လိုက်သည်။

"ဟား ... ဟား ..., ဟား ..."

ရုတ်တရက် ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ခေါင်မိုးပေါ်တွင် လူဆယ်ယောက်ခန့် ဘွားခနဲ ထွက်ပေါ်လာကြသည်။

အခြေအနေ မဟန်တော့ကြောင်း ဝမ်စိန်ကြည် ရိပ်မိလိုက်လေတော့သည်။

သူ ခုန်ထလိုက်သည်နှင့် လူတစ်ယောက်က သူ့အား ဝင်ရောက် တိုက်ခိုက်လာတော့၏။

❀ ❀ ❀

လူတစ်ယောက် ပြေးဝင်ကာ တိုက်ခိုက်လာ၏။

ဝမ်စိန်ကြည်လည်း လက်ပြန်တစ်ချက် ခပ်သွက်သွက်ကလေး ရိုက်ထုတ်လိုက်၏။

အမှတ်တမဲ့မို့ အားပါသွားသဖြင့် တိုက်ခိုက်လာသူမှာ ဒယိုင်းဒယိုင်ဖြင့် ချက်ချင်း နောက်ပြန်ဆုတ်သွားရလေ၏။

ထိုအချိန်တွင် လူငါးယောက်က ရှေ့သို့ ထွက်လာကြသည်။

ထိုလူငါးယောက်မှာ အဘိုးအိုများ ဖြစ်ကြကြောင်း လရောင်ဖြင့် တွေ့မြင်လိုက်ရသည်။

ထိုအဖိုးအို ငါးယောက်တွင် ဝင်မိန်စန်းနှင့် ဝင်မိန်ဂူးတို့လည်း ပါဝင်နေသည်ကို တွေ့ရ၏။

သူတို့သည် ဝမ်စိန်ကြည် ထွက်မပြေးနိုင်အောင် ဝိုင်းထားလိုက်၏။

တစ်ယောက်က တဟားဟားရယ်မောရင်း ...

"ဟား ... ဟား ... ဟား ... ကျုပ်တို့ ညီအစ်ကို ငါးယောက်



တောတောင်ထဲမှာနေတာ ကြာပါပြီ၊ ဒီကနေ့ လီလျူစိန်ရဲ့ မျိုးချစ်အဖွဲ့က လူတော်လေးတစ်ယောက် ကျုပ်တို့ဆီကို ရောက်လာတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်ဗျာ"

ထိုအဘိုးအိုငါးယောက်မှာ ဝင်မိသားစု ခြံဝင်းမှ အကြီးအကဲ ညီအစ်ကို ငါးယောက်ဖြစ်ကြောင်း ဝမ်စိန်ကြည် ရိပ်စားမိလိုက်သည်။

သူက လက်နှစ်ဖက်ဆုပ်ကာ အရိုအသေ ပြုလိုက်သည်။

ထိုစဉ် လူအုပ်ကြားထဲမှ ဝင်ချင်း ခုန်ထွက်လာသည်ကို တွေ့လိုက်ရသည်။

ဝမ်စိန်ကြည်လည်း သူ့ကိုတွေ့လိုက်လျှင် ဝမ်းသာအားရ ဖြစ်သွားပြီး ...

"ညီလေး ..."

ဝင်ချင်းက သူ့အား အသိအမှတ်ပြုသည့် သဘောဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ပြီးလျှင် အဘိုးအိုငါးယောက်နှင့် မိတ်ဆက်ပေးလိုက်လေ၏။

"ဟောဒါက ကျုပ်ရဲ့ အကြီးဆုံးဘိုးဘိုး၊ ဟောဒါက အမှတ်နှစ် ဒုတိယဘိုးဘိုးနဲ့ အမှတ်လေး စတုတ္ထဘိုးဘိုးတို့ ဖြစ်ပါတယ်"

အဘိုးအိုငါးယောက်၏အမည်မှာ ကြီးစဉ်ငယ်လိုက် ဝင်မိန်ဘ၊ ဝင်မိန်အိ၊ ဝင်မိန်စန်း၊ ဝင်မိန်စုနှင့် ဝင်မိန်ဝူးတို့ ဖြစ်ကြလေသည်။

ဒုတိယဘိုးဘိုးသည် ဒေါသကြီးသူတစ်ယောက် ဖြစ်သည်။

အမ်းရှောင်ဖေးက ထင်းသိုလှောင်ရုံကို မီးရှို့သဖြင့် အကြီးအကျယ် ဒေါသထွက်နေသည်။

ဝင်မိသားစု ခြံဝင်းကို လူတိုင်းက ရိုသေကြောက်ရွံ့ကြလေသည်။

ယခုမူ အကြောက်အရွံ့ မရှိသည့်အပြင် ရန်စခြင်းပြုသည့်အတွက် ကြိတ်မနိုင်ခဲမရ ဖြစ်နေခြင်းပင်။

သူက ရှေ့ဆုံးမှ လှမ်းထွက်လာပြီး ...

"တယ်လဲ သတ္တိကောင်းကြပါလား၊ မင်းတို့က အသက်ငယ်ငယ်နဲ့ ကျုပ်တို့ရဲ့ ခြံဝင်းထဲကိုဝင်လာပြီး မီးရှို့ရဲတယ်၊ သေရမှာမကြောက်ကြဘူးထင်တယ်"

ယခုအချိန်မှ တောင်းပန်၍မရတော့ကြောင်း ဝမ်စိန်ကြည်နားလည်လိုက်၏။

အမ်းရှောင်ဖေး ပေါ်မလာခြင်းမှာလည်း သူမထွက်သွားစဉ် ဝင်အဘိုးအိုများက ဖမ်းဆီးထားလိုက်ခြင်းကြောင့် ဖြစ်ရမည်ဟု ရိပ်စားမိလာသည်။



မည်သို့ဆိုစေ ရိုသေလေးစားသည့်သဘော သက်ရောက်အောင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ...

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ရဲ့မိတ်ဆွေ မဆင်မခြင် ပြုလုပ်မိတာ ခွင့်လွှတ်ပါ၊ ရွှေချောင်းတွေ ပြန်ယူသွားပြီးရင် ဒီကိစ္စအတွက် ကျွန်တော့်ဆရာရဲ့ တောင်းပန်စာ ယူလာပြီး တစ်ခေါက်လာ တောင်းပန်ပါ့မယ်"

ဒုတိယအဘိုးအိုမှာ ဝင်ကျင်း၏ အဘိုးအရင်းဖြစ်ပေသည်။

ဝင်အဘိုးအိုငါးယောက်မှ ဆင်းသက်လာသော မြေးမြစ်များသည် ငါးဦးစလုံးကို ဘိုးဘိုးဟု ခေါ်ကြသည်။

ထိုသို့ခေါ်ရာတွင် ကြီးစဉ်ငယ်လိုက် ဝါစဉ်အရ ပထမဘိုးဘိုး ဒုတိယဘိုးဘိုးဟု ခေါ်ကြသည်။

ဝင်မိန်အိသည် ဝင်ကျင်း၏ အဘိုးအရင်းဖြစ်သလို ခက်ထန်မာကျောသည့်နေရာတွင် ဝင်ကျင်းနှင့် တထေရာတည်းပင်။

ဝင်ကျင်းသည် ဒုတိယဘိုးဘိုး၏ စိတ်နေစိတ်ထားကို အမွေဆက်ခံသူဟုပင် ဆိုရပေလိမ့်မည်။

အကြီးဆုံးဖြစ်သော ဝင်မိန်အိကမူ ...

"မင်းဆရာက ဘယ်သူလဲ၊ သူ့ တောင်းပန်စာကို ကျုပ်တို့ ဂရုစိုက်ရမှာလား၊ မင်းတို့ဟာ မိဘဆရာ ပဲ့ပြင်ဆုံးမမှုမရှိတဲ့ အရိုင်းအစိုင်းတွေပဲ ဖြစ်မယ်၊ ဒါကြောင့် ဒီမှာလာပြီး သောင်းကျန်းရဲတာ"

ထိုစကားကြောင့် ဝမ်စိန်ကြည် ဒေါသထွက်သွားသည်။

"ကျုပ်ဆရာ ဘယ်သူဘယ်ဝါဆိုတာ သိရရင် ခင်ဗျားတို့ ဒီလိုပြောရဲကြမှာ မဟုတ်ဘူး"

"ဟွန်း ... ပြောစမ်း၊ မင်းရဲ့ဆရာက ဘာကောင်လဲ"

"ကျုပ် ပြောပြလို့လည်း ခင်ဗျားတို့သိမှာ မဟုတ်ပါဘူး"

"ဟေ ..."

ဝင်မိန်အိ၏မျက်နှာ ကြောက်မက်ဖွယ်ကောင်းအောင် တင်းမာ ခက်ထန်သွားသည်။

ဝမ်စိန်ကြည်ကို တိုက်ခိုက်မည်ဟု ဟန်ပြင်ပြီးမှ စိတ်ချုပ်တည်း ထားလိုက်ပုံ ရသည်။

"ဟင်း ... မင်း မပြောလည်း မင်းရဲ့သိုင်းကွက်ကို မြင်တာနဲ့ မင်းဆရာ ဘယ်သူလဲဆိုတာ ကျုပ် ပြောနိုင်ပါတယ်၊ အခုပဲ မင်းဆရာ ဘယ်သူလဲဆိုတာ ဖော်ထုတ်ပြမယ်"

စကားဆုံးလျှင် လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်၏။

လူအုပ်ထဲမှ အသက်လေးဆယ်ခန့်ရှိ မုတ်ဆိတ်မွေး ပါးမြိုင်း မွေးများ တင်းကြမ်းပြည့်ကာ သန်မာထွားကျိုင်းသူတစ်ယောက် ထွက် လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူသည် ဝင်မိန်အိ၏ ဒုတိယသား 'ဝင်နန်ရောင်'ဖြစ်သည်။



ဝင်နန်ရောင်၏ သိုင်းပညာမှာ ဝင်အဘိုးအိုငါးယောက်ပြီးလျှင် ဤနေရာတွင် နံပါတ်တစ်အဆင့်ရှိသော သိုင်းသမားတစ်ယောက် ဖြစ်သည်။

ဝင်နန်ရောင်သည် ရှေ့သို့ ခုန်ထွက်လာပြီး သိုင်းလောကထုံးစံ အရ ဂါရဝပြုခြင်းပင် မရှိဘဲ လက်သီးတစ်စုံဖြင့် ဝမ်စိန်ကြည်အား တရကြမ်း တိုက်ခိုက်လိုက်တော့သည်။

ဝမ်စိန်ကြည်မှာ များပြားလှသော ဝင်မိသားစု ခြံဝင်းမှလူများ ကုန်အောင် တစ်ယောက်ပြီးတစ်ယောက် တိုက်ခိုက်နေရလျှင် မောဪ သေလိမ့်မည်ဟု တွေးမိ၏။

ထို့ကြောင့် တိုက်ပွဲကို ခပ်မြန်မြန် အဆုံးသတ်ရန် ဆုံးဖြတ် လိုက်သည်။

ရှေ့သို့ လက်တစ်ဖက်ဆန့်ထုတ်ပြီး ဝင်နန်ရောင် ထိုးသွင်း လာသော လက်သီးကို လက်ငါးချောင်းဖြင့် ကုတ်ဆွဲလိုက်သည်။

ဝင်နန်ရောင် ရင်ထိတ်ကာ နောက်ဆုတ်ရန် ကြိုးစားသော် လည်း မလွတ်ဘဲ ဖမ်းဆုတ်ခြင်း ခံလိုက်ရသည်။

ပြန်လည်ရုန်းကန်နေစဉ် ဝမ်စိန်ကြည်၏ လက်ချောင်းများမှ ပြင်းထန်သော အားတစ်ခု တိုးဝင်လာသည်ဟု ခံစားရပြီး နောက်ပြန် လဲကျသွားတော့သည်။

ဝမ်စိန်ကြည်က အချိန်မီ သူ့လက်ကိုပြန်ဆွဲထားလိုက်၍သာ ခေါင်းမိုးပေါ်မှ လိမ့်ကျမသွားခြင်းပင်။

ဝင်နန်ရောင် လွန်စွာရှက်သွားသည်။

ဝမ်စိန်ကြည်ကို ကျေးဇူးတင်ကြောင်းပင် မပြောသည့်အပြင် နွှာကိုယ် ချာခနဲလှည့်ကာ ခြေထောက်ဖြင့် ဝမ်စိန်ကြည်၏ ခြေထောက်ကို သိမ်းရိုက်လိုက်၏။

နပန်းသမားများ ခြေထောက်ချိတ်ကာ တစ်ဖက်လူကို လှဲချသောပုံစံမျိုး ဖြစ်ပေသည်။

ဝမ်စိန်ကြည်က အသာအယာ ရှောင်တိမ်းပေးလိုက်သည်။

ဝင်နန်ရောင်၏ ခြေထောက် ဖြတ်ကျော်သွားချိန်တွင် ဟန်ချက်ညီအောင် ရပ်နေသော ကျန်ခြေထောက်တစ်ဖက်ကို ဝင်နန်ရောင် နည်းတူ သိမ်းရိုက်ပစ်လိုက်၏။

သူ၏တိုက်ကွက်အတိုင်း ပြန်လည်တိုက်ခိုက်လိုက်သည်ကို ဝင်နန်ရောင် မကာကွယ်နိုင်ခဲ့ချေ။

"အမလေး ..."

ဟု လွှတ်ခနဲအော်ပြီး ခေါင်မိုးပေါ်မှ ဝုန်းခနဲကျသွားသည်။

ယခုတစ်ကြိမ်တွင်လည်း ခေါင်းမိုးပေါ်မှ လိမ့်ကျသွားခြင်းမရှိအောင် ဝန်စိန်ကြည်ကပင် လှမ်းဆွဲထားလိုက်ရပြန်လေသည်။



ဝင်နန်ရောင် အလွန် ရှက်သွားသည်။

နောက်ထပ် မတိုက်ခိုက်ရဲတော့ဘဲ ခေါင်းငုံ့ကာ လူအုပ်ကြားထဲသို့ ပြန်လည်ပြေးဝင်သွားလေ၏။

ဝမ်စိန်ကြည်၏ သိုင်းကွက်များသည် ဖြစ်ပေါ်လာသည့် အခြေအနေကို သုံးသပ်ရင်း အလျဉ်းသင့်သလို ခုခံတိုက်ခိုက်ခြင်းဖြစ်ရာ မည်သည့်ဂိုဏ်း မည်သည့်အဖွဲ့၏ သိုင်းပညာဟု တိတိကျကျ မသိရနိုင်ပါချေ။

ဝင်မိန်အိမှာ သူ၏သားဖြစ်သူ ရှုံးနိမ့်သွားသည်ကိုတွေ့လျှင်ခံပြင်း ဒေါသထွက်သွားလေ၏။

"မဆိုးဘူး၊ မင်းကို ကျုပ် စမ်းကြည့်ရဦးမယ်"

ပြောပြီး လက်ကို ကြက်ခြေခတ်သဏ္ဌာန် ရင်ဝတွင် ယှဉ်ကာ ရှေ့သို့လှမ်းထွက်လာလေ၏။

ထိုစဉ် အခြေအနေကို အကဲခတ်ကြည့်နေသော ဝငဲချင်းက ဝင်မိန်အိအနီးသို့ ချဉ်းကပ်သွားပြီး ...

"ဘိုးဘိုး ... သူနဲ့ကျွန်တော် ညီအစ်ကိုဖွဲ့ထားကြပါတယ်၊ ဒါကြောင့် သူ့ကို ဒုက္ခရာအနှာတရ မဖြစ်ပါစေနဲ့နော်"

ဟု မှာကြားလိုက်လေ၏။

ဝင်မိန်အိမျက်နှာ မည်းသွားသည်။

ဝင်ချင်းကို တီးတိုး ဆဲလိုက်သည်။

လက်ဖော့ယမ်းပြလျှင် ဝင်ချင်း နောက်ဆုတ်သွားသည်။

ဝင်မိန်အိက ရှေးနည်းအတိုင်း လက်နှစ်ဘက် ရင်ဝတွင်ကြက် ခြေခတ်သဏ္ဌာန်ယှက်ပြီး ရှေ့တိုးလာသည်။

"ကဲ ... သူငယ် မင်းစပြီး တိုက်ပေတော့၊ မင်းဆရာနာမည် မပြောလည်း သိုင်းကွက်သုံးကွက် တိုက်ပြီးရင် ဘယ်သူလဲဆိုတာ ငါ ပြောပြမယ်"

"ကောင်းပါပြီ ... ကျွန်တော့်ကို လျော့ပေးပါဗျာ"

ဝမ်စိန်ကြည် ဦးညွှတ်လိုက်သည်။

ထို့နောက် စတင်တိုက်ခိုက်လိုက်လေ၏။

လက်ဝါးနှစ်ဖက်ဖြင့် ဦးခေါင်းပိုင်းသို့ အဓိကထားပြီး တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

ဝူးခနဲ လေတိုးသံများ ထွက်ပေါ်လာသည်။

ဝမ်စိန်ကြည်၏ တိုက်ကွက်မှာ ပရမ်းပတာ တိုက်ခိုက်လိုက်ခြင်းသာဖြစ်ပေရာ ဝင်မိန်အိ ကြောင်သွားသည်။

ဖမ်းဆွဲရန် အချိန်မရသဖြင့် ခေါင်းငုံ့ ရှောင်လိုက်ရသည်။

ထိုစဉ် နောက်ထပ် တိုက်ကွက်တစ်ကွက် ရောက်ရှိလာပြန်လေသည်။



ဝမ်စိန်ကြည်က သိုင်းကွက်သုံးကွက်ကို ဆက်တိုက် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

ရှောင်လျှင် နောက်တစ်ကွက်ကို ဆက်ကာ ရှောင်ရမည်။

မရှောင်လျှင် နောက်ဆုတ်ပေးရမည် ဖြစ်ပေသည်။

နောက်ဆုတ်ရခြင်းမှာ ရှက်ဖွယ်လီလီဟု ယူဆထားပေရာ အနာခံပြီး ပြန်တိုက်ရန် ဆုံးဖြတ်လိုက်သည်။

ဝမ်စိန်ကြည်၏ တိုက်ကွက်ကို မရှောင်ဘဲ ဆတ်ခနဲပြန်လည် တိုက်ခိုက်လိုက်လေ၏။

သူသေကိုယ်သေ တိုက်ခိုက်ခြင်းဖြစ်ရာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြမည် ဖြစ်ပေသည်။

ထို့ကြောင့် ဝမ်စိန်ကြည် ရှေ့ဆက် မတိုက်ဝံ့တော့ချေ။

ခပ်သွက်သွက်လေး နောက်ဆုတ် ရှောင်တိမ်းပေးလိုက်၏။

ဝမ်စိန်ကြည်၏ သိုင်းပညာကို ဝင်ချင်း စိတ်မချပါ။

ဝင်မိန်အိနှင့် ယှဉ်လျှင် ထိခိုက်ဒဏ်ရာ ရမည်ဟု ထင်မိသည်။

သို့သော် ဝမ်စိန်ကြည်က ဝင်မိန်အိ အခက်ကြုံအောင် တိုက်ခိုက်နိုင်သည်ကို တွေ့ရလျှင် ...

"ကောင်းလိုက်တာ"

ဟု ဝမ်းသာအားရ လွှတ်ခနဲ အော်လိုက်၏။

ဝင်မိန်အိ ပို၍ ဒေါသထွက်သွား၏။

ဝမ်စိန်ကြည်၏ သိုင်းကွက်သုံးကွက် တိုက်ခိုက်ပြီးသွားသော်လည်း ဆရာဖြစ်သူကို ဖော်ထုတ်နိုင်ခြင်း မရှိပါချေ။

တတိယသိုင်းကွက်သည် ရွှေမြွေသိုင်းသမား၏ သိုင်းကွက်နှင့် ခပ်ဆင်ဆင် တူနေသည်ဟုသာ ထင်မိလေ၏။

အမှန်တော့ ဝမ်စိန်ကြည်က ဆရာအမည်ကို ထုတ်ဖော်မည် ဆိုသောကြောင့် အစွမ်းထက်မြက်သော သိုင်းကွက်များကို ဟိုနည်းနည်း သည်နည်းနည်း စုပေါင်းကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေတော့သည်။

ဝင်မိန်အိ အခက်ကြုံနေသည်ကို တတိယဘိုးဘိုး ဝင်မိန်စန်း ရိပ်မိလေ၏။

ထို့ကြောင့် ရှေ့တက်လာပြီး ...

"ကဲ ... ကဲ ... သူ့ကို ကျုပ် စမ်းကြည့်မယ်၊ ဒုတိယအစ်ကို နောက်ဆုတ်လိုက်ပါ၊ ကျုပ် တုတ်ကောက်က သူ့ဆရာ ဘယ်သူလဲ ဆိုတာ မပြောဘဲမနေနိုင်အောင် လုပ်ပြပါလိမ့်မယ်"

ဟု ပြောလိုက်သည်။

ဝင်မိန်အိ ခပ်ရှက်ရှက်ဖြင့် ...

"ရှေ့ဆက်တိုက်ရင် ကျုပ်စိတ်ထိန်းနိုင်မှာ မဟုတ်ဘူး၊ သူ



သေသွားရင် ဘာမှ သိရမှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းပဲ ကြည့်ပြီး ဆုံးမပေတော့၊ သူ့ကို မသေစေနဲ့၊ မေးစရာတွေ ရှိသေးတယ်"

"စိတ်ချ ..."

ဝင်မိန်စန်းနှင့် ဝမ်စိန်ကြည်တို့ မျက်နှာချင်း ဆိုင်မိကြလေ၏။

ဝင်မိန်စန်းသည် သူ၏တောင်ဝှေးနှင့် ဝမ်စိန်ကြည်၏ရှေ့သို့ ရောက်ရှိလာသည်။

ဝမ်စိန်ကြည်က သူ့အား အရိုအသေ ပြုလိုက်လေ၏။

ဝင်မိန်စန်းက သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"ကဲ ... မင်း လက်နက် ထုတ်လိုက်စမ်း"

ဟုပြောရာ ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်လေ၏။

"ကျွန်တော့်မှာ လက်နက် မပါပါဘူး၊ ဒီနေရာကို လက်နက် ယူမလာရဲပါဘူးဗျာ"

သူ၏စကားကို ဝင်မိန်စန်း သဘောကျသွား၏။

"ဟဲ ... ဟဲ ... မင်းက သူများအကြိုက်လိုက်ပြီး ပြောတတ်သားပဲ၊ ကဲပါလေ၊ မင်းမှာ လက်နက်မပါရင် ကျုပ်တို့ဆီက ကြိုက်တဲ့လက်နက်ငှားပြီး သုံးနိုင်ပါတယ်၊ ကျုပ်က လက်နက်နဲ့ပဲ ယှဉ်ပြိုင်ချင်တယ်၊ လာ ... ကျုပ်တို့ သိုင်းလေ့ကျင့်တဲ့ အခန်းကိုသွားကြရအောင်၊ အဲဒီမှာ လက်နက်မျိုးစုံရှိတယ်၊ မင်း ကြိုက်ရာရွေးပေါ့"

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြကာ သိုင်းလေ့ကျင့်ရာ အဆောင်သို့ သွားကြရန် အချက်ပြလိုက်လေသည်။

သူတို့ ခေါင်မိုးပေါ်မှ ဆင်းလာခဲ့ကြသည်။

ထိုအချိန်တွင် ဝင်ချင်းက ဝမ်စိန်ကြည်၏အနီးသို့ မသိမသာ တိုးကပ်လာပြီး သတိပေး ပြောဆိုလေသည်။


"တောင်ဝှေးမှာ လက်နက်ပုန်းရှိတယ်၊ သတိထား"

ဝမ်စိန်ကြည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူ ဘာမှ ပြန်မပြောနိုင်မီ ဝင်ချင်းက သူ့အား အရေးမစိုက်ဘဲ ခေါင်မိုးပေါ်မှ ဆင်းသွားတော့၏။

ဝင်အမျိုးအနွယ် ညီအစ်ကိုငါးယောက်ကို ပညာပြနိုင်မှ အမ်းရှောင်ဖွေးကို ကယ်တင်နိုင်မည် ဖြစ်သည်။

ရွှေချောင်းများကိုလည်း ပြန်တောင်းရမည်ဖြစ်ရာ စိတ်မပါသော်လည်း ဝမ်စိန်ကြည် သိုင်းလေ့ကျင့်ရာ ခန်းမဆောင်သို့ လိုက်လာခဲ့ရလေတော့သည်။



စာစဉ်(၂) ပြီး၏

မိုးကျော်သူ